FMI

PART OF THE YOMA GROUP

# 35 Years of **Strength,** *Built to Last*

ANNUAL REPORT 2026




# ABOUT THIS REPORT

This year's Annual Report marks a significant milestone as FMI celebrates 35 years of growth, transformation, and impact. Inspired by the image of a single drop of ink spreading outwards, the visual concept symbolises how FMI's businesses, people, and enduring commitment to Myanmar have created a lasting impact over time. What begins as a single drop gradually expands, reflecting FMI's journey from its beginnings to a diversified group of businesses serving communities across Myanmar.

Through the milestones, stories, and achievements featured in these pages, the report looks back on the foundations that have shaped our progress while looking ahead to the opportunities of the future. Together, they tell the story of FMI's continuing commitment to creating positive impact and building a better Myanmar for its people.

# TABLE OF CONTENTS

## 01 Corporate Overview


2 Corporate Profile
3 Our Vision & Mission
4 Our Values
6 Business Portfolio
8 FMI Historical Timeline
10 Geographic Presence


## 02 Our Leadership


12 Non-Executive Chairman's Message
14 CEO Report
18 Board of Directors
23 Key Management


## 03 Performance Review


32 Milestones
34 Built by People FMI at 35
39 Group Financial Snapshot
43 Subsidiaries' Financial Performance
44 Financial Services
48 Healthcare
52 Real Estate
56 Tourism
60 Strategic Investments


## 04 Our Generating Value


63 Corporate Governance Report
64 Section 1 – Board Matters
71 Section 2 – Remuneration Matters
73 Section 3 – Accountability and Audit
74 Section 4 – Shareholder Rights and Engagement
89 Risk Management Summary
100 Our Sustainability Summary
102 Group CSR Initiatives


## 05 Financial Report


105 Report of the Directors
107 Statement of the Directors
108 Independent Auditor's Report to the Members of First Myanmar Investment Public Co., Ltd.
111 Consolidated Statement of Financial Position
113 Consolidated Statement of Comprehensive Income
114 Consolidated Statement of Changes in Equity
116 Consolidated Statement of Cash Flows
118 Notes to Consolidated Financial Statements


## 06 Other Information


171 Annual General Meetings
172 Statistic of Shareholdings
173 Corporate Information

# CORPORATE **PROFILE**

First Myanmar Investment Public Company Limited ("FMI", the "Company" and collectively with its subsidiaries, the "Group") is a prominent public company in Myanmar, boasting a strong presence with over 8,000 shareholders. In a significant milestone, FMI achieved the distinction of being the first company to be listed on the Yangon Stock Exchange ("YSX") in March 2016.

FMI's success can be attributed to its strategic diversification, professional management, and unwavering commitment to corporate governance and transparency. The Board of Directors at FMI actively promotes good corporate governance practices and includes a robust independent element to safeguard the interests of its stakeholders.

FMI is affiliated with Serge Pun & Associates (Myanmar) Limited ("SPA") and Yoma Strategic Holdings Ltd. ("Yoma Strategic") which is listed on the Mainboard of the Singapore Exchange Securities Trading Limited ("SGX-ST"). FMI, SPA, Yoma Strategic, together with their respective subsidiaries, are referred to as the "Yoma Group".

As a leading company in Myanmar, FMI focuses on creating value and driving sustainable growth across a diverse range of sectors. The Company actively seeks investment opportunities that align with its long-term vision and objectives. By leveraging its extensive network, industry expertise, and deep-rooted relationships, FMI aims to contribute to the economic development and prosperity of Myanmar.

FMI's core values revolve around integrity, innovation, and social responsibility. The Company is dedicated to upholding high ethical standards and actively participates in various corporate social responsibility initiatives aimed at uplifting local communities and making a positive impact on society.

With a solid foundation built on sound governance, strategic partnerships, and a commitment to excellence, FMI continues to spearhead Myanmar's economic growth and position itself as a trusted and respected entity within the region.

First Myanmar Investment အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("FMI"၊ "ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") သည် အစုရှယ်ယာရှင်ပေါင်း (၈,၀၀၀) ကျော်ရှိသည့် မြန်မာနိုင်ငံ၏ အကြီးဆုံးအများပိုင်ကုမ္ပဏီများအနက် တစ်ခုဖြစ်ပါသည်။ FMI သည် ၂၀၁၆ ခုနှစ်၊ မတ်လတွင် ရန်ကုန်စတော့အိပ်ချိန်း၌ စာရင်းဝင်သော ပထမဆုံးကုမ္ပဏီဖြစ်လာခဲ့ပါသည်။

FMI ၏ အောင်မြင်မှုများသည် ၎င်း၏ မဟာဗျူဟာမြောက်သော ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်သော စီမံခန့်ခွဲမှု၊ စည်းကမ်းရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ FMI ဒါရိုက်တာအဖွဲ့ဝင်များသည် ကုမ္ပဏီ၏ကောင်းမွန်သော စီမံခန့်ခွဲအုပ်ချုပ်မှုကို မြှင့်တင်ပေးပြီး ကုမ္ပဏီနှင့် သက်ဆိုင်သူအားလုံး၏ အကျိုးစီးပွားကို ရေးရှုကာကွယ်သည့် အခြေခံသဘောတရားဖြင့် လွတ်လပ်စွာဆုံးဖြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုမ္ပဏီသည် Serge Pun & Associates (Myanmar) Limited ("SPA") နှင့် စင်္ကာပူစတော့အိပ်ချိန်း ("SGX-ST") ၏ Mainboard တွင် စာရင်းတင်သွင်းထားသော Yoma Strategic Holdings Ltd. ("Yoma Strategic") တို့နှင့် မိတ်ဖက်ကုမ္ပဏီ ဖြစ်ပါသည်။ FMI ၊ SPA ၊ Yoma Strategic နှင့် ၎င်းတို့လက်အောက်ခံကုမ္ပဏီအားလုံးကို စုပေါင်း၍ "Yoma Group" အဖြစ် ဖွဲ့စည်းဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံတွင် ထိပ်တန်းကုမ္ပဏီတစ်ခုအနေဖြင့် FMI သည် လုပ်ငန်းကဏ္ဍအသီးသီးတွင် တန်ဖိုးများ ဖန်တီးကာ ရေရှည်တွင် တည်တံ့သော တိုးတက်မှုများ ရရှိနိုင်ရေးအပေါ် အာရုံစိုက်လုပ်ဆောင်ပါသည်။ ကုမ္ပဏီသည် ၎င်း၏ ရေရှည်ရည်မှန်းချက်နှင့်ကိုက်ညီသော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အစဉ်ရှာဖွေလျက် ရှိပါသည်။ ကုမ္ပဏီ၏ ကျယ်ပြန့်သော ကွန်ရက်၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ကောင်းမွန်လေးနက်မှုရှိသော ဆက်ဆံရေးများကို အသုံးပြု၍ FMI သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူ ပေးနိုင်ရန် ရည်ရွယ်ထားပါသည်။

FMI ၏ အဓိကတန်ဖိုးများသည် သမာဓိရှိမှု၊ တီထွင်ဆန်းသစ်မှုနှင့် လူမှုရေးတာဝန်သိတတ်မှု အစရှိသည်တို့အပေါ် အဓိက အခြေခံထားပါသည်။ ကုမ္ပဏီသည် မြင့်မားသော ကျင့်ဝတ်စံနှုန်းများကို လိုက်နာရန်၊ ဒေသခံလူထုတို့၏ ဘဝပိုမိုကောင်းမွန် လာစေရေးနှင့် လူ့အဖွဲ့အစည်းအပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရှိစေရန် ရည်ရွယ်၍ ကော်ပိုရိတ် လူမှုရေးတာဝန်ယူမှုဆိုင်ရာ လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ခိုင်မာသော စီမံအုပ်ချုပ်မှု၊ မဟာဗျူဟာမြောက် မိတ်ဖက်မှုများနှင့် ပြီးပြည့်စုံကောင်းမွန်သည့် ဆောင်ရွက်မှုများအပေါ် အခြေခံ တည်ဆောက်ထားသည့် အုတ်မြစ်ဖြင့် FMI သည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ရေးအတွက် ရှေ့မှ ဦးဆောင်လုပ်ကိုင်လျက်ရှိပြီး ဒေသတွင်းနှင့် ပြင်ပရှိအဖွဲ့အစည်းများမှ ယုံကြည်စိတ်ချလေးစားရသော အဖွဲ့အစည်းတစ်ခု အဖြစ် ရပ်တည်လျက်ရှိပါသည်။




### Investor Satisfaction
We create sustainable investment opportunities by leading with integrity and robust business practices.

### Customer Satisfaction
We serve our customers by being their trusted partner to deliver the best products and services for their needs.

### Employee Satisfaction
We invest in our people to build careers around a shared culture of fairness, diversity, empowerment, and recognition.

# OUR VISION & MISSION

## BUILD A BETTER MYANMAR FOR ITS PEOPLE

"The "How" to "Build a Better Myanmar for its People" leads us to confront the biggest challenge faced by the Group and to build a roadmap to move forward and create value in everything we do. How is a better Myanmar defined? In my own words, "better" must be compared in quantitative, qualitative, spiritual and material terms to that of today. Through passion and proficiency, aligned to this deep sense of determination, the Group is committed to build a better Myanmar together with its people and for its people."

**U Tun Tun**
*Chief Executive Officer & Executive Director*



# OUR VALUES



**U Theim Wai @ Mr. Serge Pun**
*Founder*

At the heart of FMI lies the vision and values of its founder, U Theim Wai @ Mr. Serge Pun, a visionary entrepreneur whose unwavering belief in Myanmar and its people has shaped the Group's path for over three decades. From establishing one of the country's first public companies in 1992 to pioneering corporate governance and transparency through the first listing on the Yangon Stock Exchange, U Theim Wai has consistently demonstrated the long-term nation-building.

Guided by the conviction that business must serve a higher purpose, U Theim Wai instilled a culture of integrity, innovation, and social responsibility across all entities under the Company. His enduring philosophy – " To build a better Myanmar for its people" – continues to define FMI's mission, driving the company to deliver not only financial results, but also meaningful contributions to the communities it serves.

Whether in banking, real estate, healthcare, or beyond, the values set by our visionary founder remain embedded in every decision we make. They serve as a moral compass through periods of growth and moments of challenge alike, inspiring our people to strive for excellence, uphold ethical conduct, and remain deeply rooted in the betterment of Myanmar.

U Theim Wai retired from FMI Board on 5 September 2024.

## Core Values



# ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများ



First Myanmar Investment (“FMI”) ၏ အတွင်း စိတ်နှလုံးသားထဲတွင် တည်ထောင်သူ ဦးသိမ်းဝေ (Mr. Serge Pun) ၏ အမြော်အမြင်များနှင့် တန်ဖိုးထားမှုများမှာ ကိန်းအောင်းသက်ဝင်လျက် ရှိနေပါသည်။ အမြော်အမြင်ကြီးမားသော စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးသိမ်းဝေ၏ တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိသော ခိုင်မာသည့် ယုံကြည်မှုက ကုမ္ပဏီ၏ အနှစ်သုံးဆယ်ကျော်ကြာ ခရီးလမ်းကို အောင်မြင်စွာ ပုံဖော်ပေးနိုင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး အများပိုင်ကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ပြီး ရန်ကုန် စတော့အိပ်ချိန်းတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ကုမ္ပဏီအဖြစ် ပထမဆုံး စာရင်းတင်သွင်းနိုင်ခဲ့ခြင်းသည် ဦးသိမ်းဝေ၏ နိုင်ငံအတွက် ရေရှည်တည်တံ့ပြီး တိုးတက်စေနိုင်သည့် လုပ်ဆောင်မှုများဖြင့် အဆက်မပြတ် လုပ်ဆောင်ခဲ့သည်ကို သက်သေပြ နေခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းများသည် ပိုမိုမြင့်မားသော အမြော်အမြင်များနှင့် ရည်မှန်းချက်များ ထားရှိရမည်ဆိုသည့် အယူအဆဖြင့် ဦးသိမ်းဝေသည် ကုမ္ပဏီ၏ လုပ်ငန်းအသီးသီးတွင် သမာဓိရှိမှု၊ တီထွင်ကြံဆမှုနှင့် လူမှုအကျိုးပြုမှု တို့ကို အလေ့အထဖြစ်စေရန် စွမ်းဆောင်ပေးခဲ့ပါသည်။ သူ၏ ခိုင်မာသည့် ခံယူချက်ဖြစ်သော “ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံတော် တည်ဆောက်ရန်” ဆိုသည့် FMI ၏ ရည်မှန်းချက်နှင့်အညီ ကုမ္ပဏီအား ငွေကြေးဆိုင်ရာ ရလဒ်များသာမက ၎င်းတို့ အစဉ်အဆက် ဝန်ဆောင်မှုပေးလျက်ရှိသော လူမှုအသိုင်းအဝိုင်းများအတွက် အမှန်တကယ်အကျိုးရှိမည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် အမြဲတစေ တွန်းအားပေးလျက်ရှိပါသည်။

ဘဏ်လုပ်ငန်းဖြစ်စေ၊ အိမ်ခြံမြေလုပ်ငန်းဖြစ်စေ၊ ကျန်းမာရေးစောင့်ရှောက်မှုဖြစ်စေ အခြားမည်သည့် လုပ်ငန်းနယ်ပယ်တွင်မဆို၊ ကျွန်ုပ်တို့၏ ရည်မှန်းချက်ကြီးသော တည်ထောင်သူ ချမှတ်ပေးခဲ့သည့် အခြေခံတန်ဖိုးထားမှုများသည် ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးတိုးတက်သောကာလများနှင့် စိန်ခေါ်မှုများကြားတွင် လမ်းညွှန်သဖွယ် ရှိနေပြီး၊ ကျွန်ုပ်တို့၏ အဖွဲ့ဝင်များအား အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းရန်၊ ကျင့်ဝတ်သိက္ခာနှင့်ညီသော အပြုအမူများကို ထိန်းသိမ်းရန်နှင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားတိုးတက်ရေးတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေစေရန် စေ့ဆော်ပေးလျက်ရှိပါသည်။

ဦးသိမ်းဝေသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့မှ အနားယူခဲ့ပါသည်။

# BUSINESS PORTFOLIO

FMI maintains a diversified portfolio of core businesses in key sectors of Myanmar's economy. The company primarily focuses on the following sectors:

## FINANCIAL SERVICES

As a leading financial institution, Yoma Bank aims to contribute to the growth and development of the banking sector in Myanmar. Though its financial services offerings, the Bank facilitates access to capital, supports businesses, and promotes financial inclusion in the country.

## HEALTHCARE

FMI recognises the importance of the healthcare sector in Myanmar's overall development. Pun Hlaing Hospitals contribute to the improvement of healthcare services and infrastructure in the country. The Company aims to enhance access to quality healthcare and promote wellness among the population.

## REAL ESTATE

FMI has significant investments and developments in the real estate sector. Yoma Land engages and invests in the development of community, residential and commercial projects to contribute to the development of infrastructure in Myanmar, meeting the growing demand for quality and diverse properties.

## TOURISM

FMI takes a long-term view in the tourism sector, recognising its potential for economic growth and job creation in Myanmar. Memories Group invests in tourism-related projects and initiatives, aiming to attract both domestic and international tourists. FMI's efforts in the tourism sector contribute to the development of hospitality infrastructure, cultural preservation, and the promotion of Myanmar as an attractive tourist destination.

## STRATEGIC INVESTMENTS

In addition to these core businesses, FMI also maintains a portfolio of strategic investments in various sectors. These investments allow FMI to explore additional growth opportunities and diversify its holdings, contributing to the long-term economic development and nation-building efforts of Myanmar.

By focusing on these sectors and maintaining a diverse portfolio, FMI aims to make meaningful contributions to Myanmar's economic growth, job creation, and overall development.

## FINANCIAL SERVICES

### Yoma Bank

66.47% Yoma Bank Limited

## REAL ESTATE

### Yoma Land

*StarCity*

30.00% Thanlyin Estate Development Limited

*City Loft West*

25.00% CLW Development Limited

47.50% FMI Riverside Development Limited

*The Peninsula Yangon*

6.00% Peninsula Yangon Holdings Pte. Limited

*Yoma Central*

12.00% Meeyahta Development Limited

20.00% Meeyahta International Hotel Limited

*Pun Hlaing Links*

30.00% Pun Hlaing Links Services Company Limited

*FMI Garden Development*

47.50% FMI Garden Development Limited

*KRISPLAZA*

50.00% LSC-FMI Company Limited

*New Developments Platform*

30.00% Yoma Urban Development Company Limited

## HEALTHCARE SERVICE

### Yoma-OUE Healthcare

60.00% Pun Hlaing International Hospital Limited

60.00% Yoma OUE Pun Hlaing Hospital Limited

## TOURISM

### Memories Group

16.66% Memories (2022) Pte. Limited

## STRATEGIC INVESTMENTS

### FMIDecaux

40.00% FMIDECAUX Company Limited

*The completed list of subsidiaries and associated companies is available on the Company's website: https://fmi.com.mm/*

35 YEARS
# FMI HISTORICAL TIMELINE

## 1992
- Established First Myanmar Investment Company Limited (FMI)




## THE BEGINNING 1992-2000

## 1993
- Established Yoma Bank
- Invested in FMI Centre, Yangon

## 1995
- Established FMI Garden Development Limited to develop FMI City
- Completed FMI Centre and established FMI Head Office at the new facility

## 1998
- Invested in Myanmar Nissan Company

## 1999
- Invested in Myanmar Suzuki Motor Company

## 2000
- Established SPA Motors



## › 2001-2010

## 2003
- Invested in Mandalay Cement Industries Company



## 2005
- Opened Pun Hlaing Hospital, Hlaing Tharyar

## 2010
- Established StarCity






### 2012
- Established FMI Air

### 2013
- Joined consortium to develop Thilawa SEZ
- Launched the opening edition of the Yoma Yangon International Marathon

### 2014-2015
- Completed a strategic restructuring focused on financial services, real estate & healthcare

### 2016
- Listed on Yangon Stock Exchange
- Commenced Yoma Central Project
- Invested in Digital Money Myanmar Limited (Wave Money)

### 2017
- Partnered with JCDecaux to establish FMIDecaux
- Completed The Campus and relocated FMI Head Office

First Myanmar Investment Public Company Limited celebrates its 35-year journey this year, highlighting key milestones from the establishment of Yoma Bank, pioneering developments in real estate and healthcare, to strategic investments and partnerships across key sectors. The timeline reflects FMI's evolution into a diversified group and its continued commitment to shaping Myanmar's future generations in line with its mission to Build a Better Myanmar for its People.

## › 2011-2020

### 2018
- Memories Group listed on SGX Catalist

### 2019
- Formed US$82.5 million partnership with Ayala Group
- Launched City Loft @ StarCity
- Partnered with OUEH (Singapore) in Pun Hlaing Hospitals

### 2020
- Increased stake in Yoma Bank & welcomed IFC, GIC & Norfund as strategic investors




## › 2021-2026

### 2021
- Recolated Yoma Bank Head Office to StarCity Campus
- Launched bancassurance partnership with Prudential Myanmar

### 2022
- Launch Padauk Garden
- Launched City Villas @ StarCity

### 2023
- Launched City Loft West
- Launched Estella @ StarCity

### 2024
- Pun Hlaing Hospitals achieved JCI Accreditation for the third time

### 2025
- Launched ARA @ StarCity



# GEOGRAPHIC
# PRESENCE

MMK

705.4 Bn

FY 2026
REVENUE

35+

YEARS OF OPERATION

45

TOTAL NUMBERS OF CITIES



● Yoma Bank
*85 Branches*

● Pun Hlaing Hospitals
*3 Hospitals*
*2 Medical Towers*
*5 Primary Clinics*
*1 Histopathology Lab*

● Yoma Land
*StarCity Estate*
*City Loft West*
*Yoma Central*
*Padauk Garden*

● Memories Group
*3 Hotels & Lodgings*
*3 Travel Experiences*

# OUR LEADERSHIP

02

## EMPOWERED BY PEOPLE

At the heart of FMI's success lies its most valuable asset: its people. The Company has invested in talent development, fostering a culture of continuous learning and empowerment. With a diverse and inclusive workforce, FMI has harnessed the collective power of its employees to drive innovation, foster collaboration, and deliver exceptional experiences to its customers.

# NON-EXECUTIVE CHAIRMAN'S MESSAGE



U Tin Htut Oo
*Chairman (Non-Executive)*

**As FMI continues building on 35 years of resilience, progress, and long-term commitment to Myanmar, we remain guided by the same values and purpose that have shaped the Group since its establishment.**

## Dear Shareholders,

It is my honour to address you for the first time through FMI's Annual Report as Non-Executive Chairman of FMI at an important point in the Group's ongoing journey. As FMI continues building on 35 years of resilience, progress, and long-term commitment to Myanmar, we remain guided by the same values and purpose that have shaped the Group since its establishment.

I would also like to express our sincere appreciation to our Founder, U Theim Wai @ Mr. Serge Pun, whose vision and unwavering commitment laid the foundation for FMI's enduring values and long-term direction. His belief in building businesses that contribute meaningfully to Myanmar's development continues to guide the Group today.

On behalf of the Board, I would like to thank our shareholders for your continued trust and confidence, as well as our management team and employees for their dedication and hard work throughout the year.

Looking ahead, we remain committed to strengthening governance, supporting sustainable business growth, and building resilient businesses that create long-term value for all stakeholders. While challenges will continue to shape the environment around us, we are confident that FMI will continue moving forward with discipline, resilience, and purpose.

Thank you for your continued support as we move into the next chapter of FMI's journey together.



Tin Htut Oo
*Chairman (Non-Executive)*

# အလုပ်အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌ၏ အစီရင်ခံစာ

> **FMI သည် မြန်မာနိုင်ငံအပေါ် ထားရှိသည့် ကတိကဝတ်နှင့်အညီ စိန်ခေါ်မှုများကြားမှ တိုးတက်မှုများနှင့်အတူ ခိုင်မာစွာ ရပ်တည်လာခဲ့သည်မှာ (၃၅) နှစ်တိုင် ရှိခဲ့ပြီဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုအနေဖြင့် စတင်တည်ထောင်ချိန်မှစ၍ လက်စွဲကျင့်သုံးခဲ့သည့် အမြုတေ တန်ဖိုးများနှင့် ရည်မှန်းချက်များကို ဆက်လက်၍ လိုက်နာကျင့်သုံးသွားမှာ ဖြစ်ပါသည်။**

## အစုရှယ်ယာရှင်များခင်ဗျား -

First Myanmar Investment Public Company Limited (FMI) ၏ သက်တမ်းတစ်လျှောက် ယခုနှစ်ကဲ့သို့ ထူးခြားသည့်နှစ်၏ နှစ်ပတ်လည် အစီရင်ခံစာတွင် အလုပ်အမှုဆောင်မဟုတ်သောဥက္ကဋ္ဌ အဖြစ် ပထမဆုံးအကြိမ် အစီရင်ခံ တင်ပြခွင့်ရသည့်အတွက် ကျွန်တော်အနေဖြင့် ဂုဏ်ယူမိပါသည်။ FMI သည် မြန်မာနိုင်ငံအပေါ် ထားရှိသည့် ကတိကဝတ်နှင့် အညီ စိန်ခေါ်မှုများကြားမှ တိုးတက်မှုများနှင့်အတူ ခိုင်မာစွာ ရပ်တည်လာခဲ့သည်မှာ ၃၅ နှစ်တိုင် ရှိခဲ့ပြီဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုအနေဖြင့် စတင်တည်ထောင်ချိန်မှစ၍ လက်စွဲကျင့်သုံးခဲ့သည့် အမြုတေတန်ဖိုးများနှင့် ရည်မှန်းချက်များကို ဆက်လက်၍ လိုက်နာကျင့်သုံးသွားမှာ ဖြစ်ပါသည်။

ထို့အပြင် ကုမ္ပဏီအုပ်စု၏ ရေရှည်အနာဂတ်တွင် ဆက်လက် လျှောက်လှမ်းရမည့် ခရီးလမ်းအတွက် အခြေခံအုတ်မြစ်နှင့် လမ်းညွှန်ချက်များကို အမြော်အမြင်ရှိစွာ ချမှတ်ပေးခဲ့သည့် FMI ၏ တည်ထောင်သူ ဦးသိမ်းဝေ (ခေါ်) Mr. Serge Pun ကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်သော စီးပွားရေးလုပ်ငန်းများအပေါ် ထားရှိသည့်သူ၏ ယုံကြည်မှုသည် ကုမ္ပဏီအုပ်စုအတွက် လမ်းညွှန်မီးပြတိုက်အဖြစ် ဆက်လက်တည်ရှိနေမှာ ဖြစ်ပါသည်။

ကျွန်တော်တို့အပေါ် ထားရှိသည့် အစုရှယ်ယာရှင်များ၏ ယုံကြည်အားထားမှုအတွက် ဒါရိုက်တာဘုတ်အဖွဲ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ထို့အပြင် ယခုနှစ်အတွင်း စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အနာဂတ်တွင် FMI သည် စီမံအုပ်ချုပ်မှုစနစ်ကို ပိုမိုကောင်းမွန်ခိုင်မာလာစေရန်၊ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုကို ပံ့ပိုးရန်နှင့် ပါဝင်ပတ်သက်သူ အားလုံးအတွက် ရေရှည်တွင် အကျိုးရှိစေမည့် လုပ်ငန်းများကို တည်ဆောက်သွားနိုင်ရန် ကတိကဝတ် ပြုလိုက်ပါသည်။ ကျွန်တော်တို့၏ လုပ်ငန်းပတ်ဝန်းကျင်တွင် စိန်ခေါ်မှု၊ အခက်အခဲများ၏ သက်ရောက်မှုများ ဆက်လက် ရှိနေဦးမည်ဖြစ်သော်လည်း နည်းစနစ်မှန်စွာ စီမံဆောင်ရွက်မှု၊ ခံနိုင်ရည်ရှိမှု၊ ရည်ရွယ်ချက်ပြတ်သားမှုတို့ဖြင့် ရှေ့သို့ဆက်လက်ချီတက်နိုင်မည်ကို ကျွန်တော်တို့အနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

အနာဂတ် ခရီးလမ်းအသစ်တွင် FMI အနေဖြင့် ယုံကြည်မှုရှိစွာ ဆက်လက်လျှောက်လှမ်းနိုင်အောင် အဖက်ဖက်မှ ကူညီပံ့ပိုးပေးကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**တင်ထွဋ်ဦး**
အလုပ်အမှုဆောင်မဟုတ်သောဥက္ကဋ္ဌ

# CEO REPORT



**U Tun Tun**
*Chief Executive Officer & Executive Director*

> **This milestone is not only a celebration of how far we have come, but also a reminder of the responsibility we carry as we continue building for the future.**

## Dear Shareholders,

As FMI marks its 35th anniversary this year, we reflect on a journey shaped by resilience, progress, and purpose. From our beginnings as one of Myanmar's earliest public companies to becoming a diversified group with businesses across financial services, healthcare, real estate, and tourism, our mission has remained constant — to build a better Myanmar for its people.

Over the past three and a half decades, FMI has continued to evolve alongside Myanmar, navigating changing economic landscapes while remaining focused on creating long-term value for our stakeholders and communities. This milestone is not only a celebration of how far we have come, but also a reminder of the responsibility we carry as we continue building for the future.

During the year, our businesses continued to demonstrate resilience and adaptability amid a dynamic operating environment.

At Yoma Bank, we continued to strengthen our position as a trusted financial institution while advancing financial inclusion, customer accessibility, and sustainable banking practices. Following the 7.7 magnitude earthquake, the Bank swiftly implemented different relief and recovery initiatives to support affected communities while ensuring continuity of essential banking services.

Yoma Bank also strengthened its long-standing bancassurance partnership with Prudential Myanmar through the renewal of its exclusive 10-year agreement, enabling the continued delivery of comprehensive life insurance solutions to customers. The Bank also maintained a strong focus on SME financing, with performance more than doubling its target and supporting broader financial inclusion across Myanmar.

The acquisition of an Agent Banking licence marked another important milestone, positioning Yoma Bank among the first banks in Myanmar to adopt this model. Pilot Agent Banking locations were established to extend essential banking services beyond traditional branches. Along with the operational model settled with Agent Banking partners, the ecosystem will improve customers accessibility to banking system geographically.

Yoma Bank also introduced an international remittance service in partnership with 2C2P and Wave Money to support Myanmar migrant workers sending money back through secure and convenient remittance channels. In addition, the launch of the MPU Credit Card represented another important step in diversifying the Bank's lending and payment offerings while supporting the wider adoption of secure digital payment solutions.

In healthcare, Pun Hlaing Hospitals continued to strengthen its position as a leading private healthcare provider in Myanmar while advancing its long-term vision of building a Smart Health Community. During the year, the hospital network successfully completed 61 renal transplant pairs, reinforcing its role as a leading private-sector transplant centre in the country.

Pun Hlaing Hospitals also strengthened its paediatric cardiac surgery services through the development of capable local multidisciplinary teams and expanded international collaboration through its partnership with IJN Malaysia Hospital, improving access to specialised paediatric cardiac care for Myanmar patients.

In recognition of its continued commitment to quality, innovation, and patient-centred care, Pun Hlaing Hospitals was honoured with the "Hospital Group of the Year 2026" award by Hospital Management Asia.

Across the healthcare network, digital transformation continued through enhancements to the HEAL by Pun Hlaing platform, AI-powered imaging solutions, and a more integrated hub-and-spoke healthcare model. Through its growing network of hospitals, clinics, laboratories, and outreach programmes, Pun Hlaing Hospitals remains committed to expanding access to quality and affordable healthcare across Myanmar.

In real estate, Yoma Land continued to demonstrate resilience and long-term confidence in Myanmar's urban future. At StarCity, the successful completion and handover of all 690 units of Estella, together with the strong sales and handover progress of the ARA project, reflect sustained demand for thoughtfully designed and community-oriented developments. Yoma Land also continued expanding the ecosystem within StarCity through enhanced retail, commercial, healthcare, and educational offerings, including the development of a new Marketplace supermarket.

Meanwhile, City Loft West continued to gain momentum with the launch of Tower D in February 2026, which received encouraging market response and maintained steady sales performance. The topping-out ceremony for the first tower of City Loft West was successfully completed in June 2026, marking the completion of its structural works. Construction of the remaining buildings is progressing as scheduled, and topping-out ceremonies for these buildings will be held in due course upon completion.

In tourism, Memories Group continued to navigate a challenging operating environment with resilience and agility. Despite ongoing market uncertainties and low international travel demand, the Group maintained its premium positioning across hospitality and travel experiences through disciplined operational management and targeted market strategies. Awei Pila continued advancing its sustainability efforts through fully operationalised solar energy initiatives, while Awei Metta and Balloons Over Bagan remained focused on operational efficiency, service quality, and protecting long-term brand value.

Despite ongoing macroeconomic uncertainties, the Group continued to manage its businesses with resilience and discipline. In FY2026, FMI achieved revenue of MMK 705.4 billion, representing a 27.2% increase from MMK 554.7 billion in FY2025. The growth was largely driven by Yoma Bank, which contributed 82% of total revenue, while Pun Hlaing Hospitals continued to deliver steady growth through the expansion of its healthcare services. The Group's gross profit increased by 33.2% year-on-year, and net profit rose significantly from MMK 10.9 billion to MMK 56.7 billion. These results demonstrate the resilience of our businesses, the commitment of our people, and our continued focus on sustainable long-term growth.

As we celebrate FMI's 35-year journey, I would like to express my sincere appreciation to our employees, shareholders, partners, and customers for their continued trust and support. The progress we have achieved over the years would not have been possible without your confidence and commitment.

Looking ahead, we remain focused on strengthening Myanmar's financial infrastructure, expanding access to quality healthcare, building sustainable communities, and driving innovation that supports inclusive growth. Despite ongoing challenges, FMI remains committed to moving forward with resilience and purpose.

Thank you for being part of our journey.



**Tun Tun**
*Chief Executive Officer &*
*Executive Director*

# CEO ၏ အစီရင်ခံစာ

## အစုရှယ်ယာရှင်များခင်ဗျား -

FMI ကုမ္ပဏီ ရပ်တည်ခဲ့သည်မှာ ၃၅ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်တို့အနေဖြင့် ဒီ ၃၅ နှစ်တာ ကာလတစ်လျှောက် ခံနိုင်ရည်ရှိမှု၊ တိုးတက်မှုနှင့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ဖြတ်သန်းနိုင်ခဲ့ပုံကို ပြန်လည်သုံးသပ်မိပါသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော အများပိုင်ကုမ္ပဏီများအနက် တစ်ခုအဖြစ် စတင်ခဲ့ရာမှ ယနေ့အချိန်တွင် ဘဏ္ဍာရေးဝန်ဆောင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် လုပ်ငန်းများကို လုပ်ကိုင်လျက် “ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံတော် တည်ဆောက်ရန်” ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

လွန်ခဲ့သည့် ၃၅ နှစ်ကျော်ကာလအတွင်း FMI သည် အစဉ်ပြောင်းလဲလျက်ရှိသည့် စီးပွားရေးပတ်ဝန်းကျင်နှင့်အညီ အစုရှယ်ယာရှင်များ၊ ပါဝင်ပတ်သက်သူများနှင့် လူမှုအသိုက်အဝန်းများအတွက် ရေရှည်တွင် အကျိုးရှိစေရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်ရင်း ရရှိလာသောအောင်မြင်မှုမှတ်တိုင်များကိုကြည့်ပြီး ကျွန်တော်တို့လျှောက်လှမ်းခဲ့သည့် ခရီးလမ်းကို ဂုဏ်ပြုခြင်းသာမက အနာဂတ်အတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကိုပါ မီးမောင်းထိုးပြနေပါသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း ကျွန်တော်တို့၏ လုပ်ငန်းများကို စိန်ခေါ်မှုများနှင့် ပြောင်းလဲနေသောလုပ်ငန်းပတ်ဝန်းကျင်အတွင်း ခံနိုင်ရည်ရှိမှုအပြည့်ဖြင့် လိုက်လျောညီထွေစွာ လုပ်ကိုင်နိုင်ခဲ့ပါသည်။

ရိုးမဘဏ်သည် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီစေရန်၊ ရေရှည်တည်တံ့သော ဘဏ်လုပ်ငန်းအလေ့အထများကို ဖော်ဆောင်နိုင်ရန်နှင့် ယုံကြည်စိတ်ချရသော ဘဏ္ဍာရေး အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်အတွက် အာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။ ရစ်ချ်တာစကေး ၇.၇ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ငလျင်ဒဏ်သင့်ဒေသများတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ချက်ချင်း အကောင်အထည်ဖော်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှုများကိုလည်း အနှောင့်အယှက်မရှိ ဆက်လက်ပေးအပ်နိုင်ခဲ့ပါသည်။

ရိုးမဘဏ်သည် Prudential Myanmar နှင့် လက်ရှိ bancassurance မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုကို နောက်ထပ် ၁၀ နှစ်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သည့်အတွက် ကာစတန်မာများကို အသက်အာမခံဆိုင်ရာ ဝန်ဆောင်မှုများဖြင့် ဆက်လက်ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ထို့အပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အတွက် ငွေကြေးပံ့ပိုးရာတွင် မျှော်မှန်းထားသည့် ပမာဏထက် နှစ်ဆကျော်အထိ ရောက်ရှိခဲ့သည့်အတွက် နိုင်ငံတစ်ဝန်း ဘဏ္ဍာရေးဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီစေရေးကို အထောက်အကူပြုခဲ့ပါသည်။

ထို့အပြင်မြန်မာနိုင်ငံတွင် Agent Banking လိုင်စင်ကို ပထမဆုံး ရယူနိုင်သည့် ဘဏ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှုများကို သမားရိုးကျဘဏ်ခွဲများ၌သာမက ရှေ့ပြေး ဖွင့်လှစ်ထားသည့် Agent Banking တွင်ပါ ရရှိနိုင်မှာ ဖြစ်ပါသည်။ Agent Banking မိတ်ဖက်များနှင့်အတူ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းလည်ပတ်မှုပုံစံကြောင့် ကာစတန်မာများအနေဖြင့် ဘဏ်ဝန်ဆောင်မှုများကို နေရာဒေသမရွေး လက်လှမ်းမီလာစေမှာ ဖြစ်ပါသည်။

Yoma Bank သည် 2C2P နှင့် Wave Money တို့နှင့် ပူးပေါင်း၍ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လုံခြုံစိတ်ချပြီး အသုံးပြုရလွယ်ကူသော နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုကို မိတ်ဆက်နိုင်ခဲ့ပါသည်။ ထို့အပြင် MPU Credit Card ကို စတင်မိတ်ဆက်ခဲ့ခြင်းဖြင့်လည်း ဘဏ်၏ ချေးငွေနှင့် ငွေပေးချေမှုဆိုင်ရာ ဝန်ဆောင်မှုများကို ချဲ့ထွင်နိုင်ခဲ့ပြီး ဒီဂျစ်တယ်ငွေပေးချေမှုစနစ်ကိုလည်း လူသုံးများလာအောင် မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတွင်လည်း ပန်းလှိုင်ဆေးရုံသည် ၎င်းတို့၏ ရည်မှန်းချက်အတိုင်း Smart Health Community တစ်ခု တည်ဆောက်ရေးကို တိုးမြှင့်လုပ်ဆောင်ရင်း မြန်မာနိုင်ငံ၏ ထိပ်တန်းပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုပေးသူတစ်ဦးအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ပါသည်။ ယခုနှစ်အတွင်း ကျောက်ကပ်အစားထိုးခွဲစိတ်မှု ၆၁ ခုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး နိုင်ငံအတွင်း အစားထိုးခွဲစိတ်ကုသမှု ပုဂ္ဂလိကနယ်ပယ်တွင် ဦးဆောင်သူအဖြစ် ၎င်း၏အခန်းကဏ္ဍကို ပိုမိုခိုင်မာစေခဲ့ပါသည်။

ထို့အပြင် ပန်းလှိုင်ဆေးရုံသည် ကလေးနှလုံးခွဲစိတ်ကုသမှုများကိုလည်း လူနာများ ပိုမိုလက်လှမ်းမီနိုင်စေရန် IJN Malaysia Hospital နှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်တွင်းရှိ ဘက်စုံပညာရှင်များနှင့်အတူ ချဲ့ထွင်လုပ်ဆောင်ခဲ့ပါသည်။

အရည်အသွေး၊ ဆန်းသစ်တီထွင်မှုနှင့် လူနာဗဟိုပြု စောင့်ရှောက်မှုများအပေါ် အားစိုက်လုပ် ဆောင်ချက်များကြောင့် ပန်းလှိုင်ဆေးရုံသည် Hospital Management Asia မှ ပေးအပ်ချီးမြှင့်သည့် “Hospital Group of the Year 2026” ဆုကို ရရှိခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု ကွန်ရက် အတွင်း HEAL by Pun Hlaing ၏ဖွံ့ဖြိုးတိုးတက်မှု၊ AI အခြေပြု ရုပ်ပုံဖော်ထုတ်မှုနည်းပညာများနှင့် ပိုမိုကောင်းမွန်အောင်ပြုလုပ်ထားသော Hub-and-Spoke ကျန်းမာရေးစောင့်ရှောက်မှုစနစ် တို့မှတစ်ဆင့် ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးကို ဆက်လက် အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ဆေးရုံများ၊ ဆေးခန်းများ၊ ခွဲစိတ်ခန်းများနှင့် အခြားအစီအစဉ် များမှတစ်ဆင့် ပန်းလှိုင်ဆေးရုံသည် မြန်မာနိုင်ငံတစ်ဝန်း အရည်အသွေးမြင့်ပြီး ဈေးနှုန်းသင့်တင့်သော ကျန်းမာရေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီစေရန် ဆက်လက် ကြိုးပမ်းလျက်ရှိပါသည်။

အိမ်ရာဖော်ထုတ် တည်ဆောက်ရေးကဏ္ဍတွင်လည်း Yoma Land သည် မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအပေါ် ထားရှိသည့် ၎င်းတို့၏ ယုံကြည်မှုနှင့် ခံနိုင်ရည်စွမ်းကို ဆက်လက်ပြသခဲ့ပါသည်။ Estella စီမံကိန်းရှိ အခန်းပေါင်း ၆၉၀ လုံးကို အောင်မြင်စွာ အပြီးသတ် လွှဲပြောင်း ပေးအပ်နိုင်ခဲ့သည့် အပြင် ARA စီမံကိန်း၏ ရောင်းအားနှင့် လွှဲပြောင်းပေးအပ်မှု အခြေအနေကိုကြည့်၍ ဈေးကွက်တွင်း အရည်အသွေးမြင့် စီမံကိန်းများ လိုအပ်နေမှုကို သိရှိနိုင်ပါသည်။ Yoma Land သည် StarCity အိမ်ရာဝင်း၏ ဂေဟာစနစ်ကို မြှင့်တင်နိုင်ရန် စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆက်လက်တိုးချဲ့ခဲ့ပြီး marketplace စူပါမားကတ် အသစ်ကိုလည်း ဖွင့်လှစ်သွားပါမည်။

City Loft West စီမံကိန်း၏ တာဝါ D ကိုလည်း ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ရောင်းချခဲ့ပြီး ရလဒ်ကောင်းများကို ရရှိခဲ့ပါသည်။ ထို့အပြင် City Loft West ရှိ ပထမဆုံး တာဝါ၏ အရေးကြီးဆုံး တည်ဆောက်မှုအပိုင်းအဖြစ် အမိုးထိ လုပ်ငန်းပြီးမြောက်သည့် အထိမ်းအမှတ်အနေဖြင့် Topping-Out Ceremony ကို ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ကျန်အဆောက်အအုံများကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးဆုံးအောင် ဆက်လက် ဆောက်လုပ်လျက်ရှိပြီး တည်ဆောက်မှုအပိုင်း ပြီးဆုံးချိန်တွင် အလားတူ Topping-Out Ceremony ပွဲများကို ပြုလုပ်သွားမှာဖြစ်ပါသည်။

> **FMI ၏ အောင်မြင်မှုမှတ်တိုင်များကိုကြည့်လျှင် ကျွန်တော်တို့ လျှောက်လှမ်းခဲ့သည့် ခရီးလမ်းကို ဂုဏ်ပြုနေခြင်း ဖြစ်သည်သာမက အနာဂတ်အတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကိုပါ မီးမောင်းထိုးပြနေပါသည်။**

ခရီးသွားလုပ်ငန်းကဏ္ဍတွင် Memories Group သည် စိန်ခေါ်မှုများပြည့်နှက်နေသော လုပ်ငန်းပတ်ဝန်းကျင်ကို ခံနိုင်ရည်အပြည့်ဖြင့် လိုက်လျောညီထွေစွာ ဆက်လက် ရပ်တည်နိုင်ခဲ့ပါသည်။ စျေးကွက်အတွင်း မသေချာမှုများနှင့် နိုင်ငံတကာခရီးသွားလာမှု နည်းပါးနေသေးသော်လည်း Memories Group သည် ထိရောက်သော လုပ်ငန်းစီမံခန့်ခွဲမှုနှင့် စျေးကွက်ဗျူဟာများမှတစ်ဆင့် ၎င်းတို့၏ အရည်အသွေးမြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ Awei Pila သည် ပြန်လည်ဖြည့်တင်းသုံးစွဲနိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်လည်ပတ်နိုင်ခဲ့ပြီး Awei Metta ဟိုတယ် နှင့် Balloons Over Bagan တို့သည်လည်း ထိရောက်မှုရှိသော လုပ်ငန်းလည်ပတ်မှု၊ ဝန်ဆောင်မှုအရည်အသွေးနှင့် ရေရှည်တန်ဖိုးများကို ထိန်းသိမ်းရေးအပေါ် အာရုံစိုက်ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တွင် စိန်ခေါ်မှုများရှိနေသေးသော်လည်း ကုမ္ပဏီအုပ်စုသည် ခံနိုင်ရည်အပြည့်ဖြင့် လုပ်ငန်းများကို စည်းစနစ်တကျ စီမံခန့်ခွဲလျက် ရှိပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေသည် ကျပ် ၇၀၅.၄ ဘီလီယံရရှိခဲ့သဖြင့် ပြီးခဲ့သော ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော စုစုပေါင်းဝင်ငွေကျပ် ၅၅၄.၇ ဘီလီယံနှင့် နှိုင်းယှဥ်လျှင် ၂၇.၂% မြင့်တက်ခဲ့ပါသည်။ ထိုသို့ မြင့်တက်လာခြင်းအနက်မှ ၈၂% သည် ရိုးမဘဏ်မှ ရရှိခဲ့ပြီး ပန်းလှိုင်ဆေးရုံမှလည်း ကျန်းမာရေးဝန်ဆောင်မှုများကို အစဥ်တိုးချဲ့ခြင်းဖြင့် ကုမ္ပဏီအုပ်စု၏ ဝင်ငွေကို မြင့်တက်စေခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ အကြမ်းအမြတ်သည် ၃၃.၂% တိုးတက်လာခဲ့ပြီး၊ အသားတင်အမြတ်သည် ယခင်ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀.၉ ဘီလီယံ ရရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၅၆.၇ ဘီလီယံ ရရှိခဲ့ပါသည်။ အဆိုပါ ရလဒ်များကိုကြည့်ပြီး ကျွန်တော်တို့လုပ်ငန်းများ၏ ခံနိုင်ရည်ရှိမှု၊ ဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှုနှင့် ရေရှည်တိုးတက်မှုအပေါ် အာရုံစိုက်လုပ်ဆောင်မှုတို့ကို သိနိုင်ပါသည်။

FMI ၏ ၃၅ နှစ်မြောက် ခရီးလမ်းကို ဂုဏ်ပြုရင်း ထိုကာလတစ်လျှောက် ရရှိခဲ့သော အောင်မြင်မှုရလဒ်များသည် ဝန်ထမ်းများ၊ အစုရှယ်ယာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကာစတန်မာများမှ ကျွန်တော်တို့အပေါ် အစဉ်တစိုက် ကူညီပံ့ပိုး ယုံကြည်ပေးခဲ့ခြင်းကြောင့် ဖြစ်သည့်အတွက် အားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

လာမည့် အနာဂတ်တွင် ကုမ္ပဏီအုပ်စုသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍကို ပိုမိုခိုင်မာစေရန်၊ အရည်အသွေးမြင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီလာစေရန်၊ ရေရှည်တည်တံ့သော လူ့အသိုက်အဝန်းများကို တည်ဆောက်ရန်နှင့် လူတိုင်းအတွက် အကျိုးရှိစေမည့် တိုးတက်မှုများကို အထောက်အကူပြုသည့် ဆန်းသစ်တီထွင်မှုများကို အကောင်အထည်ဖော်ဆောင်သွားနိုင်ရန် အာရုံစိုက်လုပ်ဆောင်သွားမှာ ဖြစ်ပါသည်။ ရှေ့လျှောက် စိန်ခေါ်မှုများ ဆက်ရှိနိုင်သော်လည်း FMI အနေဖြင့် ရည်ရွယ်ချက်ကောင်းများနှင့်အတူ ခံနိုင်ရည်ရှိစွာ ကျော်ဖြတ်သွားမှာဖြစ်ကြောင်း ကတိကဝတ် ပြုလိုက်ပါသည်။

ကျွန်တော်တို့နှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြသည့် ပါဝင်ပတ်သက်သူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။



**ထွန်းထွန်း**
အမှုဆောင်အရာရှိချုပ်

# BOARD OF DIRECTORS



## U Tin Htut Oo

*Chairman (Non-Executive)*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 13 October 2025

U Tin Htut Oo is currently serving as a Non-Executive Chairman of the Company. He served as the Head of the Agriculture Division at Yoma Strategic Holdings Ltd., an affiliate of the Group, from 2010 to 2021. U Tin Htut Oo is a retired Director General of the Department of Agricultural Planning, Ministry of Agriculture and Irrigation. He has served as a national and international consultant with the United Nations and other international organisations. U Tin Htut Oo served as the Chairman of the National Economic and Advisory Council from 2012 to 2016 and was an Economic Advisor to President. He also served as Union Minister for Agriculture, Livestock and Irrigation from 2021 to 2022.



## U Than Aung

*Vice Chairman (Non-Executive)*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 31 July 1992
**Last Re-election:** 9 November 2024

U Than Aung is a Non-Executive Vice Chairman of FMI and is a member of the Audit & Risk Management Committee, the Nominating Committee and the Remuneration Committee. U Than Aung joined FMI in 1992. He is currently the Managing Director of Yar Pye Company Limited and other family-owned companies. He is also the Vice Chairman of the Pathein Association.



## U Tun Tun

*Chief Executive Officer & Executive Director*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 17 November 2009
**Last Re-election:** 22 November 2025

U Tun Tun has been with the SPA and FMI group of companies since 1998. He has been an Executive Director of FMI since 2009, and currently serves as the Chief Executive Officer. He is also a Non-Executive Director of the Memories (2022) Pte. Limited in Singapore and oversees many of the Group's subsidiaries and joint ventures. He has held various positions at both the operational and corporate levels in both SPA and FMI as well as the wider Yoma Group over the years. U Tun Tun holds a Master of Business Administration degree from the National University of Singapore.



**Professor Dr. Aung Tun Thet**
*Independent Non-Executive Director*



**U Kyi Aye**
*Non-Executive Director*



**Dr. Zaw Win Sandy**
*Executive Director*

## Professor Dr. Aung Tun Thet

**Present Directorships in listed companies:**
- First Myanmar Investment Public Company Limited
- Myanmar Thilawa SEZ Holdings Public Company Limited

**Appointed on:** 3 December 2013
**Last Re-election:** 22 November 2025

Professor Dr. Aung Tun Thet has been an Independent Non-Executive Director of FMI since 2013 and is the Chairman of Audit & Risk Management Committee and a member of the Nominating Committee. He is an Advisor to the UMFCCI. Professor Dr. Aung Tun Thet is a Professor Emeritus at Yangon University of Economics, Honorary Professor at the University of British Columbia, Vancouver, Canada and Research Professor at Kyung Hee University, Institute of Global Trade and Finance, Seoul, Korea. He graduated with B.Com. (Yangon), Post- Graduate Diploma in Management Studies (Brighton, UK), M.Sc. (Warwick, UK), Ph.D. (Manchester, UK) and is a Post-Doctoral Fellow (Marburg, Germany). He was awarded the Doctor of Letters (Honoris Causa) from Yangon University of Economics.

## U Kyi Aye

**Present Directorships in listed companies:**
- First Myanmar Investment Public Company Limited

**Appointed on:** 5 November 2015
**Last Re-election:** 9 November 2024

U Kyi Aye has been a Non-Executive Director of FMI since 2015. He is the Chairman of the Nominating Committee and a member of the Audit & Risk Management Committee and the Remuneration Committee. He joined Yoma Bank in 2000 and is now a director of Yoma Bank. He was also a non-executive director of Yoma Strategic from 2006 to 2015. He began his banking career in 1960 and joined the Central Bank of Myanmar ("CBM") in 1965. U Kyi Aye is a retired Governor of the CBM, having held the position from 1992 to 1998. He holds B.Com and B.L degrees from Yangon University and a Diploma in World Banking and Finance from the Economics Institute in Boulder, Colorado, USA. He is a Certified Public Accountant.

## Dr. Zaw Win Sandy

**Present Directorships in listed companies:**
- First Myanmar Investment Public Company Limited

**Appointed on:** 27 June 2025

Dr. Zaw Win Sandy joined Pun Hlaing Hospitals in 2011 and has been instrumental in the Group's growth and transformation. She played a key role in the establishment of the Pun Hlaing Siloam joint venture and led the launch of "HEAL by Pun Hlaing" in 2020. She currently serves as Chief Executive Officer of Pun Hlaing Hospitals and Executive Director of FMI, overseeing the strategic direction and operational performance of the Group's healthcare businesses.

Dr. Zaw Win Sandy holds a Bachelor of Medicine and Bachelor of Surgery (MBBS) from the University of Medicine (1), Yangon, and a Master of Business Administration (MBA) from James Cook University, Australia. She is also an alumna of Harvard Medical School and a Fellow of the Australian College of Health Service Management.

# ဒါရိုက်တာအဖွဲ့ဝင်များ

## U Tin Htut Oo

*Chairman (Non-Executive)*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 13 October 2025

ဦးတင်ထွဋ်ဦးသည် FMI ၏ အလုပ်အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌ ဖြစ်ပါသည်။ ဦးတင်ထွဋ်ဦးသည် Group နှင့် ဆက်နွယ်နေသည့် Yoma Strategic Holdings Ltd. ၏ စိုက်ပျိုးရေးဌာနအကြီးအကဲအဖြစ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးတင်ထွဋ်ဦးသည် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေး စီမံကိန်းဌာန၏ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်တစ်ဦး ဖြစ်သည်။ သူသည် ကုလသမဂ္ဂနှင့် အခြား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာအတိုင်ပင်ခံ အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဦးတင်ထွဋ်ဦးသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အမျိုးသား စီးပွားရေးနှင့် အကြံပေးကောင်စီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်လည်း ဖြစ်သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနတို့၏ ပြည်ထောင်စုဝန်ကြီး အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

## U Than Aung

*Vice Chairman (Non-Executive)*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 31 July 1992
**Last Re-election:** 9 November 2024

ဦးသန်းအောင် သည် FMI ၏ အလုပ်အမှုဆောင်မဟုတ်သော ဒုတိယဥက္ကဋ္ဌ ဖြစ်ပြီး Audit & Risk Management Committee နှင့် Nominating Committee တို့၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ FMI တွင် ၁၉၉၂ ခုနှစ်မှ စတင် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် သူသည် ရာပြည့်ကုမ္ပဏီလီမိတက်နှင့် အခြားမိသားစုပိုင် ကုမ္ပဏီများ၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်သည့်အပြင် ပုသိမ်မြို့နယ်အသင်း၏ ဒုဥက္ကဋ္ဌလည်း ဖြစ်သည်။

## U Tun Tun

*Chief Executive Officer & Executive Director*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 17 November 2009
**Last Re-election:** 22 November 2025

ဦးထွန်းထွန်းသည် SPA နှင့် FMI ကုမ္ပဏီအုပ်စုသို့ ၁၉၉၈ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည်။ သူသည် ၂၀၀၉ ခုနှစ်မှစ၍ FMI ၏ အလုပ်အမှုဆောင်ဒါရိုက်တာ အဖြစ် ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် FMI ၏ အမှုဆောင် အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ သူသည် Memories Group ၏ အလုပ်အမှုဆောင်မဟုတ်သော ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။ သူသည် SPA နှင့် FMI နှစ်ခုစလုံးအပြင် ရိုးမလုပ်ငန်းစု တစ်ခုလုံး၏ လုပ်ငန်းလည်ပတ်မှုအဆင့်၊ ကုမ္ပဏီအဆင့်များတွင် တာဝန်အဆင့်အမျိုးမျိုးဖြင့် ကုမ္ပဏီအုပ်စု၏ လက်အောက်ခံကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများ ၏ လုပ်ငန်းများကိုနှစ်ပေါင်းများစွာ တာဝန်ယူကြီးကြပ် ဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါသည်။

ဦးထွန်းထွန်းသည် စင်္ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ် (NUS) မှ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA) ကို ရရှိခဲ့ပါသည်။

## Professor Dr. Aung Tun Thet

*Independent Non-Executive Director*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited
- Myanmar Thilawa SEZ Holdings Public Company Limited

**Appointed on:** 3 December 2013
**Last Re-election:** 22 November 2025

## U Kyi Aye

*Non-Executive Director*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 5 November 2015
**Last Re-election:** 9 November 2024

## Dr. Zaw Win Sandy

*Executive Director*

**Present Directorships in listed companies:**

- First Myanmar Investment Public Company Limited

**Appointed on:** 27 June 2025

ပါမောက္ခဒေါက်တာအောင်ထွန်းသက်သည် FMI ၏ အလုပ်အမှုဆောင်မဟုတ်သောဒါရိုက်တာအဖြစ် ၂၀၁၃ ခုနှစ်မှ စတင်ထမ်းဆောင်ခဲ့ပြီး Audit & Risk Management Committee နှင့် Nominating Committee ၏ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ သူသည် UMFCCI အသင်း၏ အကြံပေးပုဂ္ဂိုလ် တစ်ဦးလည်း ဖြစ်သည်။ သူသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ အငြိမ်းစားဂုဏ်ထူးဆောင်ပါမောက္ခ၊ ကနေဒါနိုင်ငံ Vancouver မြို့ British Columbia တက္ကသိုလ်၏ ဂုဏ်ထူးဆောင် ပါမောက္ခနှင့် တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၊ Kyung Hee တက္ကသိုလ်၊ ကမ္ဘာ့ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာဌာန၌ သုတေသနပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ သူသည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ UK နိုင်ငံ Brighton မြို့မှ စီမံခန့်ခွဲရေး သိပ္ပံဘာသာရပ်တွင် ဘွဲ့လွန်ဒီပလိုမာ၊ Warwick မြို့မှ မဟာသိပ္ပံဘွဲ့၊ UK နိုင်ငံ Manchester မှ ဒေါက်တာဘွဲ့တို့ကိုရရှိခဲ့ပြီး၊ ဂျာမနီနိုင်ငံ Marburg တက္ကသိုလ်မှ ဘွဲ့လွန်ဒေါက်တာ Fellowship တို့ကို ရရှိထားသူဖြစ်ပါသည်။ ထို့အပြင် ဒေါက်တာအောင်ထွန်းသက်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါရဂူဘွဲ့ (ဂုဏ်ထူးဆောင်ဘွဲ့) ကို ချီးမြှင့်ခံရသူ တစ်ဦးလည်း ဖြစ်ပါသည်။

ဦးကြည်အေး သည် FMI ၏ အလုပ်အမှုဆောင်မဟုတ်သော ဒါရိုက်တာအဖြစ် ၂၀၁၅ ခုနှစ်တွင် စတင် ထမ်းဆောင်ခဲ့ပြီး၊ Remuneration Committee ၏ ဥက္ကဋ္ဌ နှင့် Audit & Risk Management Committee ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ရိုးမဘဏ်၌ စတင်လုပ်ကိုင်ခဲ့ပြီး လက်ရှိတွင် ဒါရိုက်တာ တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။ သူသည် Yoma Strategic Holdings Ltd. တွင် အလုပ်အမှုဆောင်မဟုတ်သော ဒါရိုက်တာ အဖြစ် ၂၀၀၆ မှ ၂၀၁၅ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူသည် ၁၉၆၀ ပြည့်နှစ်မှ စတင်၍ ဘဏ်လုပ်ငန်း နယ်ပယ်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ၌ စတင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးကြည်အေးသည် ဗဟိုဘဏ် ဥက္ကဋ္ဌအဖြစ် ၁၉၉၂ မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင် ခဲ့ပြီးနောက် အငြိမ်းစားယူခဲ့ပါသည်။ သူသည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့များအပြင် အမေရိကန်နိုင်ငံ Colorado ပြည်နယ်ရှိ The Economics Institute in Boulder မှ ကမ္ဘာ့ဘဏ်လုပ်ငန်း နှင့် ဘဏ္ဍာရေးဆိုင်ရာ ဒီပလိုမာရရှိထားသူ ဖြစ်ပါသည်။ သူသည် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်တစ်ဦးလည်း ဖြစ်ပါသည်။

ဒေါက်တာ ဇော်ဝင်းစန္ဒီသည် ၂၀၁၁ ခုနှစ်မှ စတင်ကာ ပန်းလှိုင်ဆေးရုံများ တွင်တာဝန်ထမ်းဆောင်ခဲ့ပြီး ကုမ္ပဏီအုပ်စု၏ အသွင်ပြောင်းလဲတိုးတက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ သူမသည် Pun Hlaing Siloam ဖက်စပ်လုပ်ငန်း တည်ထောင်ခြင်းတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် “HEAL by Pun Hlaing” ကို စတင်မိတ်ဆက်ရာတွင် ဦးဆောင်ခဲ့ပါသည်။ လက်ရှိတွင် ပန်းလှိုင်ဆေးရုံများ၏ Chief Executive Officer (CEO) နှင့် FMI ၏ Executive Director အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် မဟာဗျူဟာမြောက် လမ်းညွှန်မှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများကို ဦးဆောင်လျက်ရှိပါသည်။

ဒေါက်တာဇော်ဝင်းစန္ဒီသည် ရန်ကုန် ဆေးတက္ကသိုလ် (၁) မှ Bachelor of Medicine and Bachelor of Surgery (MBBS) ဘွဲ့ကို ရရှိခဲ့ပြီး ဩစတြေးလျနိုင်ငံ James Cook University မှ Master of Business Administration (MBA) ဘွဲ့ကို ရရှိထားပါသည်။ ထို့အပြင် Harvard Medical School ၏ Alumna တစ်ဦးဖြစ်ပြီး Australian College of Health Service Management ၏ Fellow တစ်ဦးလည်း ဖြစ်ပါသည်။



> One of our core strengths is our human capital, and we will continue to invest in recruiting and retaining the top talent in Myanmar to ensure continued success in a changing business environment.




# KEY MANAGEMENT

## FMI MANAGEMENT

### U Tun Tun
*Chief Executive Officer & Executive Director*

### U Myo Myint Aung
*Head of Finance*

U Myo Myint Aung has been with Memories Group Pte. Ltd. (formerly known as Memories Group Limited), an affiliate of the Company, since September 2020. He took on the additional role as Head of Finance for the Group in March 2025.

He brings extensive financial management experience, having previously served as Head of Finance at Myanmar Thilawa SEZ Holding Public Limited and Myanmar Japan Thilawa Development Limited from 2018 to 2020. Prior to that, he was with Unimatec Singapore Pte. Ltd. from 2007 to 2018.

He is a Chartered Accountant with the Institute of Singapore Chartered Accountants and a Fellow of the Association of Chartered Certified Accountants.

### Daw Khine Thinzar Oo
*Head of Corporate Affairs*

Daw Khine Thinzar Oo was appointed as Head of Corporate Affairs in March 2025. Since joining the Group in February 2015, she has held various roles and serves as Head of Property Affairs at Yoma Land since October 2021.

She holds a Bachelor of Arts (English for Professional Purposes) from National Management Degree College (NMDC), Yangon, and an MBA in International Business Management from the University of Thai Chamber of Commerce (UTCC).

# YOMA BANK

## U Kyaw Soe Lin

*Chief Executive Officer*

U Kyaw Soe Lin is currently serving as Chief Executive Officer of the Bank. Prior to this role, he served as Director and Chief Business Officer at Digital Money Myanmar Ltd. (Wave Money). He also holds several prominent positions, including Deputy Chairman of the Myanmar Payment Union, Head of the Technical Committee at the Myanmar Credit Bureau, and Executive Committee Member of the Myanmar Digital Economy Association. U Kyaw Soe Lin began his career at Yoma Bank in 1997, where he held several key leadership positions, including Chief Consumer Banking Officer, Chief Technology Officer, and Chief Operating Officer. He was instrumental in establishing the Bank's Information and Technology (IT) Department.

With nearly 30 years of experience across the financial and IT sectors, U Kyaw Soe Lin brings deep expertise in both local and international banking operations, hospital management systems, supply chain management, and commercial sectors. His core competencies span banking operations, business development, project management, technology, and telecommunications. A notable milestone in his career was his pioneering contribution to the development of Myanmar's first automated banking solution, the "Yoma Integrated Banking System", implemented at Yoma Bank in 2000.

Born in Yangon, U Kyaw Soe Lin holds a Bachelor of Science (Honors) degree in Physics from Yangon University and a Master of Science in Technology from Yangon Computer University.

## Daw Pwint Thawdar Maung

*Chief Financial Officer*

Daw Pwint Thawdar Maung is currently serving as Chief Financial Officer of the Bank. Prior to this role, her career with Yoma Group began in 2018 when she joined as Financial Controller at Yoma Heavy Equipment Company Limited, where she was responsible for financial and operational management in the agricultural and construction machinery sector. She served as Head of Risk Management and Assurance at Yoma Strategic starting in September 2023 and as Chief Financial Officer of Yoma Fleet Limited from 2019 to July 2024.

Before joining the Group, she worked at Ooredoo Myanmar Limited in 2017 as Senior Pricing Manager, where she developed and managed pricing strategies for telecommunications services in accordance with the guidelines of the Ministry of Communications, Myanmar. Daw Pwint Thawdar Maung brings extensive international experience from her time in Singapore, where she held key financial and accounting roles from 2008 to 2017 at organisations including the Central Provident Fund Board, Lazada Southeast Asia Pte Ltd (a regional flagship of Alibaba Group), and NCS Pte Ltd (a subsidiary of Singapore Telecommunications Ltd).

Daw Pwint Thawdar Maung holds a Master of Science in Professional Accountancy from the University of London and a Bachelor of Arts in Accountancy and Financial Management from the University of Portsmouth, United Kingdom. She is also a Chartered Certified Accountant, awarded by the Association of Chartered Certified Accountants (ACCA).

## Daw Zin Mie Mie

*Chief Compliance Officer*

Daw Zin Mie Mie is currently serving as Chief Compliance Officer of the Bank. Prior to this position, she served as the Deputy Chief Compliance Officer from June 2021, where she played a key role in enhancing the Anti-Money Laundering (AML) and Counter-Financing of Terrorism (CFT) framework as well as successfully implementing a robust compliance risk management structure. She also held Corporate Secretary position since May 2019, where she was instrumental in establishing the corporate governance system for the Bank. Her career journey with Yoma Bank began in 2014, where she headed the Treasury Department and was pivotal in building treasury department as a profit center of the Bank along with the implementation a front-to-back treasury system.

Before joining Yoma Bank, she was the Assistant Vice President at Bank of America Merrill Lynch in London, one of the leading investment banks, from 2010 to 2014, where she managed financial control function for the equity structured financing business. She also served as a Product Control Analyst in the Prime Services business at Credit Suisse in London from 2006 to 2010.

Born and raised in Myanmar until her early teens, Daw Zin Mie Mie holds a BSc (Hons) in Mathematics, Operational Research, Statistics, and Economics from Warwick University, UK. She is a Chartered Management Accountant with the UK-based Chartered Institute of Management Accountants (CIMA) and an internationally recognised Certified Anti-Money Laundering Specialist (ACAMS).

### Daw Khin Mu Mu Myint

*Chief Customer Officer*

Daw Khin Mu Mu Myint is a highly accomplished senior executive with over 20 years of progressive experience in commercial banking, strategic partnership, corporate development, product development, financial management, corporate governance, and restructuring and transformation for Fortune 100 and privately held companies in various industries. As the Chief Customer Officer, she oversees both the business and retail customer segments across a network of more than 80 branches and multiple customer touchpoints throughout Myanmar, ensuring that the Bank's products and services are aligned with customer needs and expectations.

Before assuming her current role, she served as the Chief Business Banking Officer, where she played a pivotal role in driving the Bank's strategy to become a leading institution for businesses in Myanmar. She was instrumental in establishing the Commercial and International Banking Division, overseeing the development of products and services, and launching multiple business units across the Bank. Her previous experience includes key roles at prominent U.S. organisations such as Freddie Mac, the World Bank, Citi Group, JP Morgan, and Prudential Insurance, as well as significant positions at leading conglomerates in Myanmar.

Daw Khin Mu Mu Myint holds a Bachelor of Business Administration in Accounting from Baruch College, City University of New York, and is a Certified Public Accountant (CPA) from the State of Washington.

### U Nyan Myint Aung

*Chief Operating Officer*

U Nyan Myint Aung is currently serving as the Chief Operating Officer of the Bank, bringing nearly three decades of experience in banking operations, retail banking, international banking, treasury operations, cash management, product development, and risk management. His leadership and operational expertise continue to support the Bank's commitment to delivering efficient and innovative banking solutions in Myanmar. Since joining Yoma Bank in 1995, U Nyan Myint Aung held key leadership roles across various branches and departments.

Prior to his current position, he served as Deputy Head of Branch Operations & Cash Management, Head of Core Operations, and Acting Chief Products, Services & Channels Officer throughout his extensive career at the Bank, demonstrating his deep expertise in banking operations and strategic leadership.

U Nyan Myint Aung holds a Bachelor of Science in Physics from the University of Distance Education, Mandalay, a Master of Business Administration from Meiktila University of Economics, and an Executive Master of Banking and Finance from Yangon University of Economics. He is also a Certified Expert in Risk Management from the Frankfurt School of Finance & Management.

### U Htet Linn

*Chief Information Officer*

U Htet Linn brings over 18 years of IT industry experience, with a diverse background including 10 years in the financial sector and 8 years in manufacturing and system integration. He joined Yoma Bank in 2019 and is currently serving as Chief Information Officer. Before stepping into this role, he was the Acting Chief Technology Officer overseeing the Technology Division of the Bank.

Prior to Yoma Bank, U Htet Linn worked as an Enterprise Architect at Digital Money Myanmar Limited (Wave Money) and accumulated valuable IT experience across multinational environments in Myanmar, Malaysia, and Singapore. His expertise spans software development, project management, system integration, enterprise architecture, technology operations, and IT governance. He is recognised for effectively aligning technology services with business strategies, bridging the gap between business needs and technological solutions. In addition, he is proficient in applying agile methodologies like Scrum, to foster organisational growth and efficiency.

U Htet Linn holds a Master of Business Administration (MBA) in Financial Management from Rome Business School and a Bachelor of Computer Science (B.C.Sc) from the University of Computer Studies, Mawlamyine.

## PUN HLAING HOSPITALS

### Dr. Zaw Win Sandy

*Chief Executive Officer*

### Dr. Thet Thet Khine

*Deputy Chief Executive Officer*

Dr. Thet Thet Khine is a seasoned healthcare executive with over 31 years of experience across clinical practice, public health, hospital operations, and strategic leadership. Currently Deputy CEO of Pun Hlaing Hospitals, she drives organisational culture, staff engagement, and operational excellence. She began her career in clinical medicine before leading public health initiatives in Yangon. Joining Pun Hlaing in 2005, she advanced through multiple leadership roles, spearheading clinical operations and international programmes, including the flagship Overseas Specialist program. As Managing Director after merger with Siloam Hospitals, she expanded a national network and enhanced care quality.

She received a Bachelor of Medicine, Bachelor of Surgery (MBBS) in 1993, and a Master's in Microbiology in 2003 from the Institute of Medicine (1) in Yangon. She is the General secretary in Myanmar Private Hospital Association on behalf of Pun Hlaing Hospital Yangon, promoting sector-wide professional development.

### Daw Kyi Thar Linn

*Chief Financial Officer*

Daw Kyi Thar Linn joined the Group in 2008 as an Accountant at Pun Hlaing Golf Club and subsequently joined Pun Hlaing Hospitals Group in 2014. Over the years, she has played a key role in strengthening the Group's financial management, planning, and governance, while driving improvements in financial processes and reporting capabilities. She currently serves as Chief Financial Officer, overseeing the Group's finance and accounting functions and supporting its strategic growth and long-term sustainability.

Daw Kyi Thar Linn holds a Master of Business Administration (MBA) from Yangon University of Economics and diplomas in Accounting and International Financial Reporting. She brings over 20 years of experience across multiple industries.

## YOMA LAND

### Mr. Cyrus Pun

*Executive Director, Yoma Strategic*

Mr. Cyrus Pun started his career working in the export industry in China and worked for Hutchison Port Holdings' South China Commercial Division. He joined SPA in 2007 and assumed a leading role in the development of a mixed-use real estate project in Dalian, China. Prior to his appointment as the Chief Executive Officer of Memories Group, he was an Executive Director of Yoma Strategic and headed its real estate business from 2012 to 2018. During this time, he led several developments including some of Myanmar's largest and most prominent real estate projects. He was also responsible for bringing in international partners and investors for these projects. His last venture as the Head of Real Estate of Yoma Strategic was to initiate its expansion into the affordable housing segment. He was also a Non-Executive Non-Independent Director from 2019 to 2021. In August 2024, he returned to Yoma Strategic as an Executive Director.

He received a Bachelor's degree in Economics from the London School of Economics in 2003 and an Executive M.B.A. from Kellogg-HKUST in 2019.

### Mr. Goh Boon Leong

*Financial Controller*

Mr. Goh Boon Leong has been with Yoma Land since June 2017, where he was first appointed as the Financial Controller of the Yoma Central Project. He was appointed as a member of the Management Team in StarCity since January 2020.

Prior to joining Yoma Group, he has around 25 years of work experience in multiple countries around the world in both finance and operations.

He is a graduate from Deakin University in Australia, majoring in Accounting and Management.

### Daw Nwe Nwe Tun

*Project Director*

Daw Nwe Nwe Tun was appointed as a Project Director of Yoma Land in May 2017. She joined Yoma Group since October 2015 as a Project Manager.

Prior to joining Yoma Group, she worked at an international consultancy firm on project development for multipurpose projects in Singapore for 13 years.

She holds a Bachelor's degree in Civil Engineering from Mandalay Technological University and then obtained a Master of Science in Civil Engineering from Nanyang Technological University, Singapore. She also obtained an MBA in International Management from Geneva Business School in 2019.

## MEMORIES GROUP

### Mr. Cyrus Pun

*Chief Executive Officer & Executive Director*

### U Myo Myint Aung

*Financial Controller*

### U Yan Naing Soe

*Chief Operating Officer*

U Yan Naing Soe has close to two decades of experience both in overseas and Myanmar working in marine, fast-moving consumer goods (FMCG), real estate and distribution industries. He started his career in 2007 in Singapore as a Human Resources professional. He worked for 7 years in Singapore and returned to Myanmar in 2013. He joined the Yoma Group since then. Prior to joining the Memories Group as a Director of the CEO office, he worked at various leadership roles in Human Resources departments at SPA, Yoma Land and the Yoma Group's Human Resources.

He was raised and educated in Myanmar. He holds a bachelor's degree in business administration. He further studied for Human Capital Management from the Singapore Human Resources Institute.

## FMIDECAUX

### Olivier Héroguelle
*Managing Director*

Mr. Olivier Héroguelle was appointed as Managing Director on 1 April 2026 and also serves as Managing Director South Asia at JCDecaux. He is responsible for the overall management and strategic direction of the business. With JCDecaux since 1995, he brings over 30 years of international experience in outdoor advertising and business management.

Throughout his career with JCDecaux, Mr. Héroguelle has held various leadership roles across international markets, contributing to the company's operational growth and regional development. His extensive industry experience and commercial expertise continue to support the company's long-term growth initiatives.

Mr. Héroguelle graduated from AUDENCIA Business School – Sup De Co Nantes, France, majoring in Finance, and also completed a semester in Marketing at an American University in Ohio. Prior to this, he attended the Preparatory Class for Business School (Prépa HEC Générale) in Versailles, France. He is a French national.

### Daw Hnin Thet Su Mon
*Deputy Managing Director*

Daw Hnin Thet Su Mon was appointed as Deputy Managing Director on 2 September 2024 and plays a key role in supporting the company's strategic direction and operational leadership. With over 10 years of experience in executive management roles, she brings extensive expertise in leading organisations, driving strategic initiatives, and enhancing overall business performance.

An MBA degree holder, Daw Hnin Thet Su Mon has a strong track record of contributing to organisational growth through effective leadership, business planning, and operational excellence.

# စီမံခန့်ခွဲရေး အဖွဲ့ဝင်များ

## FMI MANAGEMENT

### U Tun Tun
*Chief Executive Officer & Executive Director*

### U Myo Myint Aung
*Head of Finance*

ဦးမျိုးမြင့်အောင်သည် လက်ရှိတွင် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခု ဖြစ်သော Memories Group Pte. Ltd. (ယခင် Memories Group Limited) တွင် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလမှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုတာဝန်ယူဆောင်ရွက်မည့် ကုမ္ပဏီ၏ Head of Finance တာဝန်များနှင့်အတူ လက်ရှိတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးမျိုးမြင့်အောင်သည် Myanmar Thilawa SEZ Holdings Public Limited နှင့် Myanmar Japan Thilawa Development Limited တို့တွင် Head of Finance အဖြစ် ၂၀၁၈ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ယင်းမတိုင်မီ ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ Unimatec Singapore Pte. Ltd. တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဦးမျိုးမြင့်အောင်သည် Institute of Singapore Chartered Accountants နှင့် Association of Chartered Certified Accountants ၏ အဖွဲ့ဝင်တစ်ဦး လည်းဖြစ်ပါသည်။

### Daw Khine Thinzar Oo
*Head of Corporate Affairs*

ဒေါ်ခိုင်သဉ္ဇာဦးသည် ၂၀၂၅ ခုနှစ်၊ မတ်လတွင် Head of Corporate Affairs အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပါသည်။ သူမသည် Yoma Group တွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ မှစတင်ကာ ရာထူးများစွာဖြင့် တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ပြီး ကုမ္ပဏီအုပ်စု ၏ အိမ်ခြံမြေလုပ်ငန်း ဖြစ်သော Yoma Land တွင် Head of Property Affairs အဖြစ် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်ခိုင်သဉ္ဇာဦးသည် National Management Degree College (NMDC), Yangon မှ ပေးအပ်သော Bachelor of Arts (English for Professional Purposes) နှင့် University of Thai Chamber of Commerce (UTCC) မှ ပေးအပ်သော MBA in International Business Management တို့အား ရရှိထားသူ တစ်ဦးလည်း ဖြစ်ပါသည်။

# YOMA BANK

## U Kyaw Soe Lin
*Chief Executive Officer*

ဦးကျော်စိုးလင်းသည် ရိုးမဘဏ်တွင် Chief Executive Officer အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ လက်ရှိရာထူးမတိုင်မီ Digital Money Myanmar Ltd. (Wave Money) တွင် ဒါရိုက်တာနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အရာရှိချုပ် (Chief Business Officer) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိတွင် Myanmar Payment Union တွင် ဒုတိယဥက္ကဋ္ဌ အနေဖြင့် တာဝန်ထမ်းဆောင်နေကာ Myanmar Credit Bureau ၏ နည်းပညာကော်မတီကိုလည်း ဦးဆောင်လျက် ရှိပြီး၊ Myanmar Digital Economy Association ၏ အမှုဆောင်ကော်မတီဝင် တစ်ဦးလည်း ဖြစ်ပါသည်။ ၎င်းသည် အဆိုပါရာထူးများ မတိုင်မီ ရိုးမဘဏ်သို့ ၁၉၉၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီးနောက် ဘဏ်၏ ဘဏ်ခွဲပိုင်းဆိုင်ရာ ဘဏ်လုပ်ငန်းအရာရှိချုပ် (Chief Consumer Banking Officer)၊ နည်းပညာပိုင်းဆိုင်ရာ အရာရှိချုပ် (Chief Technology Officer)၊ လုပ်ငန်းပိုင်းဆိုင်ရာ အရာရှိချုပ် (Chief Operating Officer) ရာထူးများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် ဘဏ်၏ သတင်းအချက်အလက်နှင့် နည်းပညာ (IT) ဌာနကို စတင်တည်ထောင်ခဲ့သူ တစ်ဦးလည်းဖြစ်ပါသည်။

ဦးကျော်စိုးလင်းသည် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းကဏ္ဍနှင့် သတင်းအချက်အလက်နှင့် နည်းပညာ (IT) အပိုင်းတွင် နှစ်ပေါင်း (၃၀) ခန့်ကြာ ပြည်တွင်းနှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းများ၊ ဆေးရုံစီမံခန့်ခွဲမှုစနစ်များ၊ ထောက်ပံ့ရေးဆက်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှု (Supply Chain Management) နှင့် အခြားစီးပွားရေးကဏ္ဍများတွင် လုပ်ငန်းအတွေ့အကြုံများစွာရှိပြီး ဘဏ်လုပ်ငန်းလည်ပတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စီမံကိန်းအုပ်ချုပ်မှု၊ နည်းပညာနှင့် ဆက်သွယ်ရေးစသည့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ပါသည်။ ဦးကျော်စိုးလင်း ၏ IT အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်၍ ထင်ရှားသော အချက်မှာ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးအလိုအလျောက် ဘဏ်လုပ်ငန်း software ဖြစ်သော "Yoma Integrated Banking System" ကိုအောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဦးကျော်စိုးလင်းကို ရန်ကုန်တွင် မွေးဖွားခဲ့ပြီး ရန်ကုန် တက္ကသိုလ်မှ ရူပဗေဒဘာသာရပ် B.Sc. (Hons.) ဘွဲ့နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် မှ သတင်းအချက်အလက်၊ နည်းပညာမဟာသိပ္ပံဘွဲ့ ကိုလည်း ရရှိထားပါသည်။

## Daw Pwint Thawdar Maung
*Chief Financial Officer*

ဒေါ်ပွင့်သော်တာမောင်သည် ရိုးမဘဏ်တွင် Chief Financial Officer ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရိုးမဘဏ်သို့ မဝင်ရောက်မီ ၂၀၁၈ ခုနှစ်တွင် ရိုးမအုပ်စု၏ လုပ်ငန်းတစ်ခုဖြစ်သော Yoma Heavy Equipment Company Limited တွင် Financial Controller ရာထူးဖြင့် စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းရောင်းချခြင်းဆိုင်ရာ ဘဏ္ဍာရေးစီမံခန့်ခွဲခြင်း၊ လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်ခြင်းစသည့် လုပ်ငန်းများကို တာဝန်ယူခဲ့ပါသည်။ ရိုးမအုပ်စုတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ Head of Risk Management and Assurance အဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်မှတင်၍ Yoma Fleet Limited တွင် ငွေရေးကြေးရေးအရာရှိချုပ်အဖြစ်လည်းကောင်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ရိုးမအုပ်စုတွင် တာဝန်မထမ်းဆောင်မီ ၂၀၁၇ ခုနှစ်တွင် Ooredoo Myanmar Limited ၌ Senior Pricing Manager ရာထူးဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှု ဈေးနှုန်း ပြောင်းလဲမှုများကို မြန်မာနိုင်ငံဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြောင်းလဲ သတ်မှတ်ခြင်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ရာထူးတာဝန်များမတိုင်မီ ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စင်္ကာပူနိုင်ငံတွင် အရေးကြီးသော ငွေရေးကြေးရေးနှင့် စာရင်းအင်းစီမံခန့်ခွဲမှုလုပ်ငန်း တာဝန်များကို စင်္ကာပူနိုင်ငံအစိုးရရုံး (Central Provident Fund Board) တွင် လည်းကောင်း၊ Alibaba Group ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော Lazada Southeast Asia Pte Ltd. တွင် လည်းကောင်း၊ Singapore Telecommunication Ltd. ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော NCS Pte Ltd တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါပြီး နိုင်ငံတကာအတွေ့အကြုံများစွာ ရှိသူတစ်ဦးဖြစ်ပါသည်။

ဒေါ်ပွင့်သော်တာမောင်သည် UK ရှိ University of London မှ Master of Science in Professional Accountancy ဘွဲ့နှင့် University of Portsmouth မှ Bachelor of Arts in Accountancy and Financial Management ဘွဲ့များ ရရှိထားပါသည်။ ထို့အပြင် နိုင်ငံတကာ အသိအမှတ်ပြု Association of Chartered Certified Accountants (ACCA) ၏ Chartered Certified Accountant တစ်ဦးလည်း ဖြစ်ပါသည်။

## Daw Zin Mie Mie
*Chief Compliance Officer*

ဒေါ်ဇင်မီမီသည် ရိုးမဘဏ်တွင် Chief Compliance Officer အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လက်ရှိရာထူးတာဝန်မထမ်းဆောင်မီ ၂၀၂၂ ခုနှစ်၊ ဇွန်လမှစ၍ Deputy Chief Compliance Officer အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ငွေကြေးခဝါချမှုကို တိုက်ဖျက်ရေးဆိုင်ရာမူဘောင် အဆင့်မြှင့်တင်ရေးနှင့် ခိုင်မာသော လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုပုံစံကို အောင်မြင်စွာ ချမှတ်လုပ်ဆောင်နိုင်ခဲ့သူဖြစ်ပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၊ မေလမှစတင်၍ ကုမ္ပဏီ၏ Corporate Secretary အနေဖြင့် ရိုးမဘဏ်၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင် ဖွဲ့စည်းရေး ရေးဆွဲရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ဒေါ်ဇင်မီမီ သည် ၂၀၁၄ ခုနှစ်တွင် ရိုးမဘဏ်သို့ စတင်ဝင်ရောက်ခဲ့ပြီး Head of Treasury & Financial Institutions အဖြစ် Front-to-Back ငွေတိုက်စနစ်ကို အကောင်အထည်ဖော်ခဲ့၍ Treasury Department ကို ဘဏ်၏ အကျိုးအမြတ်ဗဟိုတစ်ခုအနေဖြင့် တည်ထောင်ခဲ့ပါသည်။

ရိုးမဘဏ်တွင် တာဝန်မထမ်းဆောင်မီ ၂၀၁၀ မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံတကာ ထိပ်တန်း ရင်းနှီးမြှုပ်နှံမှု ဘဏ်များအနက် တစ်ခုဖြစ်သည့် လန်ဒန်မြို့ရှိ Bank of America Merrill Lynch ရှိ Equity Structured Financing လုပ်ငန်းတွင် Financial Control အပိုင်းများကို Assistant Vice President ရာထူးဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ၂၀၀၆ မှ ၂၀၁၀ ပြည့်နှစ်အထိ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Credit Suisse ရှိ Prime Services လုပ်ငန်းတွင် Product Control Analyst အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်ဇင်မီမီသည် ဆယ်ကျော်သက် အရွယ်အထိ မြန်မာနိုင်ငံတွင် ကြီးပြင်းခဲ့ပြီး အင်္ဂလန်နိုင်ငံရှိ Warwick University မှ Mathematics၊ Operational Research ၊ Statistics and Economic ဆိုင်ရာ BSc (Hons) ဘွဲ့ကိုရရှိခဲ့ပါသည်။ ထို့ပြင် UK အခြေစိုက် Chartered Institute of Management Accountants (CIMA) ၏ Chartered Management Accountant တစ်ဦးအဖြစ်သာမက ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအပိုင်းတွင်လည်း နိုင်ငံတကာအသိအမှတ်ပြု Certified Anti-Money Laundering Specialist (ACAMS) တစ်ဦးလည်း ဖြစ်ပါသည်။

## Daw Khin Mu Mu Myint
*Chief Customer Officer*

ဒေါ်ခင်မူမူမြင့်သည် Fortune 100 ကုမ္ပဏီများ နှင့် အခြားကဏ္ဍအသီးသီးရှိ ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းများအတွက် ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်း၊ မဟာဗျူဟာမြောက် မိတ်ဖွဲ့မှုလုပ်ငန်း၊ အသင်းအဖွဲ့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ကော်ပိုရိတ်ဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများ အပြင် ပြန်လည်ပြုပြင်ခြင်းနှင့် ပြောင်းလဲခြင်းလုပ်ငန်းများကို နှစ်ပေါင်း (၂၀) ကျော်ကြာ အောင်မြင်စွာလုပ်ဆောင်ပေးနိုင်ခဲ့သည့် အကြီးတန်းအမှုဆောင်တစ်ဦး ဖြစ်ပါသည်။ သူမသည် Chief Customer Officer ရာထူးဖြင့် ရိုးမဘဏ်၏ ဆက်စပ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုနေသည့် သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရိုးမဘဏ်ခွဲပေါင်း (၈၀) ကျော်နှင့် စီးပွားရေးလုပ်ငန်းသုံးနှင့် လက်လီ သုံးစွဲသူများ အကြား ကြီးကြပ်ကာ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိရာထူးမတိုင်မီတွင် သူမသည် Chief Business Banking Officer ရာထူးဖြင့် လည်း ရိုးမဘဏ်အား မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများအတွက် အရေးပါသည့် ဘဏ်တစ်ခုဖြစ်လာစေရန် မဟာဗျူဟာများရေးဆွဲချမှတ်ရာတွင် အဓိက ပါဝင်ခဲ့ပါသည်။ ရိုးမဘဏ်၏ Commercial and

International Banking Division ကို တည်ထောင်ရာ တွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ ဆက်စပ် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ စတင် ဖော်ထုတ် မိတ်ဆက်ရာတွင်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ပါသည်။ ထို့မတိုင်မီက သူမသည် ထင်ရှားသော အမေရိကန်အဖွဲ့အစည်းများဖြစ်သည့် Freddie Mac ၊ World Bank ၊ Citi Group ၊ JP Morgan နှင့် Prudential Insurance များအပြင် အခြားပြည်တွင်းလုပ်ငန်းစုကြီးများတွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်ခင်မူမူမြင့်သည် Baruch College၊ City University of New York မှ Bachelor of Business Administration in Accounting ဘွဲ့ကို ရရှိခဲ့ပြီး State of Washington ၏ Certified Public Accountant (CPA) တစ်ဦးလည်းဖြစ်ပါသည်။

## U Nyan Myint Aung

*Chief Operating Officer*

ဦးညဏ်မြင့်အောင်သည် ရိုးမဘဏ်တွင် Chief Operating Officer ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ ဘဏ်လုပ်ငန်းလည်ပတ်မှု၊ လက်လီဘဏ်လုပ်ငန်း (Retail Banking)၊ နိုင်ငံတကာအပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်း၊ ငွေကြေးလည်ပတ်မှုလုပ်ငန်း၊ ငွေသားစီမံခန့်ခွဲမှု၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်စီမံခန့်ခွဲမှု အစရှိသော နယ်ပယ်များတွင် နှစ်ပေါင်း (၃၀) နီးပါး အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည်။ ၎င်း၏ ဦးဆောင်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှု တို့ဖြင့် မြန်မာနိုင်ငံအတွက် ဆန်းသစ်ပြီး အကျိုးရှိသော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဦးညဏ်မြင့်အောင်သည် ရိုးမဘဏ်၏ ဘဏ်ခွဲများနှင့် ဌာနများတွင် ခေါင်းဆောင်ရာထူးများစွာဖြင့် ၁၉၉၅ ခုနှစ်မှစတင်ကာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိ ရာထူးတာဝန်မတိုင်မီ သူသည် Deputy Head of Branch Operations & Cash Management၊ Head of Core Operations နှင့် Acting Chief Products, Services & Channels Officer ရာထူးများစွာ ကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး သူ၏ ကျွမ်းကျင်သော ဘဏ်လုပ်ငန်း လည်ပတ်မှုနှင့် ဦးဆောင်မှုတို့ကို ပြသနိုင်ခဲ့ပါသည်။

ဦးညဏ်မြင့်အောင်သည် အဝေးသင် တက္ကသိုလ်မှ Bachelor of Science in Physics၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ Master of Business Administration နှင့် ရန်ကုန် စီးပွားရေး တက္ကသိုလ်မှ Executive Master of Banking and Finance ဘွဲ့တို့ကို ရရှိခဲ့ပါသည်။ သူသည် Frankfurt School of Finance & Management မှ Risk Management တွင် Certified Expert အသိအမှတ်ပြု လက်မှတ်ရရှိထားသူတစ်ဦး လည်းဖြစ်ပါသည်။

## U Htet Linn

*Chief Information Officer*

ဦးထက်လင်းသည် ဘဏ္ဍာရေးဆိုင်ရာနည်းပညာအပိုင်းတွင် (၁၀) နှစ်ကျော်နှင့် ထုတ်လုပ်မှုနှင့်နည်းပညာစနစ်ပေါင်းစပ်မှုတွင် (၈) နှစ်ကျော် စုစုပေါင်း နည်းပညာ (IT) ကဏ္ဍတွင် (၁၈) နှစ်ကျော် အတွေ့အကြုံရှိသူဖြစ်ပါသည်။ ရိုးမဘဏ်သို့ ၂၀၁၉ နှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး လက်ရှိတွင် Chief Information Officer ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ယင်းမတိုင်မီ သူသည် Senior Manager ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး Enterprise Architecture အပိုင်းကို ဦးဆောင်ခဲ့ပါသည်။ ရိုးမဘဏ်တွင် တာဝန်မထမ်းဆောင်မီ ဦးထက်လင်းသည် Digital Money Myanmar Limited (Wave Money) ၌ Enterprise Architect တစ်ယောက်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး မြန်မာ၊ မလေးရှား၊ စင်္ကာပူနိုင်ငံများ၏ နိုင်ငံတကာနည်းပညာအတွေ့အကြုံများစွာရှိသူတစ်ဦးလည်းဖြစ်ပါသည်။ သူသည် ဆော့ဖ်ဝဲ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းစီမံခန့်ခွဲမှု၊ စနစ်ပေါင်းစပ်မှု၊ လုပ်ငန်းအဆောက်အအုံ ဗိသုကာ၊ နည်းပညာလုပ်ငန်းလည်ပတ်မှုနှင့် နည်းပညာအုပ်ချုပ်မှုတို့ကိုလည်း ကျွမ်းကျင်သူ တစ်ယောက် ဖြစ်ပါသည်။ သူသည် နည်းပညာ ဝန်ဆောင်မှုများကို စီးပွားရေးဗျူဟာများနှင့် ထိထိ ရောက်ရောက် အံဝင်ခွင်ကျဖြစ်အောင်ညှိပေးနိုင်ခြင်း၊ စီးပွားရေးလိုအပ်ချက်များနှင့် နည်းပညာ အဖြေရှာမှုများကြားက ကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း တို့ကြောင့် အသိအမှတ်ပြုခံရသူ တစ်ဦးလည်း ဖြစ်ပါသည်။ ထို့အပြင် သူသည် Scrum ကဲ့သို့သော Agile နည်းလမ်းများကို အဖွဲ့အစည်း တိုးတက်ရေး နှင့် ထိရောက်မှုရှိစေရန် အတွက် ကျွမ်းကျင်စွာ အသုံးချနိုင်သူ ဖြစ်ပါသည်။

ဦးထက်လင်းသည် Rome Business School မှ Master of Business Administration (MBA) in Financial Management ဘွဲ့နှင့် မော်လမြိုင် ကွန်ပျူတာတက္ကသိုလ်မှ Bachelor of Computer Science (B.C.Sc) ဘွဲ့ကို ရရှိထားပါသည်။

# PUN HLAING HOSPITALS

## Dr. Zaw Win Sandy

*Chief Executive Officer*

## Dr. Thet Thet Khine

*Deputy Chief Executive Officer*

ဒေါက်တာသက်သက်ခိုင်သည် ဆေးကုသမှုလုပ်ငန်း၊ ပြည်သူ့ကျန်းမာရေး၊ ဆေးရုံ လုပ်ငန်းဆောင်ရွက်မှုနှင့် မဟာဗျူဟာခေါင်းဆောင်မှုများ အပါအဝင် ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍတွင် အတွေ့အကြုံ ၃၁ နှစ်ကျော်ရှိသည့် အတွေ့အကြုံရင့်ကျက်သော ကျန်းမာရေး စောင့်ရှောက်မှု အမှုဆောင်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ လက်ရှိတွင် ပန်းလှိုင်ဆေးရုံ၏ Deputy CEO အဖြစ် တာဝန်ထမ်းဆောင်နေပြီး၊ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုတိုးတက်ရေး၊ ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှု မြှင့်တင်ရေးနှင့် လုပ်ငန်းကောင်းမွန်စွာလည်ပတ်နိုင်ရေးတို့ကို ဦးဆောင် ဆောင်ရွက်လျက် ရှိသည်။ သူမသည် ဆေးဘက်ဆိုင်ရာပညာဖြင့် အသက်မွေးဝမ်းကျောင်း စတင်ခဲ့ပြီးနောက် ရန်ကုန်တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ စီမံချက်များကို ဦးဆောင်ခဲ့ သည်။ သူမသည် ဆေးဘက်ဆိုင်ရာလုပ်ငန်းဖြင့် စတင်ခဲ့ပြီးနောက် ရန်ကုန်မြို့တွင် ပြည်သူ့ကျန်းမာရေး အစီအစဉ်များကို ဦးဆောင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ပန်းလှိုင်သို့ ဝင်ရောက်ခဲ့ပြီး၊ နောက်ပိုင်းတွင် ခေါင်းဆောင်မှုရာထူးအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်ကာ clinical operations နှင့် နိုင်ငံတကာအစီအစဉ်များကို ဦးဆောင်ခဲ့သည်။ ထိုအစီအစဉ်များထဲတွင် နာမည်ကြီး Overseas Specialist Program လည်း ပါဝင်သည်။ Siloam Hospitals နှင့် ပူးပေါင်းပြီးနောက် Managing Director အဖြစ် တာဝန်ထမ်းဆောင်စဉ်၊ နိုင်ငံတစ်ဝှမ်းရှိ ကျန်းမာရေးကွန်ရက်ကို ချဲ့ထွင်နိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကိုလည်း တိုးတက်မြှင့်တင်နိုင်ခဲ့သည်။ သူမသည် ၁၉၉၃ ခုနှစ်တွင် ဆေးပညာဘွဲ့ (MBBS) နှင့် ၂၀၀၃ ခုနှစ်တွင် အဏုဇီဝဗေဒ မဟာဘွဲ့ကို ရန်ကုန်ဆေးတက္ကသိုလ် (၁) မှရရှိခဲ့သည်။ သူမသည် ရန်ကုန်ရှိ ပန်းလှိုင်ဆေးရုံကိုယ်စားပြုကာ မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးကဏ္ဍတစ်ခုလုံး၏ ပရော်ဖက်ရှင်နယ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်လျက်ရှိပါသည်။

## Daw Kyi Thar Linn

*Chief Financial Officer*

ဒေါ်ကြည်သာလင်းသည် ၂၀၀၈ ခုနှစ်တွင် Pun Hlaing Golf Club ၏ Accountant အဖြစ် ကုမ္ပဏီအုပ်စုသို့ စတင်ဝင်ရောက်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်တွင် ပန်းလှိုင်ဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်များတွင် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲမှုနှင့် အုပ်ချုပ်မှုစနစ်များ ခိုင်မာစေရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ဘဏ္ဍာရေးလုပ်ငန်းစဉ်များနှင့် အစီရင်ခံတင်ပြမှုများ တိုးတက်ကောင်းမွန်လာစေရန် ဦးဆောင်ခဲ့ပါသည်။ လက်ရှိတွင် Chief Financial Officer အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးနှင့် စာရင်းကိုင်လုပ်ငန်းများကို ကြီးကြပ်လျက်၊ မဟာဗျူဟာမြောက် တိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု ရှိစေရန် ပံ့ပိုးကူညီ လျက်ရှိပါသည်။

ဒေါ်ကြည်သာလင်းသည် ရန်ကုန် စီးပွားရေး တက္ကသိုလ်မှ Master of Business Administration (MBA) ဘွဲ့ကို ရရှိထားပြီး Accounting နှင့် International Financial Reporting ဆိုင်ရာ ဒီပလိုမာဘွဲ့များကိုလည်း ရရှိထားပါသည်။ သူမသည် လုပ်ငန်းကဏ္ဍမျိုးစုံတွင် နှစ်ပေါင်း ၂၀ ကျော် အတွေ့အကြုံများကို ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။

## YOMA LAND

### Mr. Cyrus Pun
*Executive Director, Yoma Strategic*

Mr. Cyrus Pun သည် တရုတ်နိုင်ငံရှိ Hutchison Port Holdings ၏ တောင်တရုတ် အရောင်းအဝယ်ဌာန၊ ပို့ကုန်လုပ်ငန်းတွင် စတင် လုပ်ကိုင်ခဲ့ပါသည်။ သူသည် SPA ကို ၂၀၀၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ ဒါလီယန်ရှိ ဘက်စုံသုံး အိမ်ရာဖော်ထုတ် တည်ဆောက်ရေးလုပ်ငန်းတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ Memories Group ၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်မထမ်းဆောင်မီ Yoma Strategic ၏ အလုပ်အမှုဆောင် ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ကုမ္ပဏီအုပ်စု၏ အိမ်ရာဖော်ထုတ်တည်ဆောက်ရေး အကြီးအကဲအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုကာလအတွင်း မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အထင်ရှားဆုံးသော အိမ်ရာစီမံကိန်းများကို ဖော်ဆောင်ရာတွင်လည်း ဦးဆောင်ခဲ့ပါသည်။ အဆိုပါစီမံကိန်းများအတွက် နိုင်ငံတကာမှမိတ်ဖက်ပါတနာများနှင့် ရင်းနှီးမြှုပ်နှံသူများကို ခေါ်ဆောင်ရာတွင်လည်း တာဝန်ယူခဲ့ပါသည်။ ၎င်းအနေဖြင့် Yoma Strategic ၏ အိမ်ရာဖော်ထုတ် တည်ဆောက်ရေး အကြီးအကဲအဖြစ် နောက်ဆုံး လုပ်ဆောင်ခဲ့သော စီမံကိန်းမှာ တန်ဖိုးသင့် အိမ်ရာစီမံကိန်း ကဏ္ဍကို တိုးချဲ့ခြင်း ဖြစ်ပါသည်။ Yoma strategic၏ အလုပ်အမှုဆောင် မဟုတ်သည့် မလွတ်လပ်သော ဒါရိုက်တာအဖြစ် ၂၀၁၉ မှ ၂၀၂၁ အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် Yoma Strategic ၏ အမှုဆောင် ဒါရိုက်တာအဖြစ် ပြန်လည် တာဝန်ထမ်းဆောင် ခဲ့ပါသည်။

သူသည် ၂၀၀၃ ခုနှစ်တွင် London School of Economics မှ စီးပွားရေးဘွဲ့နှင့် ၂၀၁၉ ခုနှစ်တွင် အမှုဆောင်စီးပွားရေး မဟာဘွဲ့ကို Kellogg-HKUST မှ ရရှိထားပါသည်။

### Mr. Goh Boon Leong
*Financial Controller*

Mr. Goh Boon Leong သည် Yoma Land တွင် ၂၀၁၇ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင် ခဲ့ပြီး Yoma Central စီမံကိန်း၏ Financial Controller အဖြစ် တာဝန်ခန့်အပ်ခြင်း ခံရပါသည်။ ထို့နောက်၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီတွင် StarCity ၏ စီမံခန့်ခွဲရေး အဖွဲ့ဝင်အဖြစ် တာဝန်ပေးခြင်း ခံရပါသည်။

Yoma Group တွင် တာဝန်မထမ်းဆောင်မီ သူသည် ကမ္ဘာ့အနှံ့ရှိ နိုင်ငံများတွင် ဘဏ္ဍာရေး နှင့် လုပ်ငန်းလည် ပတ်မှုဆိုင်ရာကဏ္ဍတွင် (၂၅) နှစ်ကြာ အတွေ့အကြုံရှိသူလည်း ဖြစ်သည်။

သူသည် ဩစတြေးလျနိုင်ငံရှိ Deakin University မှ စာရင်း ကိုင်နှင့် စီမံခန့်ခွဲရေး ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။

### Daw Nwe Nwe Tun
*Project Director*

ဒေါ်နွယ်နွယ်ထွန်း သည် Yoma Group သို့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် Project Manager အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် Yoma Land ၏ Project Director အဖြစ် တာဝန်ပေးအပ်ခြင်း ခံရပါသည်။

Yoma Group တွင် မဝင်ရောက်မီ သူမသည် စင်္ကာပူနိုင်ငံရှိ နိုင်ငံတကာ အတိုင်ပင်ခံ ကုမ္ပဏီများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် နှစ်ပေါင်း (၁၃) နှစ်ကြာ အတွေ့အကြုံရှိသူလည်း ဖြစ်ပါသည်။

သူမသည် မန္တလေးနည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့နှင့် စင်္ကာပူနိုင်ငံရှိ Nanyang Technological University မှ မြို့ပြ အင်ဂျင်နီယာမဟာဘွဲ့တို့ကို ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် တွင်လည်း Geneva ရှိ စီးပွားရေးကျောင်းမှ MBA (နိုင်ငံတကာစီမံခန့်ခွဲမှု) ဘွဲ့ကို ရရှိခဲ့ပါသည်။

## MEMORIES GROUP

### Mr. Cyrus Pun
*Chief Executive Officer & Executive Director*

### U Myo Myint Aung
*Financial Controller*

### U Yan Naing Soe
*Chief Operating Officer*

ဦးရန်နိုင်စိုးသည် ပြည်တွင်းနှင့် ပြည်ပရှိ ရေကြောင်း၊ FMCG ၊ အိမ်ခြံမြေနှင့် ဖြန့်ချိရေး လုပ်ငန်းကဏ္ဍများတွင် ဆယ်စုနှစ် နှစ်စုနီးပါး လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံရှိသူ ဖြစ်ပါသည်။ သူသည် ၂၀၀၇ ခုနှစ်တွင် စင်္ကာပူရှိ Human Resource ဌာနတွင် စတင်လုပ်ကိုင်ခဲ့ပါသည်။ စင်္ကာပူတွင် (၇) နှစ်ကြာ လုပ်ကိုင်ပြီးနောက် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် ပြန်ရောက်လာကာ Yoma Group တွင် စတင်လုပ်ကိုင်ခဲ့ပါသည်။ သူသည် Memories Group တွင် CEO office ၏ ဒါရိုက်တာတစ်ယောက် အဖြစ် တာဝန်မထမ်းဆောင်မီ SPA၊ Yoma Land နှင့် Yoma Group တို့ ၏ Human Resources ဌာနများ၌ ခေါင်းဆောင်ပိုင်း ရာထူးအမျိုးမျိုးကို တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သူသည် မြန်မာနိုင်ငံတွင် ကြီးပြင်းသူတစ်ယောက်ဖြစ်ကာ စီးပွားရေးစီမံခန့်ခွဲရေး အထူးပြုဘာသာဖြင့် ဘွဲ့ရရှိထားပါသည်။ Singapore Human Resources Institute တွင် Human Capital Management ဘာသာရပ်ကို လေ့လာသင်ယူခဲ့ပါသည်။

## FMIDECAUX

### Olivier Héroguelle
*Managing Director*

Mr. Olivier Héroguelle အား ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် Managing Director အဖြစ် ခန့်အပ်ခဲ့ပြီး၊ JCDecaux ၏ South Asia Managing Director အဖြစ်လည်း တာဝန်ထမ်းဆောင် လျက်ရှိပါသည်။ သူသည် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုနှင့် မဟာဗျူဟာ ဦးတည်ချက်များအား အလုံးစုံ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ JCDecaux တွင် ၁၉၉၅ ခုနှစ်မှ စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ပြင်ပကြော်ငြာလုပ်ငန်းနှင့် စီးပွားရေးစီမံခန့်ခွဲမှုကဏ္ဍများတွင် နိုင်ငံတကာအတွေ့အကြုံ နှစ် ၃၀ ကျော် ရရှိထားသူဖြစ်ပါသည်။

JCDecaux တွင် ၎င်း၏လုပ်ငန်းသက်တမ်းတစ်လျှောက် နိုင်ငံတကာဈေးကွက် အသီးသီးတွင် ခေါင်းဆောင်မှုရာထူးအမျိုးမျိုးကို ထမ်းဆောင်ခဲ့ပြီး ကုမ္ပဏီ၏လုပ်ငန်း လည်ပတ်မှုတိုးတက်ကြီးပွားရေးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပံ့ပိုးကူညီခဲ့သည်။ ၎င်း၏ ကျယ်ပြန့်သော လုပ်ငန်းအတွေ့အကြုံနှင့် စီးပွားရေးကျွမ်းကျင်မှုများသည် ကုမ္ပဏီ၏ ရေရှည်တိုးတက်မှု ရည်မှန်းချက်များကို ဆက်လက်ပံ့ပိုးပေးလျက်ရှိပါသည်။

သူသည် ပြင်သစ် နိုင်ငံရှိ AUDENCIA Business School – Sup De Co Nantes မှ ပြင်သစ်ဘာသာအထူးပြုဖြင့် ဘွဲ့ရရှိခဲ့ပြီး၊ အမေရိကန်နိုင်ငံ Ohio ပြည်နယ်ရှိ တက္ကသိုလ် တစ်ခုတွင် Marketing ဘာသာရပ်ကို semester တစ်ခု သင်ယူခဲ့ပါသည်။ ထို့အပြင် ပြင်သစ်နိုင်ငံ Versailles တွင် Preparatory Class for Business School (Prépa HEC Générale) ကို တက်ရောက် ခဲ့ပါသည်။ သူသည် ပြင်သစ်နိုင်ငံသားဖြစ်ပါသည်။

### Daw Hnin Thet Su Mon
*Deputy Managing Director*

ဒေါ်နှင်းသက်စုမွန်အား ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် Deputy Managing Director အဖြစ် ခန့်အပ်ခဲ့ပြီး ကုမ္ပဏီ၏ မဟာဗျူဟာဦးတည်ချက်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဦးဆောင်မှုများကို ပံ့ပိုးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အမှုဆောင်စီမံခန့်ခွဲမှုရာထူးများတွင် အတွေ့အကြုံ ၁၀ နှစ်ကျော်ရှိထားသူဖြစ်ပြီး အဖွဲ့အစည်းများကို ဦးဆောင်ခြင်း၊ မဟာဗျူဟာအစီအစဉ်များကို အကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးလုပ်ငန်း၏ အလုံးစုံစွမ်းဆောင်ရည် တိုးတက်စေရန် ဆောင်ရွက်ခြင်းတို့တွင် ကျွမ်းကျင်မှုရှိသူဖြစ်ပါသည်။ သူမသည် MBA ဘွဲ့ရတစ်ဦးဖြစ်ပြီး၊ စွမ်းဆောင်ရည်ပြည့်ဝသော ခေါင်းဆောင်မှု၊ စီးပွားရေးဆိုင်ရာ စီမံကိန်းရေးဆွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အတွေ့အကြုံ ပြည့်ဝခြင်းတို့မှတစ်ဆင့် ကုမ္ပဏီအဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော သူတစ်ဦးဖြစ်ပါသည်။

# PERFORMANCE REVIEW

03

## SEIZING NEW HORIZONS

With a firm commitment to positioning itself for the future, FMI embarked on a journey to identify and seize new horizons. The Company explored emerging sectors, sought strategic partnerships, and embraced disruptive technologies. By diversifying its portfolio and expanding into promising industries, FMI unlocked new avenues for growth, laying the foundation for a more resilient and prosperous future.

# MILESTONES

## YOMA BANK

- Strengthened the bancassurance partnership with Prudential Myanmar through a 10-year renewal of the exclusive bancassurance agreement, enabling the continued provision of a comprehensive range of life insurance solutions to customers.
- Expanded customer touchpoints through the acquisition of an Agent Banking licence, positioning the Bank as a pioneer in Agent Banking within Myanmar's banking sector.
- Launched an international remittance service in partnership with 2C2P and Wave Money, aimed at supporting Myanmar migrant workers to send money back through secure and convenient remittance services via official channels.
- Introduced the MPU Credit Card, marking an important milestone in the diversification of the Bank's lending and payment offerings and strengthening its participation in regulated card schemes.

- Prudential Myanmar နှင့် ဆယ်နှစ်သက်တမ်းရှိ တစ်ဦးတည်းသော ဘဏ်အာမခံ သဘောတူညီချက်တစ်ခုကို သက်တမ်းတိုးခြင်းဖြင့် ခိုင်မာသော မိတ်ဖက်ကုမ္ပဏီအဖြစ် အခိုင်အမာဆက်လက် ရပ်တည်ကာ သုံးစွဲသူများအား ပြီးပြည့်စုံသော အသက်အာမခံဆိုင်ရာဖြေရှင်းနည်းများ ဆက်လက် ကမ်းလှမ်းနိုင်ခဲ့သည်။
- Agent Banking လိုင်စင်ကို ရယူ၍ သုံးစွဲသူများနှင့် ထိတွေ့မှုကို တိုးချဲ့နိုင်ခဲ့ပြီး ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍအတွင်း Agent Banking တွင် ရှေ့ဆောင်ဘဏ်အဖြစ် နေရာ ရယူနိုင်ခဲ့ပါသည်။
- 2C2P ၊ Wave Money တို့နှင့် ပူးပေါင်း၍ နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုကို မိတ်ဆက်ခဲ့ပြီး တရားဝင် လမ်းကြောင်းများမှတစ်ဆင့် ငွေပြန်လွှဲရာတွင် လုံခြုံပြီးအဆင်ပြေသော ငွေလွှဲဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ပံ့ပိုးကူညီနိုင်ရန် ရည်ရွယ်ပါသည်။
- MPU အကြွေးဝယ်ကဒ်ကို စတင်မိတ်ဆက်ခဲ့ပြီး ဘဏ်၏ ကွဲပြားခြား နားသော ချေးငွေနှင့် ငွေပေးချေမှုများအတွက် အသုံးပြုရာတွင် အရေးပါသော မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပြီး စည်းမျဥ်း ကန့်သတ်ချက်များ သတ်မှတ်ထားသည့်ကဒ်စီမံချက်တွင် ၎င်း၏ပါဝင်မှုကို အားကောင်းစေခဲ့ပါသည်။




## PUN HLAING HOSPITALS

**Advanced Clinical Care Leadership**
- Successfully completed 61 renal transplant procedures, reinforcing its position as a leading private-sector transplant centre in Myanmar.
- Strengthened paediatric cardiac surgery services through the development of a highly capable local multidisciplinary team.

**Recognition for Excellence**
- Awarded "Hospital Group of the Year 2026" by Hospital Management Asia, affirming its commitment to quality, innovation, and patient-centred care.

**International Collaboration**
- Established a successful partnership with IJN Malaysia Hospital to deliver paediatric cardiac surgery programmes, enhancing access to specialised care for patients in Myanmar.

**အဆင့်မြင့်ဆေးကုသမှုဆိုင်ရာ ဦးဆောင်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်း**
- ကျောက်ကပ်အစားထိုး ကုသမှု (၆၁) ခု ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် အစားထိုးကုသရေး ထိပ်တန်း ပုဂ္ဂလိကကဏ္ဍဗဟိုဌာနအဖြစ် ကျွန်ုပ်တို့၏ ရပ်တည်ချက်ကိုခိုင်မာစေခဲ့ခြင်း။
- စွမ်းဆောင်ရည်ပြည့်မီသော ပြည်တွင်း ဆေးဖက်ဆိုင်ရာဘက်စုံဖွံ့ဖြိုးမှုအဖွဲ့တစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကလေးနှလုံးခွဲစိတ်ကုသမှု ဝန်ဆောင်မှုများကို ပိုမိုအားကောင်း လာစေခဲ့ခြင်း။

**ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုတွင် ထူးချွန်မှုအတွက် အသိအမှတ်ပြုခံရခြင်း**
- Hospital Management Asia မှ "Hospital Group of the Year 2026" ဆုကို ရရှိခဲ့ပါသည်။ အရည်အသွေး၊ ဆန်းသစ်တီထွင်မှုနှင့် လူနာဗဟိုပြုစောင့်ရှောက်မှုအတွက် ကျွန်ုပ်တို့၏ ကတိကဝတ်ကို အတည်ပြုနိုင်ခဲ့ခြင်း။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ခြင်း**
- ပိုမိုကောင်းမွန်စေသည့် ကလေးနှလုံးခွဲစိတ်ကုသမှု အစီအစဥ်ကို နိုင်ငံရပ်ခြားတွင် ဆောင်ရွက်ပေးနိုင်ရန် IJN Malaysia Hospital နှင့် အောင်မြင်သော မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့သဖြင့် မြန်မာလူနာများအတွက် အထူးကုသစောင့်ရှောက်မှုကို ရရှိနိုင်ခဲ့ခြင်း။

## YOMA LAND

- Fully handed over all 690 units at Estella, with the community now comprising approximately 260 residents.
- Achieved 95% sales at the ARA project, with 577 units handed over to homeowners as of March 2026.
- Launched Tower D of City Loft West in February 2026, achieving 50% sales to date and maintaining steady sales momentum of 10–15 units per month.
- First tower of City Loft West has completed its topping-out ceremony in June 2026, which embark a successful milestone of structure completion.

- Estella ၏ ယူနစ်ပေါင်း ၆၉၀ ကို ဆောက်လုပ်ပြီးစီးသဖြင့် ပိုင်ရှင်များထံ အပ်နှံနိုင်ခဲ့ပြီး ယခုတွင် နေထိုင်သူဦးရေမှာ ၂၆၀ ခန့် ရှိနေပြီ ဖြစ်ပါသည်။
- ARA စီမံကိန်း၏ ၉၅% ကိုရောင်းချနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မတ်လတွင် ၅၇၇ ယူနစ်အား ပိုင်ရှင်များထံ အပ်နှံခဲ့ပါသည်။
- City Loft West ၏ Tower D အား ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ တွင် စတင်မိတ်ဆက်ခဲ့ရာ ၅၀% အထိရောင်းချနိုင်ခဲ့ပြီး၊ လစဉ် ၁၀-၁၅ ယူနစ်နှုန်း ဆက်လက် ရောင်းချလျက်ရှိပါသည်။
- ပထမဆုံး City Loft West တာဝါ၏ Toppin-out Ceremony ကို ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ ၎င်းသည် အဆောက်အဦ ဆောက်လုပ်ပြီးစီးမှု၏ အောင်မြင်သည့် မှတ်တိုင်တစ်ခုဖြစ်လာပါသည်။



## MEMORIES GROUP

- Awei Pila Resort received the Tripadvisor Travelers' Choice Awards 2026.

- Awei Pila Resort သည် Tripadvisor Travelers' Choice Award 2026 ကိုရရှိခဲ့ပါသည်။

## FMI DECAUX

- Increased revenue by 20% compared with the previous year, driven by higher occupancy rates and the acquisition of new advertisers.
- Targeting an average advertising occupancy rate of 70% across the FMIDecaux network in Yangon.

- နေရာအသုံးပြုမှုနှင့် ကြော်ငြာရှင်အသစ်များ မြင့်တက်လာခြင်းတို့ကြောင့် ယခုနှစ်အတွက် လုပ်ငန်း၏အမြတ် ဝင်ငွေသည် ယခင်နှစ်ထက် ၂၀% တိုးတက်မှုရှိခဲ့ပါသည်။
- ရန်ကုန်မြို့ရှိ FMIDecaux ၏ကွန်ရက်တစ်လျှောက်တွင် ပျမ်းမျှကြော်ငြာ အသုံးပြုမှုနှုန်းအား ၇၀ % တိုးတက်မှု ရှိစေရန် ရည်ရွယ်ထားပါသည်။

# BUILT BY PEOPLE
# FMI AT 35

Daw Khin Sandi Kyaw Swar joined FMI in 2012 as an Accountant and has grown alongside the organisation over the past decade, progressing to her current role as Finance Manager. Throughout her journey, she has embraced new responsibilities and challenges, driven by a commitment to continuous learning and contributing to the Group's success.

Reflecting on her career, she considers her steady professional growth through dedication, perseverance, and meaningful contributions as one of her proudest achievements. What has remained constant throughout the years is her positive outlook and belief in the Group's culture of teamwork, integrity, and resilience. As FMI celebrates its 35th anniversary, Daw Khin Sandi Kyaw Swar hopes to see the Group continue achieving new milestones, growing stronger together through the collective efforts of its people.



**Daw Khin Sandi Kyaw Swar**
*Finance Manager*
*First Myanmar Investment*

**From joining as an accountant to becoming Finance Manager, my journey has been shaped by continuous learning, dedication, and the opportunity to grow alongside the Group.**

ဒေါ်ခင်စန္ဒီကျော်စွာသည် FMI သို့ ၂၀၁၂ ခုနှစ်တွင် စာရင်းကိုင်အဖြစ် ဝင်ရောက်ခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကုမ္ပဏီအဖွဲ့အစည်းနှင့်အတူ တိုးတက်လာကာ လက်ရှိတွင် Finance Manager ရာထူးဖြင့် လုပ်ကိုင်လျက်ရှိပါသည်။ သူမ၏ လုပ်ငန်းအတွေ့အကြုံ တစ်လျှောက်လုံးတွင်၊ စဉ်ဆက်မပြတ် သင်ယူလိုသော စိတ်ထားနှင့် ကုမ္ပဏီအုပ်စု၏ အောင်မြင်မှုအတွက် ပါဝင်ကူညီလိုသော ဆုံးဖြတ်ချက်တို့ကြောင့် တာဝန်ဝတ္တရားအသစ်များနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ပါသည်။

သူမ၏ လုပ်ငန်းအတွေ့အကြုံကို ပြန်လည်သုံးသပ်ကြည့်ပါက ပရော်ဖက်ရှင်နယ် တိုးတက်မှုသည် သူမ၏ အကြီးမားဆုံး ဂုဏ်ယူစရာအောင်မြင်မှုများထဲမှ တစ်ခုဖြစ်ပြီး၊ အဆိုပါ တိုးတက်မှုမှာ ခိုင်မာသောဆုံးဖြတ်ချက်၊ ဇွဲလုံ့လနှင့် ထိရောက်သော လုပ်ဆောင်မှုများမှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆပါသည်။ နှစ်ကာလများစွာတစ်လျှောက် မပြောင်းလဲဘဲ တည်မြဲခဲ့သောအရာမှာ သူမ၏ အပြုသဘောဆောင်သော ရှုမြင်ပုံနှင့် ကုမ္ပဏီအုပ်စု၏ အသင်းအဖွဲ့လိုက်ဆောင်ရွက်တတ်မှု၊ သိက္ခာရှိမှုနှင့် ခံနိုင်ရည်ရှိမှုတို့အပေါ် ယုံကြည်မှုတို့ဖြစ်သည်။ FMI ၏ ၃၅ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပရင်း၊ ဒေါ်ခင်စန္ဒီကျော်စွာသည် ကုမ္ပဏီအုပ်စုအနေဖြင့် မှတ်တိုင်သစ်များ ဆက်လက်တည်ဆောက်နိုင်ပြီး၊ ဝန်ထမ်းများ၏ စုပေါင်းအားထုတ်မှုများဖြင့် အတူတကွ ပိုမို တိုးတက်လာစေရန် မျှော်လင့်ပါသည်။

U Nyan Myint Aung joined Yoma Bank in 1995 as a General Worker and has grown alongside the organisation over the past three decades, culminating in his appointment as Chief Operating Officer in 2025. What began as a temporary opportunity ultimately became a rewarding lifelong career, shaped by continuous learning, growth, and new responsibilities. Throughout his journey, he has witnessed the Bank's transformation from a largely branch-based institution into a modern financial services provider delivering innovative products and services through both digital and physical channels.

Reflecting on his experience, he believes that treating customers with sincerity, honesty, and respect is the foundation of lasting relationships and enduring trust. What has kept him motivated over the years is Yoma Bank's commitment to being a Lifelong Banking Partner for its customers and the opportunity to grow alongside the Bank's continued evolution. As FMI celebrates its 35th anniversary, U Nyan Myint Aung hopes the Group will continue advancing its mission of building a better Myanmar for its people and creating a positive impact for future generations.




**U Nyan Myint Aung**
*Chief Operating Officer*
*Yoma Bank*

**What began as a temporary opportunity became a rewarding career spanning more than three decades. As Yoma Bank grew and evolved, I had the opportunity to grow alongside it, both professionally and personally.**

ဦးညာဏ်မြင့်အောင်သည် ၁၉၉၅ ခုနှစ်တွင် ရိုးမဘဏ်သို့ အထွေထွေဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး၊ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်အတွင်း ကုမ္ပဏီအဖွဲ့အစည်းနှင့်အတူ တိုးတက်လာကာ ၂၀၂၅ ခုနှစ်တွင် Chief Operating Officer ရာထူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ယာယီအခွင့်အရေးတစ်ခုအဖြစ် စတင်ခဲ့ရာမှ နောက်ဆုံးတွင် အဆက်မပြတ် သင်ယူမှု၊ တိုးတက်မှုနှင့် တာဝန်အသစ်များဖြင့် ပုံဖော်ထားသော တစ်သက်တာအသက်မွေးဝမ်းကျောင်းအဖြစ် ပြောင်းလဲလာခဲ့ပါသည်။ သူ၏ လုပ်ငန်းသက်တမ်းတစ်လျှောက်တွင် ဘဏ်သည် ဌာနခွဲအခြေပြု အဖွဲ့အစည်းကြီးမှ ဒီဂျစ်တယ်နှင့် ရုပ်ပိုင်းဆိုင်ရာ လမ်းကြောင်း နှစ်ခုစလုံးဖြင့် ဆန်းသစ်သော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ပေးနိုင်သော ခေတ်မီငွေကြေးဝန်ဆောင်မှုပေးသောလုပ်ငန်းအဖြစ် အသွင်ပြောင်းလဲလာသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။

သူ၏ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ကြည့်ရင်း သုံးစွဲသူများကို ရိုးသားမှု၊ ဖြောင့်မတ်မှုနှင့် လေးစားမှုတို့ဖြင့် ဆက်ဆံခြင်းသည် ရေရှည်ဆက်ဆံရေးများနှင့် အပြန်အလှန်ယုံကြည်မှုအတွက် ခိုင်မာသော အုတ်မြစ်ဖြစ်ကြောင်း ယုံကြည်ပါသည်။ သူ့အား နှစ်ပေါင်းများစွာ စိတ်အားထက်သန်စွာဖြင့်လုပ်ကိုင်စေနိုင်ခဲ့သည့်အချက်မှာ ရိုးမဘဏ်၏ ဖောက်သည်များအတွက် တစ်သက်တာ ဘဏ်လုပ်ငန်း လုပ်ဖော်ဆောင်ဖက်အဖြစ် ရပ်တည်ပေးမည်ဆိုသော ကတိကဝတ်နှင့် ဘဏ်၏ စဉ်ဆက်မပြတ် ဆင့်ကဲပြောင်းလဲမှုနှင့်အတူ တိုးတက်လာရသည့် အခွင့်အရေးများကြောင့်ဖြစ်ပါသည်။ ဦးညာဏ်မြင့်အောင်အနေဖြင့် FMI ၏ ၃၅ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပရင်း ကုမ္ပဏီအုပ်စုသည် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံကို တည်ဆောက်ပေးရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖန်တီးပေးရန်ဟူသော မိမိ၏ရည်မှန်းချက်ကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဟု မျှော်လင့်မိပါသည်။

# BUILT BY PEOPLE
# FMI AT 35

Daw Mar Mar Aye joined Pun Hlaing Hospitals in 2005 as a Nursing Officer and has grown alongside the organisation over the past two decades, serving in leadership roles including Nursing Manager and Associate Nursing Director before assuming her current position as Emeritus Patron. Throughout her career, she has been driven by a passion for caring for others and making a meaningful difference in patients' lives.

Reflecting on her journey, she shares that the gratitude of patients and seeing them regain their health and return home safely remain the most rewarding and inspiring aspects of her work. She also takes pride in witnessing the hospital's transformation from its early years into a trusted healthcare institution recognised for its quality standards and patient-centred care. What has kept her committed throughout the years is the opportunity to serve patients, work alongside dedicated colleagues, and contribute to the advancement of healthcare in Myanmar. As FMI celebrates its 35th anniversary, Daw Mar Mar Aye hopes to see Pun Hlaing Hospitals and the Group continue to grow, innovate, and positively impact communities across the country.




**Daw Mar Mar Aye**
*Emeritus Patron, Nursing Department*
*Pun Hlaing Hospitals*

**The gratitude of patients and seeing them regain their health and return home safely have always been the most rewarding parts of my career and continue to inspire me every day.**

ဒေါ်မာမာအေးသည် ၂၀၀၅ ခုနှစ်တွင် Nursing Officer အဖြစ် ပန်းလှိုင်ဆေးရုံများသို့ ဝင်ရောက်ခဲ့ပြီး လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကာလအတွင်း ကုမ္ပဏီအဖွဲ့အစည်းနှင့်အတူ တိုးတက်လာကာ၊ သူမသည် Nursing Manager နှင့် Associate Nursing Director အပါအဝင် ခေါင်းဆောင်မှုရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် Emeritus Patron အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သူမ၏ လုပ်ငန်းအတွေ့အကြုံတစ်လျှောက်လုံးတွင် အခြားသူများအား စောင့်ရှောက်လိုသော စေတနာစိတ်ထက်သန်မှုနှင့် လူနာများ၏ ဘဝများ ကောင်းမွန်စွာ တိုးတက်ပြောင်းလဲစေရေးခံယူချက် တို့ကပင် သူမအား တွန်းအားဖြစ်စေခဲ့ပါသည်။ သူမ၏ အတွေ့အကြုံများကို ပြန်လည်ဆန်းစစ်ကြည့်ရာတွင်၊ လူနာများ၏ ကျေးဇူးတင်စကားနှင့် ၎င်းတို့ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီး အိမ်သို့ ဘေးကင်းစွာ ပြန်သွားနိုင်သည်ကို မြင်တွေ့ရခြင်းတို့သည် သူမ၏ အလုပ်၏ စိတ်ကျေနပ်မှုအရှိဆုံးနှင့် စိတ်ခွန်အားအဖြစ်ဆုံး အပိုင်းများဖြစ်ကြောင်း မျှဝေပြောကြားပါသည်။

ထို့အပြင် သူမသည် ဆေးရုံ၏ အစောပိုင်းနှစ်များမှ အရည်အသွေးမြင့်မားသော စံနှုန်းများနှင့် လူနာဗဟိုပြု စောင့်ရှောက်မှုအတွက် အသိအမှတ်ပြုခံရသော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲတိုးတက်လာသည်ကို မျက်မြင်တွေ့ရှိရခြင်းအတွက်လည်း ဂုဏ်ယူလျက်ရှိပါသည်။ နှစ်ကာလကြာအောင် သူမအား ဆုံးဖြတ်ချက်ခိုင်မာစေခဲ့သည်မှာ လူနာများကို ပြုစုစောင့်ရှောက်ရန်၊ လုံ့လရှိသော လုပ်ဖော်ဆောင်ဖက်များနှင့်အတူ လက်တွဲလုပ်ကိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီရန် အခွင့်အရေးရရှိခြင်းတို့ပင် ဖြစ်ပါသည်။ FMI သည် ၎င်း၏ ၃၅ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပချိန်တွင်၊ ဒေါ်မာမာအေးသည် ပန်းလှိုင်ဆေးရုံများနှင့် ကုမ္ပဏီအုပ်စုတစ်ခုလုံး ဆက်လက်တိုးတက်ပြီး ဆန်းသစ်တီထွင်မှုများ ဖန်တီးကာ နိုင်ငံတစ်ဝှမ်းရှိ လူမှုအသိုင်းအဝိုင်းများအပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖန်တီးနိုင်ရန် မျှော်လင့်ပါသည်။

U Than Htut Naing joined the Group in 1997 as an M&E Site Engineer with the FMI City Housing Project and has grown alongside the organisation over nearly three decades, currently serving as Project Director. Throughout his career, he has contributed to the Group's most significant developments, including StarCity, where he has been involved since its early stages and played a role in shaping it into one of Myanmar's leading residential communities.

Reflecting on his journey, he takes pride in helping transform undeveloped land into thriving neighbourhoods that enhance the quality of life for residents. What has kept him motivated over the years is the Group's culture of empowerment, recognition, and continuous growth, underpinned by its core values of innovation, teamwork, integrity, and respect. As FMI celebrates its 35th anniversary, U Than Htut Naing hopes the Group will continue building better communities and creating lasting positive impact for the people of Myanmar.



**U Than Htut Naing**
*Project Director*
*Yoma Land*

**Over nearly three decades, I have had the privilege of growing alongside the Group and contributing to developments that have helped shape Myanmar's evolving urban landscape.**

ဦးသန်းထွဋ်နိုင်သည် FMI City အိမ်ရာစီမံကိန်း၏ M&E Site Engineer အဖြစ် ကုမ္ပဏီအုပ်စုသို့ ၁၉၉၇ ခုနှစ်တွင်စတင်ဝင်ရောက်ခဲ့ပြီး နှစ်ပေါင်းသုံးဆယ်ကျော်အတွင်း ကုမ္ပဏီအဖွဲ့အစည်းနှင့်အတူ တိုးတက်လာကာ လက်ရှိတွင် Project Director အဖြစ် လုပ်ကိုင်လျက်ရှိပါသည်။ လုပ်ငန်းသက်တမ်းတစ်လျှောက်တွင် ကုမ္ပဏီအုပ်စု၏ အဓိက ဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ StarCity စီမံကိန်းတည်ဆောက်ရေး၏ အစောပိုင်းကာလများမှစတင်ပါဝင်ခဲ့ကာ မြန်မာနိုင်ငံ၏ ထိပ်တန်းလူနေအိမ်ရာအသိုင်းအဝိုင်းတစ်ခုဖြစ်လာအောင် ပုံဖော်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

သူ၏ လုပ်သက်တစ်လျှောက်တွင် မဖွံ့ဖြိုးသေးသောမြေယာများကို နေထိုင်သူများ၏ ဘဝအရည်အသွေး မြှင့်တင်ပေးသော စည်ကားဖွံ့ဖြိုးသည့် လူနေရပ်ကွက်များအဖြစ် ပြောင်းလဲဖန်တီးရာတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည့်အပေါ် ဂုဏ်ယူလျက်ရှိပါသည်။ သူ့အား နှစ်ကာလများစွာ စိတ်အားထက်သန်စေခဲ့သည်မှာ တီထွင်ကြံဆမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ သိက္ခာရှိမှုနှင့် အပြန်အလှန်လေးစားမှုဟူသော ကုမ္ပဏီအုပ်စု၏ အဓိကတန်ဖိုးများပေါ်တွင် အခြေခံတည်ဆောက်ထားသည့် လုပ်ပိုင်ခွင့်ပေးအပ်မှု၊ အသိအမှတ်ပြုမှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှု တို့ပင်ဖြစ်ပါသည်။ FMI သည် ၃၅ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပရင်း ဦးသန်းထွဋ်နိုင်အနေဖြင့် ကုမ္ပဏီအုပ်စုသည် ပိုမိုကောင်းမွန်သော လူနေမှုအသိုင်းအဝိုင်းများ ဆက်လက်တည်ဆောက်နိုင်ပြီး မြန်မာပြည်သူများ အတွက် ရေရှည်တည်တံ့သော အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ဖန်တီး ပေးနိုင်မည်ဟု မျှော်လင့်မိပါသည်။

# BUILT BY PEOPLE
# FMI AT 35

U Naing Lin Htun joined Memories Group in an operational role and has grown to his current position as Maintenance Assistant with Balloons Over Bagan. Throughout his journey, he has been inspired by the opportunity to meet people from different cultures and share the beauty, history, and heritage of Bagan with visitors from around the world.

Reflecting on his career, he takes pride in helping create memorable experiences for guests, particularly when hearing how their time in Myanmar left lasting impressions. Today, he plays an important role in supporting the safety and reliability of balloon operations. What has kept him motivated is the opportunity to continuously enhance the guest experience while contributing to Memories Group's mission of creating warm and lasting memories. As FMI celebrates its 35th anniversary, U Naing Lin Htun hopes to see Myanmar's tourism industry continue to grow sustainably, creating greater opportunities for local communities while preserving the country's rich cultural heritage.



**U Naing Lin Htun**
*Maintenance Assistant*
*Memories Group*

**I take great pride in helping introduce the beauty and heritage of Bagan to visitors from around the world. The most rewarding moments are hearing guests share the lasting memories they take home with them.**

ဦးနိုင်လင်းထွန်းသည် Memories Group တွင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရာထူးတစ်ခုဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ယခုအခါ Balloons Over Bagan ၌ Maintenance Assistant အဖြစ် တိုးတက်လာခဲ့သည်။ သူ၏လုပ်သက်တစ်လျှောက်လုံးတွင် မတူညီသော ယဉ်ကျေးမှုအမျိုးမျိုးမှ လူများနှင့် တွေ့ဆုံခွင့်ရခြင်းနှင့် ပုဂံ၏ အလှအပ၊ သမိုင်းကြောင်းနှင့် အမွေအနှစ်များကို ကမ္ဘာတစ်ဝှမ်းမှ ဧည့်သည်များအား ဝေမျှပေးနိုင်ခြင်းတို့ဖြင့် စိတ်အားထက်သန်စေခဲ့ပါသည်။

သူ၏ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ကြည့်ရင်း ဧည့်သည်များအတွက် အမှတ်တရဖြစ်စေသော အတွေ့အကြုံများ ဖန်တီးပေးနိုင်ခဲ့ခြင်းအတွက် အထူးသဖြင့် ၎င်းတို့၏ မြန်မာနိုင်ငံခရီးစဉ်က မမေ့နိုင်သော အမှတ်တရကောင်းများ ကျန်ရစ်ခဲ့ကြောင်း ကြားရချိန်တွင် သူသည် ဂုဏ်ယူဝင့်ကြွားမိပါသည်။ ယနေ့တွင် သူသည် မိုးပျံပူဖောင်းပျံသန်းခြင်းလုပ်ငန်းများ၏ ဘေးကင်းလုံခြုံမှုနှင့် ယုံကြည်စိတ်ချရမှုကို ပံ့ပိုးကူညီရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ သူ့အား စိတ်အားထက်သန်စေခဲ့သည်မှာ ဧည့်သည်များ၏ ခရီးစဉ်အတွေ့အကြုံကို အဆက်မပြတ် ပိုမိုကောင်းမွန်အောင် မြှင့်တင်နိုင်ခွင့်ရခြင်းနှင့် နွေးထွေးသော အမှတ်တရများကို ဖန်တီးပေးရန်ဆိုသည့် Memories Group ၏ ရည်မှန်းချက်ကို အထောက်အကူပြုနိုင်ခွင့်ရရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ FMI သည် ၃၅ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပသည့်အခါ ဦးနိုင်လင်းထွန်း အနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့စွာ ဆက်လက်တိုးတက်လာပြီး နိုင်ငံ၏ ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက် ဒေသခံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် မျှော်လင့်မိပါသည်။

# GROUP FINANCIAL SNAPSHOT

**MMK 705.4 Bn**

12-month Revenue

12-month revenue was driven by revenue growth from Financial Services and Healthcare Segments.

**34.5 %**

Gross Profit Margin

Improved GP margin was contributed from both Yoma Bank and Pun Hlaing Hospitals, supported by effective management of corresponding costs of funds and direct costs.

**MMK 56.6 Bn**

Total Comprehensive Income

Increased due to the strong revenue growth from financial services and healthcare services while overall administrative expenses broadly flat.

**MMK 34.8 Bn**

Net Profit Attributable to Equity Holders

Increased significantly, reflecting the Group's strong performance and continued value delivery to shareholders.

| | FY 2026* | FY 2025** | % Change |
|---|---|---|---|
| **Statement of Income (MMK '000)** | **Audited** | **Audited** | |
| Revenue | 705,406,617 | 554,715,695 | 27.2% |
| Gross Profit | 243,456,107 | 182,802,274 | 33.2% |
| Profit Before Tax | 74,082,551 | 11,950,272 | 519.9% |
| Net Profit | 56,697,691 | 10,930,965 | 418.7% |
| Total Comprehensive Income | 56,584,252 | 14,449,332 | 291.6% |
| Net Profit attributable to Equity Holders | 34,802,463 | 6,813,206 | 410.8% |
| Total Comprehensive income attributable to Equity Holders | 34,689,024 | 10,331,573 | 235.8% |
| Basic earnings per share (MMK) | 1,051 | 206 | 410.2% |
| **Statement of Financial Position (MMK '000)** | **As at 31-Mar-2026** | **As at 31-Mar-2025** | **% Change** |
| Current Assets | 4,976,682,642 | 3,942,662,602 | 26.2% |
| Non-current Assets | 1,215,690,311 | 1,078,234,942 | 12.7% |
| Total Assets | 6,192,372,953 | 5,020,897,544 | 23.3% |
| Current Liabilities | 5,501,667,605 | 4,393,812,344 | (25.2%) |
| Non-current Liabilities | 15,268,449 | 14,914,344 | (2.4%) |
| Total Liabilities | 5,516,936,054 | 4,408,726,688 | (25.1%) |
| Total Equity | 675,436,899 | 612,170,856 | 10.3% |
| Net Asset value per share (MMK) | 16,320*** | 14,791*** | 10.3% |
| **Financial Indicators** | | | |
| Gross Profit Margin (%) | 34.5 % | 33.0 % | 1.5pp |
| Net Profit Margin (%) | 8.0 % | 2.0 % | 6.0pp |
| Net Gearing (%) | 20.6 % | 20.1 % | 0.5pp |

* *Audited financial report covering the financial year FY 2026 (1 Apr'25 to 31 Mar'26).*

** *Audited financial report covering the financial year FY 2025 (1 Apr'24 to 31 Mar'25).*

*** *Net Asset Value Per Share is calculated by dividing the total net asset value of the Company by the number of outstanding shares (inclusive of convertible shares under Restructured Loan Agreement)*

## Revenue




## Net Asset Value Per Share




## Gross Profit and Net Profit Margin




## Core Operating EBITDA




## Earnings Per Share




## Net Assets Value Per Share




** FY Sep 2019 is the reporting period of six months between 1 April 2019 to 30 September 2019.*

** FY Mar 2022 is the reporting period of six months between 1 Oct 2021 to 31 March 2022.*

*** Dividend Income and Rental Income collectively made up less than 1% of total sources of income.*

## FMI Group's Overview

The Group continued to demonstrate resilience amid ongoing macroeconomic and operating challenges, delivering strong financial performance compared with previous year. The Group total revenue was boosted by 27.2% from MMK 554.7Bn in FY2025 to MMK 705.4Bn in FY2026, primarily driven by strong performance of Yoma Bank which contributed 82% of total revenue, followed by Pun Hlaing Hospitals at 18%. Revenue growth at Yoma Bank was supported by improvement across all major income streams. Interest income increased following the expansion of the loan portfolio to MMK 3.4Tn as at March 2026, after receiving the approval from Central Bank of Myanmar (CBM) to resume commercial lending activities. Despite the significant growth in lending portfolio, delinquency levels remained stable reflecting the continued strength of the Bank's credit quality management. In addition, treasury income increased alongside the expansion of the Bank's investment in treasury portfolio. Non-funded income also improved, supported by higher loan establishment fees, insurance commissions and bonuses from Prudential Insurance, and gains from foreign exchange transactions.

At Pun Hlaing Hospitals, revenue growth was driven by the continued organic expansion of healthcare services including overseas specialist doctor visits and broader patient outreach initiatives. Total patient volume increased by 7% year-to-year in FY2026. The success of medical check-up promotional packages and the "HEAL by Pun Hlaing" app digital platform, which enhanced service accessibility and operational efficiency, further contributed to the hospitals' financial performance.

The Group's gross profit contribution was enhanced by 33.2% year-to-year supported by strong revenue growth from both Yoma Bank and Pun Hlaing Hospitals. The improvement was mainly attributable to higher business volumes while cost of funds in the financial sector and direct costs in the healthcare sector were managed at a lower rate than revenue growth, resulting in a higher gross profit contribution and margins.

Although staff costs and general operating expenses increased across the Group, the administrative expenses slightly declined compared with previous year, mainly due to the lower expenses at Yoma Bank. The incentives to customers for early home loan settlement were massively reduced following the Bank's reduction in home loan exposure in line with CBM limits. Moreover, the reversal of provisions for non-performing loans (NPLs) upon recovery from NPL customers together with the reversal of over-provisioned for previously recognised earthquake losses at Yoma Bank, partially offset higher costs, including donations for earthquake relief and the recognition of additional reserve for general loan loss provision at Yoma Bank.

**+ 27.2%**

**REVENUE**

The share of profit from associates declined mostly due to lower profit sharing from StarCity and higher share of losses from Memories Group. Increased in finance costs was due to loan rescheduling fees incurred at Corporate and increase in interest rate. Due to aforementioned factors, the Group's net profit increased significantly from MMK 10.9Bn in FY2025 to MMK 56.7Bn in FY2026.

The Group's total assets increased by 23.3% to MMK 6.2Tn, mainly driven by the 57% increase in Yoma Bank's loan portfolio following the resumption of its commercial lending activities. Meanwhile, the total liabilities of the Group also increased by 25.1% to MMK 5.5Tn, largely attributable to higher customer deposit balances at Yoma Bank. While increasing the deposit portfolio, the Bank continued to prudently manage its loan-to-deposit ratio and maintain strong relationships with its value customers.

The Group's equity went up by 10.3% year-to-year particularly due to the increase in equity reserves at Yoma Bank as well as profit are not distributed in favour of strategic growth of the Group.

# ဘဏ္ဍာရေးသုံးသပ်ချက်

ကုမ္ပဏီအုပ်စုသည် စီးပွားရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရသော်လည်း ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပိုမိုကောင်းမွန်သော ဘဏ္ဍာရေးရလဒ်များကို ရရှိခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေသည် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅၅၄.၇ ဘီလီယံရရှိခဲ့ရာမှ ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇၀၅.၄ ဘီလီယံအထိ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၇.၂% တိုးတက်ခဲ့ပြီး၊ အဓိကအားဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်မှ ၈၂% နှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ပန်းလှိုင်ဆေးရုံများမှ ၁၈% ရရှိခဲ့ပါသည်။ ရိုးမဘဏ်၏ ဝင်ငွေတိုးတက်လာမှုမှာ ဘဏ်လုပ်ငန်းမှရရှိသော ဝင်ငွေရင်းမြစ်အားလုံးမှ ဝင်ငွေများ တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။ ရိုးမဘဏ် သည် စီးပွားရေးချေးငွေလုပ်ငန်းများကို ပြန်လည်ထုတ်ချေးရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ခွင့်ပြုချက်ရရှိခဲ့ပြီးနောက်၊ ၂၀၂၆ ခုနှစ်၊ မတ်လတွင် ချေးငွေပမာဏ ကျပ် ၃.၄ ထရီလီယံအထိ ထုတ်ချေးနိုင်ခဲ့သဖြင့် ဘဏ်ချေးငွေကဏ္ဍမှ ရရှိသော အတိုးဝင်ငွေများမှာလည်း မြင့်တက်လာခဲ့ပါသည်။ ချေးငွေပမာဏ တိုးများလာသော်လည်း အကြွေးပေးဆပ်ရန်ပျက်ကွက်မှု အခြေ အနေ (delinquency level) ကို ဆက်လက်ထိန်းထားနိုင်ခြင်းသည် ရိုးမဘဏ်၏ ကောင်းမွန်သည့် ချေးငွေထိန်းချုပ် စီမံခန့်ခွဲမှုကို ဆက်လက်ဖော်ပြနေပါသည်။ ထို့အပြင် ရိုးမဘဏ်၏ အစိုးရငွေတိုက် စာချုပ်များနှင့် ဘဏ်အချင်းချင်းကြား အပ်နှံငွေ အပိုင်းတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှု တိုးချဲ့လာမှုနှင့်အတူ ထိုရင်းနှီးမြှုပ်နှံမှုများမှလည်း ဝင်ငွေများ (treasury income) တိုးများလာခဲ့ပါသည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ မှရရှိသော ချေးငွေထုတ်ပေးမှုအပေါ် ကောက်ခံသည့် ဝန်ဆောင်ခ၊ Prudential အာမခံရောင်းချရာမှရရှိသော ကော်မရှင်ခနှင့် နိုင်ငံခြားငွေကြေး လဲလှယ်ရောင်းချမှု အစရှိသည်တို့မှ ရရှိသော ဝင်ငွေများသည်လည်း ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်လျှင် တိုးများလာခဲ့ပါသည်။

ပန်းလှိုင်ဆေးရုံများတွင်လည်း နိုင်ငံခြားမှ အထူးကုဆရာဝန်များ လာရောက်ကုသပေးမှုများ နှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို လူနာများထံ ပို၍ လက်လှမ်းမီအောင် တိုးချဲ့ဆောင်ရွက်မှုတို့အပါအဝင် ပင်မကျန်းမာရေး ဝန်ဆောင်မှုများ တိုးချဲ့နိုင်ခဲ့ခြင်းကြောင့် ဝင်ငွေများ ပိုမိုတိုးများလာခဲ့ပါသည်။ ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပန်းလှိုင်ဆေးရုံများသို့ လာရောက်ပြသသော လူနာဦးရေစုစုပေါင်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇% တိုးများလာခဲ့ပါသည်။ ဆေးစစ်ခြင်းများ (MCU) အတွက် အထူးလျှော့ဈေးဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် ရယူအသုံးပြုနိုင်သော “HEAL by Pun Hlaing" app ကို အသုံးပြု၍ ဝန်ဆောင်မှုများကို ပိုမိုလွယ်ကူထိရောက်စွာ ပေးနိုင်ခြင်းတို့ကြောင့် ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုကောင်းမွန်လာခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ အကြမ်းအမြတ် သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် ၃၃.၂% တိုးတက်လာခဲ့ပြီး၊ ရိုးမဘဏ် နှင့် ပန်းလှိုင်ဆေးရုံများမှ ဝင်ငွေများ သိသိသာသာတိုးတက်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထိုသို့ တိုးတက်လာခြင်းသည် ယခင်နှစ်ကထက် လုပ်ငန်းပမာဏပိုမိုများပြားလာပြီး၊ တစ်ဖက်တွင် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းကဏ္ဍ၏ အတိုးကုန်ကျစရိတ်များ (cost of funds) နှင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းကဏ္ဍ၏ တိုက်ရိုက်ကုန်ကျစရိတ်များ (direct costs) တက်နှုန်းကို ဝင်ငွေတိုးတက်လာမှုနှုန်းထက် နိမ့်အောင် စီမံထိန်းချုပ်နိုင်ခဲ့သဖြင့် အကြမ်းအမြတ်နှင့် အကြမ်းအမြတ်ရာခိုင်နှုန်းများ ပိုမိုတိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝန်ထမ်းစရိတ်များ နှင့် အထွေထွေလုပ်ငန်းလည်ပတ်မှုစရိတ်များ တိုးမြင့်လာခဲ့သော်လည်း၊ စုစုပေါင်းစီမံခန့်ခွဲမှု အသုံးစရိတ် အနည်းငယ်လျော့ကျသွားရခြင်းမှာ ရိုးမဘဏ်၏ စရိတ်များသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက လျော့နည်းသွားခြင်းကြောင့် ဖြစ်ပါသည်။ ရိုးမဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသော အိမ်ရာချေးငွေစည်းမျဉ်းများနှင့်အညီ အိမ်ရာချေးငွေပမာဏကို လျှော့ချပြီးခဲ့သဖြင့် အိမ်ရာချေးငွေများ စောလျင်စွာ ပြန်လည်ပေးဆပ်မှု အပေါ်ပေးရသည့် အကျိုးခံစားခွင့်စရိတ်များလည်း သိသိသာသာလျော့ကျသွားခဲ့ပါသည်။ ထို့အပြင် ထုတ်ချေးထားသော ချေးငွေများ ပြန်လည်ပေးဆပ်မှု ပို၍များပြားလာသည်နှင့်အမျှ ယခင်က သတ်မှတ်ခဲ့သော ဆုံးရှုံးနိုင်ခြေလျာထားချက်များကို လျှော့ချခြင်းနှင့် ယခင်က လျာထားခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုလျာထားချက်များကို လျှော့ချခြင်းတို့ ပြုလုပ်ခဲ့ပြီး တိုးမြင့်လာသော အသုံးစရိတ်များကို တစ်စိတ်တစ်ပိုင်း လျှော့ချနိုင်ခဲ့ပါသည်။

တွဲဖက်လုပ်ငန်းများမှ ရရှိသော အမြတ်ဝေစု လျော့နည်းလာရခြင်းမှာ အဓိကအားဖြင့် အိမ်ရာဖော်ထုတ် တည်ဆောက်ရေးကဏ္ဍမှ အမြတ်ခွဲဝေမှု လျော့နည်းလာခြင်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍမှ ခွဲဝေရရှိသော အရှုံးပမာဏ ပိုများလာခြင်း တို့ကြောင့် ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များ တိုးများလာရခြင်းမှာ ကုမ္ပဏီမှ ချေးငွေသက်တမ်းတိုးခြင်း (loan rescheduling) ပြုလုပ်ခြင်းတို့ကြောင့် ကုန်ကျခဲ့သော စရိတ်များနှင့် ချေးငွေအတိုးနှုန်းထား မြင့်တက်လာမှု တို့ကြောင့် ဖြစ်ပါသည်။ အထက်ဖော်ပြပါ အကြောင်းခြင်းရာများကြောင့် ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်သည် ၂၀၂၅ ဘဏ္ဍာရေးနှစ် တွင် ကျပ် ၁၀.၉ ဘီလီယံမှ ၂၀၂၆ ဘဏ္ဍာရေးနှစ် တွင် ကျပ် ၅၆.၇ ဘီလီယံအထိ သိသိသာသာ တိုးတက်လာခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း ရပိုင်ခွင့်များသည် ကျပ် ၆.၂ ထရီလီယံ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၃.၃% တိုးများလာခဲ့ပါသည်။ ထိုသို့ တိုးများလာသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ စီးပွားရေးချေးငွေများ ကိုပြန်လည်ထုတ်ချေးခြင်းကြောင့် ချေးငွေထုတ်ချေးမှု ပမာဏသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် ၅၇% တိုးတက်လာခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ စုစုပေါင်းပေးရန်တာဝန်သည်လည်း ကျပ် ၅.၅ ထရီလီယံ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၂၅.၁% တိုးများလာပြီး၊ အဓိကအားဖြင့် ရိုးမဘဏ်တွင် သုံးစွဲသူများ၏ အပ်နှံငွေများ တိုးများလာခြင်းကြောင့် ဖြစ်ပါသည်။ အပ်ငွေများ တိုးများလာသော်လည်း ဘဏ်သည် ချေးငွေနှင့်အပ်ငွေအချိုးအစား (loan-to-deposit ratio) ကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိပြီး တန်ဖိုးထားရသော customers များနှင့်လည်း ကောင်းမွန်သော ဆက်ဆံရေးများကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု ၏ မတည်ရင်းနှီးငွေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် ၁၀.၃% အထိတိုးမြင့်လာခဲ့ပြီး၊ ထိုသို့တိုးမြင့်လာရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း၏ မတည်သီးသန့် အရံထားငွေပမာဏ (equity reserve) မြင့်တက်လာခြင်းနှင့် ကုမ္ပဏီအုပ်စု မဟာဗျူဟာကျ ကြီးထွားနိုင်ရေးအတွက် ရရှိလာသော ဘဏ္ဍာရေးအကျိုးအမြတ်များကို ခွဲဝေခြင်းမပြုထားခြင်း တို့ကြောင့် ဖြစ်ပါသည်။

# SUBSIDIARIES' FINANCIAL
# PERFORMANCE

*MMK in Billion*

YOMA BANK

### Core EBITDA




### Revenue




### Profit Before Tax




*MMK in Billion*

PUN HLAING HOSPITALS

### Core EBITDA




### Revenue




### Profit Before Tax






# FINANCIAL SERVICES

YOMA BANK

## Committed to supporting customers' business growth through innovative banking solutions and improved service offerings

### Earthquake Recovery

Following the 7.7 magnitude earthquake that impacted Nay Pyi Taw, Mandalay and surrounding regions, the Bank implemented comprehensive relief and recovery initiatives to safeguard the well-being and safety of its employees, supported affected customers, and assisted the wider community, while ensuring continuity of essential banking services through the rapid restoration of operations. Immediate relief packages were disbursed to employees in the affected areas, and an employee donation fund was established to mobilise additional support. The Bank also proactively engaged with customers in impacted regions by offering loan restructuring options, including principal repayment pauses and interest deferrals, to ease short-term financial pressures, as customers restored and rebuilt their businesses. In addition, transaction fees were waived for donations made through the Bank's channels in support of earthquake relief efforts.

Furthermore, the Bank actively participated in nationwide programmes, such as Consortium Relief Fund, aimed at supporting Micro, Small, and Medium Enterprises (MSMEs) in business recovery, construction, and renovation efforts, as well as other recovery initiatives. The Bank also supported Yoma Group-led relief initiatives aimed at delivering timely assistance to earthquake affected communities.

## Lending Operations

During the year, the Bank maintained a strong focus on financing Small and Medium Enterprises (SMEs) as a key pillar of its assets writing strategy, underscoring its commitment to supporting a segment that plays a critical role in national economy through economic resilience, employment generation, and inclusive growth. SME financing performance more than doubled the target, providing clear validation that this strategic focus is appropriate and well aligned with the needs of the national economy, while also demonstrating robust market demand and continued progress toward the broader financial inclusion objectives of the Bank.

The total loan portfolio continued to grow during the financial year, while asset quality remained stable.

## Agent Banking

The Bank expanded its outreach through the acquisition of an Agent Banking license, positioning itself as one of the first banks to adopt this model within the domestic banking sector. This milestone was marked by the launch of a pilot programme at three locations, designed to extend basic banking services to customers in strategic high-traffic commercial locations.

Agent Banking represents a strategic priority for the Bank and plays an important role in supporting the country's progress toward greater financial inclusion. Through this model, the Bank is able to extend its reach beyond traditional branch networks by leveraging trusted local agents, bringing essential banking services closer to communities, and promoting financial inclusion in a cost-effective and scalable manner.

## International Remittance

In August 2025, the 2C2P remittance service was launched in partnership with 2C2P and Wave Money to support Myanmar migrant workers in sending money back by enabling secure and convenient remittance services through official channels. In addition, the Bank expanded its cross-border money transfer network through strategic partnerships with MoneyGram, Ria, DeeMoney, and Western Union, enhancing customer access to efficient, cost-effective, and reliable international inbound remittance solutions.

## Credit Card

The Bank introduced MPU Credit Card, marking an important milestone in the diversification of its lending and payment offerings. Initial issuance was selectively targeted at customers with established relationships and proven credit track records with the Bank. The MPU Credit Card supports the Bank's long-term strategic objectives by promoting digital payment adoption, strengthening participation in regulated card schemes, and enhancing customer convenience by enabling secure and cashless payment solutions.

## Renewable Energy

The installation of a large-scale solar power system at the Bank's Head Office







in StarCity represents a significant step in advancing its sustainability initiatives. The 592.38 kWp system, comprising 1,087 solar panels and a 525 kW inverter, generates clean energy while reducing reliance on grid electricity and diesel consumption, contributing to climate, sustainability, and energy efficiency objectives.

The Bank remains committed to further investments in renewable energy solutions, including the expansion of solar powered infrastructure across its branch network. These initiatives demonstrate its commitment to sustainable and responsible banking practices.

## Looking Ahead

Looking ahead, Yoma Bank will continue to strengthen its financial products and service delivery through a disciplined, customer-centric approach, supported by enhanced digital banking capabilities and a diversified network of customer touchpoints. The Bank will increasingly leverage its strengthened customer classification framework to deepen its understanding of customer needs and behaviours, enabling the delivery of tailored, fit-for-purpose banking solutions and supporting sound, data-driven decision making.

Through these initiatives, the Bank aims to further reinforce its position as a trusted, long-term banking partner for customers, businesses, and communities across Myanmar.

# ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍ

YOMA BANK

## မြေငလျင်ဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး

နေပြည်တော်၊ မန္တလေးနှင့် အနီးပတ်ဝန်းကျင်ဒေသများ၌ ရစ်ချ်တာစကေး ၇.၇ အဆင့်ရှိ ငလျင်ကြီး ဖြစ်ပွားပြီးနောက် ဘဏ်သည် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန်၊ ထိခိုက်နစ်နာခဲ့သော ဘဏ်သုံးစွဲသူများကို ကူညီပံ့ပိုးရန်နှင့် လူမှုအသိုင်းအဝိုင်းအား အထောက်အကူပြုရန်အတွက် အရေးပေါ်ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**တီထွင်ဆန်းသစ်ပြီး ပိုမိုကောင်းမွန်သော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် သုံးစွဲသူပြည်သူများ၏ စီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးလျက်ရှိပါသည်။**

ထို့အပြင် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများကို အမြန်ဆုံးပြန်လည်ထူထောင်ခြင်းဖြင့် အရေးကြီးသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်လက်လည်ပတ်စေရန် ဆောင်ရွက်ခဲ့ပါသည်။ ထိခိုက်ခံစားခဲ့ရသော ဒေသများရှိ ဝန်ထမ်းများအား အရေးပေါ် ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ပြီး၊ ထပ်မံကူညီပံ့ပိုးနိုင်ရန် ဝန်ထမ်းများမှ လှူဒါန်းသော ရန်ပုံငွေတစ်ရပ်ကိုလည်း တည်ထောင်ခဲ့သည်။ ဘဏ်သည် ငလျင်ဒဏ်ခံရသော ဒေသများရှိ သုံးစွဲသူများအား ချေးငွေပြန်ဆပ်ရန် ခေတ္တရပ်ဆိုင်းငံ့ပေးခြင်းနှင့် အတိုးရွှေ့ဆိုင်းခြင်း စသည့် ချေးငွေပြန်လည်ဖွဲ့စည်းခြင်း၊ ရွေးချယ်မှုများ ကမ်းလှမ်းခြင်းဖြင့် ၎င်းတို့၏ လုပ်ငန်းများ ပြန်လည်ထူထောင်ပြီး တည်ဆောက်ချိန်တွင် ကာလတိုငွေကြေးဖိအားများကို သက်သာစေရန် တက်ကြွစွာ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် မြေငလျင်ကယ်ဆယ်ရေး လုပ်ငန်းများအတွက် ဘဏ်၏ ဝန်ဆောင်မှုလမ်းကြောင်းများမှတစ်ဆင့် လှူဒါန်းသော ငွေပေးချေမှုများအပေါ် ကောက်ခံသည့် ဝန်ဆောင်ခများကိုလည်း ကင်းလွတ်ပေးခဲ့ပါသည်။



ဘဏ်အနေဖြင့် MSMEs (အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ၏ စီးပွားရေး ပြန်လည်နာလန်ထူရေး၊ ဆောက်လုပ်ရေးနှင့် ပြုပြင်မွမ်းမံရေး လုပ်ငန်းများအပြင် အခြားပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ပံ့ပိုးရန် ရည်ရွယ်သည့် Consortium Relief Fund ကဲ့သို့သော တစ်နိုင်ငံလုံးဆိုင်ရာ အစီအစဉ်များတွင်လည်း တက်ကြွစွာ ပါဝင်ခဲ့သည်။ ထို့အပြင် Yoma Group မှ ဦးဆောင်သော ကယ်ဆယ်ရေးအစီအစဉ်များကိုလည်း ပံ့ပိုးကူညီကာ မြေငလျင်ဒဏ်သင့်လူမှုအသိုင်းအဝိုင်းများထံ အချိန်မီ အကူအညီများရောက်ရှိစေရန် ဆောင်ရွက်ခဲ့သည်။

## ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ

ယခုနှစ်အတွင်း ဘဏ်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ချေးငွေဝန်ဆောင်မှုအပေါ် အဓိကမဏ္ဍိုင်အဖြစ် အာရုံစိုက်ခဲ့ပြီး အဆိုပါကဏ္ဍသည် စီးပွားရေးတိုးတက်မှုအားမြှင့်တင်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးခြင်းနှင့် အားလုံးပါဝင်သော တိုးတက်မှုမှတစ်ဆင့် နိုင်ငံ၏စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ကို ပံ့ပိုးပေးရန်ဆိုသည့် ဘဏ်၏ ကတိကဝတ်ကို ဖော်ဆောင်နေပါသည်။ SME ချေးငွေဝန်ဆောင်မှုလုပ်ငန်းသည် သတ်မှတ်ချက်ထက် နှစ်ဆကျော် ပိုမိုအောင်မြင်ခဲ့သောကြောင့် ဤမဟာဗျူဟာသည် သင့်လျော်ပြီး နိုင်ငံ့စီးပွားရေး၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိကြောင်း၊ ခိုင်မာသော ဈေးကွက်ဝယ်လိုအားနှင့် ဘဏ်၏ ကျယ်ပြန့်သော ဘဏ္ဍာရေးဆိုင်ရာ လူတိုင်းလက်လှမ်းမီနိုင်ရေး ရည်မှန်းချက်များဆီသို့ စဉ်ဆက်မပြတ် တိုးတက်နေကြောင်း ရှင်းလင်းစွာ အတည်ပြုပေးခဲ့ပါသည်။

ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ချေးငွေအစုစုသည် ဆက်လက်တိုးတက်လာခဲ့ပြီး၊ ရရန်ရှိပိုင်ဆိုင်မှု အရည်အသွေးမှာလည်း တည်ငြိမ်စွာ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

## ကိုယ်စားလှယ်ဘဏ်လုပ်ငန်း

ဘဏ်အနေဖြင့် Agent Banking လိုင်စင် ရရှိပြီးနောက် ၎င်း၏ လက်လှမ်းမီမှုကို ချဲ့ထွင်နိုင်ခဲ့ပြီး၊ ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍအတွင်း ဤလုပ်ငန်းပုံစံကို ပထမဆုံးစတင်ကျင့်သုံးသည့် ဘဏ်များအနက် တစ်ခုအဖြစ် ရပ်တည်လာခဲ့သည်။ သုံးစွဲသူများထံ အခြေခံဘဏ်လုပ်ငန်း ဝန်ဆောင်မှုများပိုမိုလွယ်ကူစွာ ရောက်ရှိစေရန် ရည်ရွယ်သည့် ရှေ့ပြေးအစီအစဉ်ကို လူအသွားအလာများသော စီးပွားရေးအချက်အချာနေရာများရှိ နေရာ ၃ ခုတွင် စတင်ဖွင့်လှစ်မိတ်ဆက်ခဲ့ပြီး မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပါသည်။

Agent Banking သည် ဘဏ်အတွက် အဓိက ဦးစားပေး ဆောင်ရွက်ရမည့် မဟာဗျူဟာမြောက် လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာရေးဝန်ဆောင်မှုများ လူတိုင်းလက်လှမ်းမီနိုင်ရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဤလုပ်ငန်းပုံစံမှတစ်ဆင့် ဘဏ်သည် ယုံကြည်စိတ်ချရသော ဒေသခံကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဘဏ်ခွဲများ မရှိသည့်နေရာများအထိပါ ဝန်ဆောင်မှုကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကျက်နိုင်ခဲ့ပါသည်။ ၎င်းအပြင် အခြေခံဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို လူထုနှင့် ပိုမိုနီးစပ်ရာသို့ ရောက်ရှိစေကာ ဘဏ္ဍာရေးဝန်ဆောင်မှုများကို ကုန်ကျစရိတ်သက်သာပြီး ပိုမိုကျယ်ပြန့်သော နည်းလမ်းဖြင့် လူတိုင်းလက်လှမ်းမီနိုင်အောင် ဖော်ဆောင်ပေးလျက်ရှိပါသည်။

## နိုင်ငံတကာငွေလွှဲခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တရားဝင် လမ်းကြောင်းများမှ တစ်ဆင့် ငွေပြန်လွှဲရာတွင် လုံခြုံစိတ်ချရပြီး အဆင်ပြေလွယ်ကူသော ငွေလွှဲဝန်ဆောင်မှုများ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ 2C2P ၊ Wave Money တို့နှင့် ပူးပေါင်းကာ 2C2P ငွေလွှဲဝန်ဆောင်မှုကို စတင်မိတ်ဆက်ခဲ့ပါသည်။ ထို့အပြင် MoneyGram၊ Ria၊ DeeMoney နှင့် Western Union တို့နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်းအားဖြင့် သုံးစွဲသူများအတွက် ထိရောက်မှုရှိသော၊ ကုန်ကျစရိတ်သက်သာသောနှင့် ယုံကြည်စိတ်ချရသော နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုများကို ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်ရန် နိုင်ငံတကာ ငွေလွှဲကွန်ရက်ကို တိုးချဲ့နိုင်ခဲ့ပါသည်။

## အကြွေးဝယ်ကတ်

MPU Credit Card ကို စတင်မိတ်ဆက်ခဲ့ပြီး ၎င်းသည် ဘဏ်၏ ချေးငွေနှင့် ငွေပေးချေမှုဝန်ဆောင်မှုအတွက် အရေးပါသော မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ပါသည်။ အစပိုင်းတွင် ကတ်ထုတ်ပေးခြင်းကို ဘဏ်နှင့် ယုံကြည်စိတ်ချရသော ဆက်ဆံရေးရှိပြီး ကောင်းမွန်သော ချေးငွေမှတ်တမ်းများရှိသည့် သုံးစွဲသူများကို ရွေးချယ်၍ ဝန်ဆောင်မှုပေးခဲ့ပါသည်။ MPU Credit Card သည် ဒီဂျစ်တယ်ငွေပေးချေမှု အသုံးပြုမှုကို မြှင့်တင်ခြင်း၊ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသော ကတ်စနစ်များအသုံးပြုမှုကို အားကောင်းစေခြင်းနှင့် လုံခြုံစိတ်ချရပြီး ငွေသားမလိုသော ငွေပေးချေမှုနည်းလမ်းများကို ပံ့ပိုးပေးခြင်းအားဖြင့် သုံးစွဲသူများကို ပိုမိုအဆင်ပြေစေကာ ဘဏ်၏ ရေရှည်မဟာဗျူဟာ ရည်မှန်းချက်များကို အထောက်အကူပြုလျက်ရှိပါသည်။

## ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

StarCity ရှိ ဘဏ်ရုံးချုပ်တွင် အကြီးစား နေရောင်ခြည်စွမ်းအင်သုံးစနစ် တစ်ခု (Solar Power System) တပ်ဆင်ခြင်းသည် ဘဏ်၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ 592.38kWP စနစ်ရှိသော ဆိုလာပြား ၁,၀၈၇ ချပ်နှင့် 525 kW ရှိ အင်ဗာတာဖြင့် သန့်ရှင်းသော စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်ပြီး၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဒီဇယ်အသုံးပြုမှုအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်ခြင်း၊ ရာသီဥတု ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် စွမ်းအင်ထိရောက်စွာ အသုံးပြုချမှုဆိုင်ရာ ရည်မှန်းချက်များကို အထောက်အကူပြုလျက်ရှိပါသည်။

ဘဏ်အနေဖြင့် ၎င်း၏ဘဏ်ခွဲများတွင် နေရောင်ခြည်စွမ်းအင်သုံး အခြေခံအဆောက် အအုံများ တိုးချဲ့ခြင်းအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်း အင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ဤလုပ်ဆောင် ချက်များသည် ဘဏ်အနေဖြင့် ရေရှည် တည်တံ့ခိုင်မြဲပြီး တာဝန်ယူမှုရှိသော ဘဏ်လုပ်ငန်း (Sustainable and Responsible Banking) ကျင့်စဉ်များကို လိုက်နာဆောင်ရွက်နေကြောင်း သက်သေပြလျက်ရှိပါသည်။

## အနာဂတ်အလားအလာ

ပိုမိုကောင်းမွန်သော ဒီဂျစ်တယ်ဘဏ်လုပ်ငန်း စွမ်းဆောင်ရည်များနှင့် သုံးစွဲသူများ ထိတွေ့ဆက်ဆံမှု ကွန်ရက်များကို အသုံးပြု၍ ရိုးမဘဏ်သည် စနစ်ကျပြီး သုံးစွဲသူကို ဗဟိုပြုသော ချဉ်းကပ်မှု (Customer-centric approach) ဖြင့် မိမိ၏ ဘဏ္ဍာရေးထုတ်ကုန်များနှင့် ဝန်ဆောင်မှုပေးခြင်းများကို ဆက်လက်မြှင့်တင်သွားမည် ဖြစ်သည်။ ဘဏ်အနေဖြင့် သုံးစွဲသူများ၏ လိုအပ်ချက်နှင့် အမူအကျင့်များကို ပိုမိုနားလည်နိုင်ရန်အတွက် သုံးစွဲသူအမျိုးအစား ခွဲခြားသတ်မှတ်မှုစနစ် (Customer Classification Framework) ကို ပိုမိုအသုံးချသွားမည် ဖြစ်သည်။ ၎င်းမှတစ်ဆင့် သုံးစွဲသူတစ်ဦးချင်းစီနှင့် ကိုက်ညီပြီး အမှန်တကယ်အသုံးတည့်မည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်နှင့် အချက်အလက်များကို အခြေခံသည့် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ဖော်ဆောင်သွားမည် ဖြစ်သည်။

ဤဆောင်ရွက်ချက်များမှတစ်ဆင့် ဘဏ်သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ သုံးစွဲသူများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူထုအသိုင်းအဝိုင်းများအတွက် ယုံကြည်စိတ်ချရသော ရေရှည်ဘဏ်လုပ်ငန်း မိတ်ဖက်အဖြစ် ရပ်တည်သွားရန် ရည်ရွယ်ပါသည်။




# HEALTHCARE

PUN HLAING
HOSPITALS

**Pun Hlaing Hospitals is dedicated to your well-being, providing a platform for a Smart Health Community**

## Advancing a Smart Health Community for Myanmar

Pun Hlaing Hospitals (Yoma OUE Pun Hlaing Hospital Limited) continued to demonstrate resilience and purpose in a dynamic operating environment. Guided by our commitment to serve, protect, and contribute, we are steadily progressing towards building a Smart Health Community that delivers accessible, high-quality care across the full continuum— from primary to tertiary services.

## Transformation Through Innovation and Technology

Pun Hlaing Hospitals remains committed to digital transformation and innovation to enhance patient outcomes and operational efficiency:

- Continued enhancement of the HEAL by Pun Hlaing app, improving digital access, patient engagement, and continuity of care.
- Advanced implementation of AI-powered imaging solutions in collaboration with Omega AI, strengthening diagnostic accuracy and efficiency.
- Progressed development of a Hub-and-Spoke service model, enabling better integration across facilities and expanding access to specialised care.

These initiatives underscore our focus on delivering seamless, technology-enabled, patient-centred healthcare services.

## Expanding a Connected Network of Care

Pun Hlaing Hospitals continues to operate an integrated and resilient healthcare network across Myanmar:

*Hospital Operations*

- Pun Hlaing Hospital, Hlaing Thar Yar – Yangon
- Pun Hlaing Hospital, Chan Aye Thar Zan – Mandalay
- Pun Hlaing Hospital, Thit Taw Quarter – Taunggyi

*HEAL Smart Health Community*

***Medical Towers:***

- Taw Win Clinic – Yangon
- North Dagon Clinic – Yangon

*HEAL Primary Clinics:*

- Kyi Myin Daing – Yangon
- Thingangyun – Yangon
- StarCity – Yangon
- Phyapon – Ayeyarwady
- Aung Pan – Shan State

### HEAL Ambulatory Services

***Main Histopathology Lab***

***Collection Centres:***

- North Dagon
- Aye Tharyar
- Sanpya
- Pazundaung
- Chan Aye Thar Zan

Through this network, Pun Hlaing Hospitals continues to strengthen accessibility and continuity of care across regions.

## Community Outreach and Social Impact

Pun Hlaing Hospitals remains deeply committed to community health and equitable access to care:

- Conducted twice-weekly CSR clinics in Yangon providing essential healthcare services to underserved populations.
- Delivered monthly charity clinics in Mandalay and Taunggyi, extending outreach beyond urban centres.




These initiatives reflect our dedication to improving health outcomes and supporting communities across Myanmar.

## FY2026 and Beyond – Branding, Communications & Marketing Strategy

FY2026 marks the acceleration of Pun Hlaing Hospitals as a unified healthcare group brand—built on trust, continuity of care, and clinically grounded compassion. The priority is clear: establish one master brand with strong local resonance, reinforcing national scale while delivering a consistent, high-quality experience across hospitals, HEAL, and diagnostics.

Growth will be driven by disciplined thought leadership and cohesive group narratives. We will elevate clinical excellence, patient outcomes, and strategic partnerships through an integrated mix of mass media, digital, and PR— ensuring credibility, visibility, and relevance in every channel.

Our positioning will centre on integrated care— seamlessly connecting primary, acute, and post-care services— to firmly establish Pun Hlaing Hospitals as a lifelong healthcare partner.

Retention will be strengthened through experience-led engagement, leveraging Key Opinion Leader or Key Opinion Consumer advocacy and value-based programs that reinforce loyalty and trust. At the same time, digital health and AI capabilities will expand access and signal a future-ready healthcare ecosystem.

Execution will remain rigorous and data-driven, with clear KPI accountability from campaign to conversion— ensuring measurable outcomes, operational discipline, and sustainable growth.

## Rooted in Purpose

Pun Hlaing Hospitals purpose remains unwavering: to build a better Myanmar by delivering accessible, affordable, and world-class healthcare.

As we continue our journey, we remain guided by our core values and long-term vision— strengthening healthcare systems, investing in innovation, and expanding access to quality care for all, regardless of the challenges ahead.

# ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

## မြန်မာနိုင်ငံအတွက် ခေတ်မီသည့် ကျန်းမာရေးအဖွဲ့အစည်း တစ်ခုကို ဖော်ဆောင်လျက်ရှိခြင်း

ပန်းလှိုင်ဆေးရုံ (YOMA OUE Pun Hlaing Hospital Limited) သည် ပြောင်းလဲနေသော လုပ်ငန်းလည်ပတ်မှု ပတ်ဝန်းကျင်အတွင်းတွင် ခံနိုင်ရည်ရှိမှုနှင့် ရည်ရွယ်ချက်ပြည့်ဝမှုကို ဆက်လက်ပြသနိုင်ခဲ့ပါသည်။ ဝန်ဆောင်မှုပေးရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုအသိုင်းအဝိုင်း အတွက် အကျိုးပြုရန်ဆိုသော ကျွန်ုပ်တို့၏ ကတိကဝတ်အောက်တွင်၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုမှ အဆင့်မြင့်ကုသမှုများအထိ အရည်အသွေးမြင့်ပြီး လက်လှမ်းမီနိုင်သော ကျန်းမာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်မည့် Smart Health Community တစ်ခုကို တဖြည်းဖြည်း ဖော်ဆောင်လျက်ရှိပါသည်။

**ပန်းလှိုင်ဆေးရုံသည် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးပြီး လူ့အဖွဲ့အစည်းအတွက်ခေတ်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု ပလက်ဖောင်းဖြင့် ဝန်ဆောင်မှု ပေးလျက် ရှိပါသည်။**

## တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာဖြင့် ပြောင်းလဲတိုးတက်ခြင်း

ပန်းလှိုင်ဆေးရုံသည် လူနာကုသမှုရလဒ်များ ပိုမိုကောင်းမွန်စေရန်နှင့် လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်များ မြှင့်တင်ရန် ဒီဂျစ်တယ်ပြောင်းလဲမှုနှင့် တီထွင်ဆန်းသစ်မှု များအပေါ် ဆက်လက်ရပ်တည် လုပ်ဆောင်လျက်ရှိပါသည်။

- ဒီဂျစ်တယ်ဝန်ဆောင်မှု လက်လှမ်းမီနိုင်မှု၊ လူနာများ၏ ပါဝင်ဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ်စောင့်ရှောက်မှုများဖြင့် HEAL by Pun Hlaing app ကို ဆက်လက်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။
- Omega AI နှင့် ပူးပေါင်းကာ AI သုံး ဆေးဘက်ဆိုင်ရာပုံရိပ်ဖော်စနစ်များကို အဆင့်မြှင့်တင်အသုံးပြုနိုင်ခဲ့ပြီး၊ ရောဂါရှာဖွေရာတွင် တိကျမှန်ကန်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု ထိရောက်မှုတို့ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။
- Hub-and-Spoke ဝန်ဆောင်မှုပုံစံကို အဆင့်မြှင့်တင် အကောင်အထည်ဖော်ခဲ့ရာ ဌာနများအကြား ချိတ်ဆက်ပေါင်းစည်း ဆောင်ရွက်နိုင်မှု ပိုမိုကောင်းမွန်လာပြီး အထူးပြုကုသမှုများကို လက်လှမ်းမီနိုင်ခဲ့ပါသည်။



ဤဆောင်ရွက်ချက်များသည် အဆင်ပြေချောမွေ့စေပြီး နည်းပညာအခြေပြုသော လူနာဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုကို ပေးရန် ကျွန်ုပ်တို့ အလေးထား ဆောင်ရွက်နေကြောင်းကို ပေါ်လွင်စေပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်ကို ဆက်လက်တိုးချဲ့ခြင်း

ပန်းလှိုင်ဆေးရုံသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ပေါင်းစပ်ပြီး တည်ငြိမ်ခိုင်မာသော ကျန်းမာရေးစောင့်ရှောက်မှု ကွန်ရက်တစ်ခုကို ဆက်လက်ထိန်းသိမ်းလည်ပတ်လျက်ရှိပါသည်။

### *ဆေးရုံလုပ်ငန်းများ*

- ပန်းလှိုင်ဆေးရုံ၊ လှိုင်သာယာ – ရန်ကုန်
- ပန်းလှိုင်ဆေးရုံ၊ ချမ်းအေးသာစံ – မန္တလေး
- ပန်းလှိုင်ဆေးရုံ၊ သစ်တောရပ်ကွက် – တောင်ကြီး

### *HEAL Smart Health Community*

**Medical Tower များ**

- တော်ဝင်ဆေးခန်း – ရန်ကုန်
- မြောက်ဒဂုံဆေးခန်း – ရန်ကုန်

### *HEAL အခြေခံကျန်းမာရေးဆေးခန်းများ*

- ကြည့်မြင်တိုင် – ရန်ကုန်
- သဃ်န်းကျွန်း – ရန်ကုန်
- StarCity – ရန်ကုန်
- ဖျာပုံ – ဧရာဝတီတိုင်း
- အောင်ပန်း – ရှမ်းပြည်နယ်

### *HEAL ပြင်ပလူနာဝန်ဆောင်မှုများ*

**အဓိက Histopathology ဓာတ်ခွဲခန်း နမူနာကောက်ယူရေးစင်တာများ (Collection Centres)**

- မြောက်ဒဂုံ
- အေးသာယာ
- စံပြ
- ပုဇွန်တောင်
- ချမ်းအေးသာစံ

ဤကွန်ရက်မှတစ်ဆင့် ပန်းလှိုင်ဆေးရုံသည် ဒေသအသီးသီးတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုလွယ်ကူစွာ ရရှိနိုင်ရေးနှင့် ကုသမှုအဆက်ပြတ်မှု မရှိစေရေး တို့ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါသည်။

## လူမှုအသိုင်းအဝိုင်း ပံ့ပိုးကူညီမှုနှင့် လူမှုအကျိုးပြုလုပ်ငန်းများ

ပန်းလှိုင်ဆေးရုံသည် လူထုကျန်းမာရေးမြှင့်တင်ရေးနှင့် လူတိုင်းအတွက် တန်းတူညီမျှသော ကျန်းမာရေးဝန်ဆောင်မှုရရှိရေးအပေါ် အလွန်အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

- ရန်ကုန်မြို့တွင် တစ်ပတ်လျှင် နှစ်ကြိမ် CSR ဆေးခန်းများ ဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှု လိုအပ်နေသော လူမှုအသိုင်းအဝိုင်းများအား အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ပံ့ပိုးပေးခဲ့ခြင်း။
- မန္တလေးနှင့် တောင်ကြီးမြို့များတွင် လစဉ် ပရဟိတဆေးခန်းများဖြင့် မြို့ပြဒေသများအပြင် အခြားဒေသများအထိ ကျန်းမာရေးဝန်ဆောင်မှုများ တိုးချဲ့ ပေးခဲ့ခြင်း။

ဤလုပ်ဆောင်မှုများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ လူမှုအသိုင်းအဝိုင်းများ၏ ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်လာစေရန်နှင့် ပြည်သူများအား ပံ့ပိုးကူညီနိုင်ရန် ပန်းလှိုင်ဆေးရုံ၏ ကတိကဝတ်နှင့် အားထုတ်မှုများကို ဖော်ပြနေပါသည်။

## ၂၀၂၆ ဘဏ္ဍာနှစ် နှင့် နောင်နှစ်များအတွက် အမှတ်တံဆိပ်ကောင်း တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးများနှင့် ဈေးကွက်ရှာဖွေရေး မဟာဗျူဟာ

၂၀၂၆ ဘဏ္ဍာနှစ်သည် ပန်းလှိုင်ဆေးရုံကို ယုံကြည်မှု၊ စဉ်ဆက်မပြတ် စောင့်ရှောက်မှုနှင့် ဆေးပညာအခြေပြု ကရုဏာတရားတို့ပေါ်တွင် အခြေခံသော ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းဖြင့် တည်ဆောက်ထားသည့် Brand တစ်ခုအဖြစ် အရှိန်မြှင့်တင်နိုင်ခဲ့ပါသည်။

အဓိက ဦးစားပေးမှာ ဒေသတွင်း လိုအပ်ချက်များနှင့်အညီ အဓိကကျသည့် အဖွဲ့အစည်းအမှတ်တံဆိပ်တစ်ခုကို တည်ထောင်ရန်ဖြစ်ပြီး ဆေးရုံများ၊ HEAL နှင့် ရောဂါရှာဖွေရေးဌာနများတွင် တစ်ပြေးညီ အရည်အသွေးမြင့် ဝန်ဆောင်မှုများဖြင့် နိုင်ငံတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် ရည်ရွယ်ပါသည်။

စနစ်ကျသော အတွေးအမြင်ရှိသည့် ဦးဆောင်နိုင်မှုနှင့် သဟဇာတဖြစ်သော ကုမ္ပဏီအဖွဲ့အစည်း၏ဆိုင်ရာ အတွေ့အကြုံများဖြင့် တိုးတက်မှုကို တွန်းအားပေးသွားမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် လူထုမီဒီယာ၊ ဒီဂျစ်တယ်နှင့် PR တို့ကို ပေါင်းစပ်အသုံးပြုကာ ဆေးဘက်ဆိုင်ရာ ထူးချွန်မှု၊ လူနာရလဒ်များနှင့် ဗျူဟာမြောက် ပူးပေါင်းဆက်ဆံရေးများကို မြှင့်တင်သွားမည်ဖြစ်ပြီး နယ်ပယ်အားလုံးတွင် ယုံကြည်စိတ်ချရမှု၊ မြင်သာမှုနှင့် ဆက်စပ်မှုကို အားကောင်းစေမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ရပ်တည်မှုသည် ပင်မစောင့်ရှောက်မှု၊ အရေးပေါ်ကုသရေးနှင့် ကုသပြီးနောက်ပိုင်း စောင့်ရှောက်မှုများကို ချောမွေ့စွာ ချိတ်ဆက်ပေးသော ပေါင်းစပ်ကုသရေးစနစ်ကို အဓိကထားမည်ဖြစ်ပြီး၊ ယင်းက ပန်းလှိုင်ဆေးရုံများအား ဘဝတစ်လျှောက်လုံး ကျန်းမာရေး မိတ်ဖက်အဖြစ် အခိုင်အမာ ရပ်တည်စေမည်ဖြစ်ပါသည်။

လူနာများကို အတွေ့အကြုံရှိသော ဝန်ဆောင်မှုများဖြင့် ပိုမိုအားဖြည့်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ယုံကြည်မှုနှင့်သစ္စာရှိမှုကို အထောက်အကူပြုစေသည့် တန်ဖိုးအခြေခံအစီအစဉ်များနှင့် Key Opinion Leader/ Key Opinion Consumer Advocacy များဖြင့် တိုးမြှင့်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဒီဂျစ်တယ် ကျန်းမာရေးနှင့် AI နည်းပညာစွမ်းရည်များက အနာဂတ်အတွက် အဆင်သင့်ဖြစ်သော ကျန်းမာရေးဂေဟစနစ် တစ်ခုအဖြစ် လက်လှမ်းမီစေရန် လမ်းစဖော်ဆောင်သွားမည် ဖြစ်ပါသည်။

လုပ်ဆောင်မှုများအားလုံးကို အချက်အလက်ကို အခြေခံသောချဉ်းကပ်မှုဖြင့် တိကျစွာ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး၊ Campaign မှ Conversion အထိ KPI Accountability ကို ရှင်းလင်းစွာ သတ်မှတ်ကာ တိုင်းတာနိုင်သော ရလဒ်များ၊ လုပ်ငန်းစဉ်စည်းကမ်းတကျ လည်ပတ်မှုနှင့် ရေရှည်တည်တံ့သော တိုးတက်မှုကို သေချာစေမည်ဖြစ်ပါသည်။

## ရည်ရွယ်ချက်အပေါ် အခြေခံတည်ဆောက်ထားခြင်း

ပန်းလှိုင်ဆေးရုံ၏ ရည်ရွယ်ချက်မှာ မယိမ်းယိုင်ဘဲ ခိုင်မာစွာတည်ရှိနေဆဲဖြစ်ပြီး လူတိုင်း လက်လှမ်းမီနိုင်သော၊ ကုန်ကျစရိတ်သင့်တင့်စွာနှင့် ကမ္ဘာ့အဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံတစ်ခုကို တည်ဆောက်ရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ခရီးစဉ်ကို ဆက်လက်လျှောက်လှမ်းရင်း အခြေခံတန်ဖိုးများနှင့် ရေရှည် မျှော်မှန်းချက်များကို လမ်းညွှန်အဖြစ် ဆက်လက်ကိုင်စွဲထားမည်ဖြစ်ပြီး၊ ကျန်းမာရေးစနစ်များကို ပိုမိုခိုင်မာစေခြင်း၊ နည်းပညာဆန်းသစ်တီထွင်မှုများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် စိန်ခေါ်မှုများ မည်သို့ပင်ရှိနေစေကာမူ လူတိုင်းအတွက် အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီစေရန် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# REAL ESTATE

## Building Better Communities for the Future of Myanmar

YOMA LAND

Yoma Land remains committed to shaping Myanmar's urban future despite market fluctuations and evolving conditions. As the country's leading integrated township developer, Yoma Land continues to drive transformation across four strategic developments: StarCity Estate, Padauk Garden Development, City Loft West and Yoma Central.

With a long-term view, the company focuses on creating communities that are safe, vibrant, and liveable offering a mix of aspirational and luxury residences supported by well-rounded amenities, strong design standards, and sustainable practices.

STARCITY STARVILLAS CITY LOFT ara YOMA CENTRAL
ESTELLA CITYVILLAS GALAXY TOWERS CITY LOFT WEST PADAUK GARDEN

## Key Operational Highlights in FY2026

### StarCity Estate

- With the growing population the estate has continued to work on giving high quality customer service, infrastructure needs and amenities and facilities throughout the year.
- StarCity added a full-fledged super market. The building will be completed in April 2026 and will cater to daily grocery needs not only within StarCity but for the vicinity townships around the estate.
- The growing population and the mix of retail, commercial, healthcare and education offer in StarCity will reposition the estate as a satellite city, among the growing industrial township of Thanlyin.



### City Loft West

- The City Loft West project has been well received by the community and the buyers as one upcoming residential project of the West Bank. The sales have started picking up gradually since its launch, and we are hopeful the project will continue to be an important pillar of Yoma Land.
- First tower of CLW has completed its topping-out ceremony in June 2026, which embarks a successful milestone of structure completion.



### Portfolio Resilience and Adaptability

- Strong sales momentum was sustained across key developments, including StarCity, City Loft West and ARA.
- Continued to focus on delivering a well-balanced residential mix, meeting the evolving expectations of homebuyers and investors.
- Maintained confidence through strategic design, product diversification, and an unwavering commitment to quality.

### Looking Ahead

Through every market cycle, Yoma Land remains focused on its mission: to build better communities for the future of Myanmar, with purpose, resilience, and long-term vision at the core.



# အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ

YOMA LAND

Yoma Land သည် ဈေးကွက် အတက်အကျများနှင့် ပြောင်းလဲနေသော အခြေအနေများကြားမှာပင် မြန်မာနိုင်ငံ၏ အနာဂတ်မြို့ပြလူနေမှုဘဝကို ပုံဖော်ရန်အတွက် ဆက်လက်ကြိုးပမ်းလျက်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ထိပ်တန်း အိမ်ရာစီမံကိန်း ဖော်ဆောင်သည့် ကုမ္ပဏီတစ်ခုဖြစ်သည့်အလျောက် Yoma Land သည် အထင်ကရ စီမံကိန်း လေးခုဖြစ်သည့် StarCity အိမ်ရာစီမံကိန်း၊ Padauk Garden အိမ်ရာစီမံကိန်း၊ City Loft West နှင့် Yoma Central တို့ကို ဆက်လက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

## အနာဂတ် မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်များ တည်ဆောက်ခြင်း။

ရေရှည်အကျိုးကိုမျှော်မှန်း၍ ကုမ္ပဏီသည် ဘေးကင်းလုံခြုံပြီး ပြည့်စုံကောင်းမွန်သည့် လူနေထိုင်မှုဝန်းကျင်ကို ဖန်တီးနိုင်ရန်အတွက် အဆင့်မြင့် ဒီဇိုင်းစံနှုန်းများ၊ သဘာဝနှင့် လိုက်လျောညီထွေဖြစ်သော နည်းလမ်းများဖြင့် နေချင်စဖွယ်ကောင်းသော ဗိမ်ခံအိမ်ရာများကို အကောင်အထည်ဖော် တည်ဆောက် လျက်ရှိပါသည်။

### Key Operational Highlights in FY2026

#### StarCity Estate

- နေထိုင်သူများ များပြားလာခြင်းနှင့်အတူ အရည်အသွေးကောင်းသော ဝန်ဆောင်မှုပေးခြင်းများ၊ အခြေခံအဆောက်အဦ၏လိုအပ်ချက်များ ဖြည့်ဆည်းခြင်း နှင့် အဆင်ပြေသော လူနေထိုင်မှုဝန်းကျင်များဖြစ်စေရန် တစ်နှစ်ပတ်လုံး ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။
- StarCity တွင် marketplace စူပါမားကတ် တစ်ခုကို ထပ်မံ ထည့်သွင်းခဲ့ပါသည်။ ထိုအဆောက်အဦ ကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ပြီးစီးမည်ဖြစ်ပြီး StarCity အတွင်းသာမက အနီးတစ်ဝိုက်ရှိ မြို့နယ်များအတွက်ပါ ကုန်စည်







မျိုးစုံ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

- နေထိုင်သူများပြားလာခြင်းနှင့်အတူ StarCity အတွင်းရှိ လက်လီရောင်းချမှုများ၊ စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကြောင့် အိမ်ရာအား သန်လျင်မြို့၏ တိုးတက်လာသော စက်မှုမြို့နယ်အကြား Metropolis Satellite City တစ်ခုအဖြစ် ပြောင်းလဲပေါ်ပေါက်လာမည် ဖြစ်ပါသည်။

## City Loft West

- City Loft West စီမံကိန်းသည် ပဲခူးမြစ်၏ အနောက်ကမ်းတွင် နောက်ထပ် ပေါ်ပေါက်လာသည့် လူနေအိမ်စီမံကိန်း တစ်ခုအဖြစ် ဒေသခံပြည်သူများနှင့် ဝယ်ယူသူများမှ အဆိုပါစီမံကိန်းအား စတင်မိတ်ဆက်ပြီးနောက် ရောင်းအားသည်လည်း တဖြည်းဖြည်းချင်း တိုးတက်လာပြီး၊ Yoma Land ၏ အရေးပါသောမဏ္ဍိုင်တစ်ခု ဖြစ်လာမည်ဟု ယူဆရပါသည်။
- ပထမဆုံး City Loft West တာဝါ၏ Topping-out Ceremony ကို ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ ၎င်းသည် အဆောက်အဦဆောက်လုပ်ပြီးစီးမှု၏ အောင်မြင်သည့် မှတ်တိုင်တစ်ခု ဖြစ်လာပါသည်။

## ကြံ့ကြံ့ခံနိုင်စွမ်းနှင့် လိုက်လျောညီထွေပြောင်းလဲနိုင်စွမ်းရှိသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ

- StarCity၊ City Loft West နှင့် ARA အပါအဝင် အဓိကစီမံကိန်းများ အရောင်းအဝယ်ကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။
- ဝယ်ယူသူများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ မျှော်လင့်ချက်နှင့်ကိုက်ညီသည့် ဟန်ချက်ညီသော အိမ်ရာအမျိုးအစားများကိုဖန်တီးရန် ဆက်လက် အာရုံစိုက်လျက်ရှိပါသည်။
- ကွဲပြားခြားနား စုံလင်သော အိမ်ရာအမျိုးအစားနှင့် အရည်အသွေး အာမခံချက်တို့ဖြင့် ဈေးကွက်ယုံကြည်မှုကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

## အနာဂတ်အလားအလာ

အနာဂတ်ကိုရှေးရှု၍ ဈေးကွက်အလှည့်အပြောင်းတိုင်းတွင် Yoma Land သည် မိမိ၏ရည်မှန်းချက်ဖြစ်သော "အနာဂတ် မြန်မာနိုင်ငံအတွက် ပိုမို ကောင်းမွန်သော လူမှုပတ်ဝန်းကျင်များ တည်ဆောက်ခြင်း" ဆိုသည့် ဆောင်ပုဒ်အတိုင်း ရည်ရွယ်ချက်ပြည့်ဝမှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်မျှော်မှန်းချက်တို့ကို အဓိကထားကာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။





# TOURISM

Memories GROUP

## Discover Myanmar's Enchanting Beauty with Memories Group

### Navigating Headwinds, Anchoring Presence

ကုမ္ပဏီသည် အသစ်ခန့်အပ်သော ဒါရိုက်တာများ ကို ကုမ္ပဏီများအုပ်စု၏ စီးပွားရေးလုပ်ငန်းများ၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းစဉ်များ၊ ဌာနတွင်း အုပ်ချုပ်မှုများ၊ စီမံအုပ်ချုပ်ပုံ အလေ့အကျင့်များနှင့် နေသားကျစေရန် လုပ်ငန်းဝင်သင်တန်း ကို ပြုလုပ် ပေးလျက်ရှိပါသည်။ ၎င်းသင်တန်း အစီအစဉ် တွင် လုပ်ငန်းခွင်များသို့ သွားရောက် လေ့လာခြင်း၊ ကုမ္ပဏီများအုပ်စု၏ စီးပွားရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးတင်ပြမှုများ ပြုလုပ် ခြင်း၊ မဟာဗျူဟာမြောက်သော အစီအစဉ်များနှင့် ရည်မှန်းချက်များချမှတ်ခြင်း၊ အဓိက စီမံအုပ်ချုပ် သူများနှင့် တွေ့ဆုံခြင်းနှင့် ကုမ္ပဏီလုပ်ငန်း၏ အဓိက နယ်ပယ်များအကြောင်း အသိပေးပြောကြား ခြင်းတို့ ပါဝင်သည်။

## ဒါရိုက်တာ အဖွဲ့ဝင်များကို သင်တန်းပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေမှု

ဖွံ့ဖြိုးတိုးတက်မှု သင်တန်းများအပြင် လက်ရှိဈေး ကွက်အခြေအနေ၊ စက်မှုလုပ်ငန်းများ၏ သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိ နေစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် စဉ်ဆက် မပြတ်တိုးတက် စေရန်အတွက် ဒါရိုက်တာများအား

ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် နှီးနှောဖလှယ်ပွဲများ၊ ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများသို့ ပုံမှန်တက်ရောက်ကြပါရန် တိုက်တွန်း ဆောင်ရွက်လျက်ရှိပါ သည်။ ၂၀၁၇ ခုနှစ် အကုန်ပိုင်းတွင် စတင်အသက်ဝင်ခဲ့သော မြန်မာကုမ္ပဏီများ ဥပဒေ ထွက်ပေါ်ချိန်မှစ၍ ကုမ္ပဏီသည် ဒါရိုက်တာများ ဖွံ့ဖြိုးရေးအစီအစဉ်များကို အချိန်မှန် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၉ ဇွန်လ တွင် Myanmar Institute of Directors မှ ပေးအပ်ခဲ့သော CG Awareness & Future Board Planning သင်တန်းတို့ ပါဝင်ပါသည်။ ၂၀၁၈ စက်တင်ဘာလ တွင်လည်း Baker McKenzie မှ ပေးအပ်သော Directors and Officers Duties under the Myanmar Companies Law သင်တန်းတို့ အပါအဝင်ဖြစ်ပါသည်။ ဒါရိုက်တာများကို လိုအပ်သော အရင်းအမြစ်များပေးထားပြီး စီမံခန့်ခွဲရေးအဖွဲ့နှင့် ကော်ပိုရိတ်အတွင်းရေးမှူးအဖွဲ့၏ အကူအညီဖြင့် နောက်ဆုံး စည်းမျဉ်းများကို အသိပေးခဲ့ပြီး တာဝန်များကို အချိန်မီထိ ရောက်စွာ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးပါသည်။

## သတင်းအချက်အလက် ရယူပိုင်ခွင့်

ဒါရိုက်တာအဖွဲ့သည် ရရှိသော သတင်းအချက်အလက်များကို သေချာစွာစဉ်းစားခြင်း၊ ဆုံးဖြတ်ခြင်းတို့ဖြင့် ၎င်းတို့၏တာဝန် ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ မတိုင်မီ လုံလောက်ပြည့်ဝသည့် သတင်းအချက်အလက်များကို ဒါရိုက်တာများထံ အချိန်မီတင်ပြနိုင်ရန် အလွန်အရေးကြီးကြောင်း စီမံခန့်ခွဲမှုအဖွဲ့မှ သတ်မှတ်ထားပါသည်။ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန်နှင့် ဒါရိုက်တာများ အချိန်လုံလုံလောက်လောက်ရှိစေရန်အတွက် ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ကော်မတီများနှင့် သက်ဆိုင်သည့် လိုအပ်သော စာရွက်စာတမ်းများကို ပုံမှန်အားဖြင့် အစည်းအဝေးမတိုင်မီတစ်ပတ်အလိုတွင် ဒါရိုက်တာများထံသို့ ဖြန့်ဝေပါသည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုစီကို လေ့လာ အကဲဖြတ်ရန်နှင့် အတည်ပြုပေးနိုင်ရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့နှင့် သက် ဆိုင်ရာ လုပ်ငန်းအဖွဲ့ တို့မှ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများ၊ နောက်ခံသမိုင်းကြောင်းများနှင့် မဖြစ်မနေ သိသင့်သိထိုက်သော အချက်အလက်တို့ကို ဒါရိုက်တာအဖွဲ့သို့ တင်ပြပါသည်။ ဒါရိုက်တာအဖွဲ့၏ တရားဝင်ခွင့်ပြုချက်ကိုရယူရန် မလိုအပ်သေးသည့် အစောပိုင်း အချိန်ကာလတွင်လည်း စီမံခန့်ခွဲမှုအဖွဲ့က အလားအလာရှိသော အရောင်းအဝယ်များနှင့် ဖြစ်နိုင်ချေရှိသော တည်ဆောက်ရေး လုပ်ငန်းများအကြောင်းကို ဒါရိုက်တာများထံအလွတ် သဘောတင်ပြခွင့်ပြုသည့် အလေ့အထများကိုလည်း ကုမ္ပဏီက ကျင့်သုံးခဲ့သည်။ လိုအပ်ပါက သတင်းအချက်အလက်များကို ပိုမိုပြည့်ဝစွာ ဖြည့်စွက်ရရှိနိုင်ရန် ဆွေးနွေးမှုများတွင် ပါဝင်နိုင် သည့် သို့မဟုတ် ထင်မြင်ယူဆချက်များကို ပေးနိုင် သည့် ကျွမ်းကျင်သူများ သို့မဟုတ် သီးခြားပုဂ္ဂိုလ်များကိုလည်းအတွက် ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီအစည်းအဝေးများသို့ ဖိတ် ခေါ်နိုင်ပါသည်။ စီမံခန့်ခွဲမှုအဖွဲ့သည် ဒါရိုက်တာအဖွဲ့ကို စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးကဏ္ဍများ၏ အလားအလာနှင့် ဈေးကွက်တုံ့ပြန်ချက်များကို ပုံမှန်တင်ပြအစီရင်ခံလေ့ရှိပါသည်။ သို့မှသာ ဒါရိုက်တာများအနေဖြင့် စီးပွားရေးကဏ္ဍများ၏ ခေတ်ရေစီးကြောင်းနှင့် ဈေးကွက်အနေအထားတို့ကို အမြဲတမ်းထိ တွေ့မှုရှိပြီး နားလည်သဘောပေါက်စေမည် ဖြစ်ပါသည်။ ဒါရိုက်တာများသည် စီမံခန့်ခွဲမှုအဖွဲ့၊ ကော်ပိုရိတ်အတွင်းရေးမှူးအဖွဲ့၊ ပြင်ပစာရင်း စစ်နှင့် ပြင်ပကျွမ်းကျင်သူတို့၏ အကြံဉာဏ်များကို ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် လိုအပ်သည့် အချိန်တိုင်းတွင် အပြည့်အဝ ရယူနိုင်ပါ သည်။

## ကော်ပိုရိတ် အတွင်းရေးမှူးအဖွဲ့

ကုမ္ပဏီသည် ဒါရိုက်တာများက တောင်းဆိုသော တောင်းဆိုမှုများကို ချောမွေ့စွာ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ထိုကိစ္စများကို သီးသန့်ဆောင်ရွက်ပေးနိုင် သည့် ကုမ္ပဏီတွင်း ကော်ပိုရိတ်အတွင်းရေးမှူးအဖွဲ့ (CST) ကို ဖွဲ့စည်းထားပေးပါသည်။ CST သည် အခြားသော တာဝန်များအပြင် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းခြင်း၊ အသစ်ပြုလုပ်ခြင်းတို့ကို မြန်မာကုမ္ပဏီများ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ ကုမ္ပဏီသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်များကော်မရှင် (“SECM”)၊ ရန်ကုန် စတော့အိပ်ချိန်း (“YSX”) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (“DICA”) တို့က ထုတ်ပြန်ထားသော သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝလိုက်နာမှုရှိမည် ဖြစ်ပါသည်။ CST သည် ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ ကော်မတီတစ်ခုစီ၏ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှုအဖွဲ့တို့ကို ကူညီပေးရပြီး CST သည် ဒါရိုက်တာအဖွဲ့အစည်းအဝေးများကို တက်ရောက်ခြင်း၊ အစည်းအဝေး မှတ်တမ်းများကိုပြင်ဆင်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ ဒါရိုက်တာအဖွဲ့ကော်မတီများ၊ စီမံခန့်ခွဲမှုအဖွဲ့တို့ ကြား တွင်ထိရောက်သော ဆက်သွယ်ညှိနှိုင်းမှုများ ရှိစေရန် ကူညီပေးရပါသည်။ CST သည် ဘုတ် အဖွဲ့တစ်ခုလုံး၏ ကျွမ်းကျင်မှုများနှင့် အသိပညာမျှတမှုများအတွက် နှစ်စဉ် ဆောင်ရွက် အကဲဖြတ်မှုကို ထောက်ပံ့ပေးပြီး စီမံခန့်ခွဲပါသည်။ ထို့ပြင် ဘုတ်အဖွဲ့၏ ချက်ချင်းအာရုံစိုက်မှု လိုအပ်သောကိစ္စရပ်များနှင့် တိုးတက်မှုများ ၏ အဓိကနယ်ပယ်များကို ဖော်ထုတ်ရန် CST မှ ထောက်ပံ့ပေးပါသည်။ CST သည် ကော်ပိုရိတ်အတွင်းရေးမှူး လုပ်ငန်းနှင့်သက်ဆိုင်သော အစည်းအဝေးများ၊ ကျွမ်းကျင်သူ အစီအစဉ်များကို လိုအပ်သလို တက်ရောက်ရပါသည်။

# ၁.၂။ ဒါရိုက်တာအဖွဲ့၏ဖွဲ့စည်းပုံနှင့်လမ်းညွှန်မှု

## ဒါရိုက်တာအဖွဲ့၏ အမှီအခိုကင်းမှု

ဒါရိုက်တာ အဖွဲ့၏ ၆၀ ရာခိုင်နှုန်း ကျော်သည် အမှုဆောင်မဟုတ်သော ဒါရိုက်တာများ သို့မဟုတ် လွတ်လပ်သော ဒါရိုက်တာများဖြစ်နေသောကြောင့် ဒါရိုက်တာအဖွဲ့သည် နေ့စဉ်လုပ်ငန်း လည်ပတ်မှုများတွင် လွတ်လပ်အမှီအခိုကင်းသော ပတ်ဝန်းကျင်တစ်ခုကို ထိန်းသိမ်းထားပါသည်။ ထို့အပြင် အမှုဆောင်မဟုတ်သော ဒါရိုက်တာများသည် ၎င်းတို့၏ မတူကွဲပြားသော အတွေ့အကြုံ သဘောထားများကို ယူဆောင်လာခြင်းကြောင့် လွတ်လပ်စွာ တွေးခေါ် မြော်မြင်သည့် ပတ် ဝန်းကျင်ကို ဖန်တီးစေနိုင် သဖြင့် ဒါရိုက်တာအဖွဲ့အတွင်း အုပ်စုဖွဲ့စဉ်းစားမှုဖြစ်ရပ်ကို ကာကွယ်ပေးပါသည်။ ထို့ပြင် NC တွင် ဒါရိုက်တာများသည် ကုမ္ပဏီ၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် အရေးပါသော ရှယ်ယာရှင်များနှင့် ဆက်သွယ်မှုတစ်စုံတစ်ရာ ရှိမရှိကို စာဖြင့်ရေးသားပြီး ဖော်ထုတ်တင်ပြရပါသည်။ ထိုဖော်ထုတ်ကြေညာချက်များကို အချိန်မှန်စစ်ဆေးပြီး ဒါရိုက်တာများသည် အကျိုးစီးပွားပဋိပက္ခမရှိစေရန် ဆောင်ရွက်ရပါသည်။ ဒါရိုက်တာများ၏ လွတ်လပ်မှုကို ဆုံးဖြတ်ရာတွင် DICA ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာ ချက်အမှတ် ၉၀/၂၀၂၀ တွင် ဖော်ပြ ထားသော သီးခြားလွတ်လပ်သော ဒါရိုက်တာများ၏ အရည်အသွေးများကို လိုက်နာမှုရှိစေရန် သတ်မှတ်ထားပါသည်။ CG လက်စွဲတွင် ဖော်ပြထားသော ဒါရိုက်တာအဖွဲ့ဝင်များအတွက် ကုမ္ပဏီ၏ ရည်ညွှန်းစည်းကမ်း ချက်များထဲတွင် သီးခြားလွတ်လပ်သော ဒါရိုက်တာ အဓိပ္ပာယ် ဖွင့်ဆိုချက်အရ ဒါရိုက်တာအဖွဲ့တွင် ၁၂ နှစ်ထက် ပို၍ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ပါက ထိုဒါရိုက်တာသည် သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦး ဖြစ်မဖြစ်ကို ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ SECM ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ အရ လွတ်လပ်သော ဒါရိုက်တာတစ်ဦးသည် (၁၂) နှစ်ကျော် သက်တမ်းအထိ ဆောင်ရွက်နိုင်ပြီး အဆိုပါ ဒါရိုက်တာအား လွတ်လပ်သောဒါရိုက်တာအဖြစ် ဆက်လက်သတ်မှတ်ရန် ဘုတ်အဖွဲ့၏ ခိုင်လုံသော အကြောင်းပြချက်နှင့် ကျိုးကြောင်းဆင်ခြင်မှုတို့ကို ထုတ်ဖော်ပြရမည် ဖြစ်သည်။ သို့ဖြစ်ပါ၍ ဒေါက်တာအောင်ထွန်းသက်သည် လွတ်လပ်သောအမှုဆောင်မဟုတ်သည့် ဒါရိုက်တာအဖြစ် (၁၂) နှစ်ထက်ပို၍ တာဝန်ထမ်းဆောင်လျက်ရှိသည့်အတွက် ဘုတ်အဖွဲ့သည် DICA အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၂၀၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ လက်စွဲတို့ပါ သတ်မှတ်ချက်များနှင့်အညီ အဆိုပါဒါရိုက်တာ၏ လွတ်လပ်မှုကို ပြန်လည်ဆန်းစစ်အကဲဖြတ်ခဲ့ရာ ၎င်းသည် အဆိုပါသတ်မှတ်ချက်များအားလုံးကို ဆက်လက်ပြည့်မီကြောင်း အတည်ပြုပါသည်။ ဒါရိုက်တာအဖွဲ့သည် အောက်ပါအချက်များကိုလည်း ထပ်မံထည့်သွင်းသုံးသပ်ထားပါသည်- (၁) သူသည် အမှီအခိုကင်း၍ လွတ်လပ်သည့် ဆုံးဖြတ်ချက်များကို အစဉ်တစိုက်ကျင့်သုံးခဲ့ခြင်း၊ (၂) NC အနေဖြင့် နှစ်စဉ် သီးခြားလွတ်လပ်မှု ရှိ/မရှိ ကို ပြန်လည်သုံးသပ်ရာတွင် လွတ်လပ်မှုကို ထိခိုက်စေသည့် အခြေအနေတစ်စုံတစ်ရာ မတွေ့ရခြင်း၊ (၃) သူ၏ ကာလရှည်ကြာ တာဝန်ထမ်းဆောင်မှုသည် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများကို နက်ရှိုင်းစွာ နားလည်လာစေပြီး ပိုမိုထိရောက်သော ကြီးကြပ်မှုများဖြင့် ပံ့ပိုးပေးနိုင်ခြင်း၊ (၄) စီမံခန့်ခွဲမှုအဖွဲ့ သို့မဟုတ် အဓိကရှယ်ယာရှင်များနှင့် စီးပွါးရေးအရဖြစ်စေ၊ မိသားစုအရဖြစ်စေ ဆက်နွယ်မှု မရှိခြင်း။

### ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အရွယ်အစား

ဒါရိုက်တာအဖွဲ့ကို ဒါရိုက်တာ (၅)ဦးနှင့် လွတ်လပ်သော အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ(၁) ဦး၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ (၃) ဦး၊ အမှုဆောင်ဒါရိုက်တာ (၁) ဦး တို့ဖြင့်ဖွဲ့စည်းထားပါသည်။ လွတ်လပ်သော ဒါရိုက်တာနှင့် အမှုဆောင်မဟုတ်သော ဒါရိုက်တာများသည် စီးပွားရေး၊ ဘဏ္ဍာရေးနယ်ပယ်များတွင် အတွေ့အကြုံများစွာ ရှိခြင်းကြောင့် ထိရောက်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ကြပါသည်။ ထို့အပြင် မတူကွဲပြားသော လူအ များလေးစားရသော ပုဂ္ဂိုလ်များနှင့် ဒါရိုက်တာအဖွဲ့ဝင်ကို ဖွဲ့စည်းထားသောကြောင့် ကုမ္ပဏီအနေဖြင့် အကျိုးကျေးဇူး များစွာ ရရှိပါသည်။ ၂၀၂၆ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီများ၏ ဖွဲ့စည်းပုံကို ဇယား တွင်ဖော်ပြထားပါသည်။

ဇယားကို စာမျက်နှာ (၆၈) တွင် ကြည့်ရှုနိုင်ပါသည်။

### ဒါရိုက်တာအဖွဲ့၏ အမျိုးအစားစုံလင်မှု

ကုမ္ပဏီသည် ဒါရိုက်တာအဖွဲ့ဝင်များ၏ မတူကွဲပြားသော အရည်အသွေးများ၊ ဗဟုသုတများ၊ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများကို ပေါင်းစု အားယူလျက် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အတွက်ဒါရိုက်တာအဖွဲ့ တွင် မတူညီကွဲပြားသူများ ပါဝင်ရန်အားပေးပါသည်။ ဤသို့ဖြင့် ကုမ္ပဏီ၏ ရေရှည်ကြီးထွားမှုနှင့် အောင်မြင်မှုများအတွက် တီထွင်ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ် ပုံများ၊ ရေရှည်တည်တံ့သည့် ပြိုင်ဆိုင်မှုရှိသော အားသာချက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။ NC သည် ဒါရိုက်တာ အဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံ အရွယ်အစားနှင့်ပါဝင်မှု (အရည်အချင်း၊ အသိပညာ၊ လုပ်ငန်းကဏ္ဍနှင့် အတွေ့အကြုံ၊ ကျားမ၊ အသက်၊ လူမျိုး၊ တာဝန် ထမ်းဆောင်သည့်ကာလနှင့် ယဉ်ကျေးမှုတို့ အပါအဝင်) တို့ကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်သော ပြောင်းလဲမှုများပြုလုပ်ရန် အကြံပေးပါသည်။

## ၁.၃။ အမှုဆောင်ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် (CEO) တို့၏ တာဝန်နှင့် အခန်းကဏ္ဍများကို ခွဲခြားခြင်း

### ဒါရိုက်တာအဖွဲ့၏ အမှုဆောင်မဟုတ်သောဥက္ကဋ္ဌ

ဒါရိုက်တာအဖွဲ့၏ အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့ကို လွတ်လပ်စွာဦးဆောင်ကာ နည်းဗျူဟာမြောက် လမ်းညွှန်မှုများပေးခြင်းနှင့် ကုမ္ပဏီ အုပ်ချုပ်မှုစနစ်၏ အဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ခြင်းတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဥက္ကဋ္ဌအနေဖြင့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းလည်ပတ်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ဒါရိုက်တာအဖွဲ့၏ တာဝန်ဝတ္တရားများအားလုံး ထိရောက်မှုရှိစေရန် တာဝန်ယူရသည်။

- အမှုဆောင်အရာရှိချုပ်နှင့် တိုင်ပင်ဆွေးနွေးကာ ဒါရိုက်တာအဖွဲ့အစည်းအဝေးအတွက် အစည်းအဝေး ခေါင်းစဉ်များ၊ အကြောင်းအရာများ ချမှတ်ခြင်း
- ဒါရိုက်တာအဖွဲ့အတွင်း ပွင့်လင်းမြင်သာသော ဆွေးနွေးဖလှယ်ခြင်း အလေ့အထတစ်ရပ်ကို တွန်းအားပေးရန်၊
- အစည်းအဝေး အကြောင်းအရာများနှင့် နည်းဗျူဟာကိစ္စရပ်များအား ဆွေးနွေးရာတွင် အချိန်အတိုင်းအတာ တစ်ခုအတွင်း ဆွေးနွေးခြင်း ဆုံးဖြတ်နိုင်ရန် လုံ့လဆောင်ပေးခြင်း
- ဒါရိုက်တာအဖွဲ့နှင့်ကော်မတီဝင်များ စွမ်းဆောင်ရည်နှင့် လွတ်လပ်သည့် ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းကို စိစစ်အကဲဖြတ်ခြင်း
- နှစ်ပတ်လည်နှင့် ရှယ်ယာရှင်အစည်းအဝေးများတွင် ရှယ်ယာရှင်များဒါရိုက်တာအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှု အဖွဲ့ဝင်များအကြား အပြုသဘော ဆောင်သည့် ဆွေးနွေးမှုများရရှိအောင် အဓိက လုပ်ဆောင်နေသူဖြစ်စရန်။

အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌဖြစ်သူ ဦးတင်ထွဋ်ဦးသည် နေ့စဉ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိဘဲ၊ ဒါရိုက်တာအဖွဲ့၏ ကြီးကြပ်မှုနှင့် အကြီးတန်းအရာရှိတာဝန်များကြား သီးခြားဖြစ် ရပ်တည်ပါသည်။

### ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်း အသီးသီးအတွက် အမှုဆောင်အရာရှိချုပ် (CEO) ၏ တာဝန်နှင့် အခန်းကဏ္ဍ

ကုမ္ပဏီအုပ်စု၏ လက်အောက်ခံ ကုမ္ပဏီများသည် ၎င်းတို့ CEO များ၏ ဦးဆောင်မှုဖြင့် သီးခြားတည်ရှိသော စီမံ ခန့်ခွဲမှုအဖွဲ့များက ၎င်းတို့၏သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက် နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး တာဝန်ခံရပါသည်။ သတ်မှတ်ထားသော CEO များသည် သက်ဆိုင်ရာ ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီမူဝါဒများအတိုင်း လုပ်ငန်းများအား အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည်။ အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာဖြစ်သော ဦးထွန်းထွန်းသည် အခြေခံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေးအဆင့်မြင့် ဆုံးဖြတ်ချက်များအတွက် ကုမ္ပဏီအုပ်စုအဆင့်မှ အကူအညီပေးခြင်း၊ သက်ဆိုင်ရာ CEO များကို အကူအညီပေးခြင်း၊ လုပ်ငန်းလည်ပတ်မှုများနှင့် ရင်းမြစ်များကို ခြုံငုံကြည့်ရှုခြင်း၊ ဘုတ်အဖွဲ့နှင့် လုပ်ငန်းဌာနများရှိ CEO များအကြား အဓိကဆက်သွယ်ပေးသူအဖြစ်တာဝန်ယူရခြင်း၊ ဒါရိုက်တာအဖွဲ့နှင့် ရှယ်ယာရှင်များထံမှ ယူဆချက်များကိုရရှိပြီးသည့် နောက်တွင် ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းများကို ချမှတ်ရန် တာဝန်ရှိခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီသည် ပုံမှန် CEO တစ်ဦးတည်း ခန့်အပ်ထားသည့် ရှေးရိုးစွဲပုံစံမျိုးမဟုတ်ပဲ ထိုတာဝန်ကို ကုမ္ပဏီ၏ထိပ်တန်း အမှုဆောင်အရာရှိများနှင့် CEO များအကြား ဖြန့်ဝေတာဝန်ယူသည့် အုပ်ချုပ်မှုပုံစံကို ကျင့်သုံးပါသည်။

စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံကို စာမျက်နှာ (၆၉) တွင် ကြည့်ရှုနိုင်ပါသည်။

## ၁.၄။ ဒါရိုက်တာအဖွဲ့အဖွဲ့ဝင်များ

### အမည်စာရင်းတင်သွင်းရေးကော်မတီ ဖွဲ့စည်းပုံနှင့် တာဝန်

**ဦးကြည်အေး**
(ဥက္ကဋ္ဌ)

**ဦးသန်းအောင်**
(အဖွဲ့ဝင်)

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**
(အဖွဲ့ဝင်)

NC တွင် အမှုဆောင်မဟုတ်သော ဒါရိုက်တာများဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ NC ကို ဒါရိုက်တာအဖွဲ့မှ လွှဲအပ် ထားသော လုပ်ကိုင်ခွင့် တာဝန်များနှင့်အတူ ဒါရိုက်တာအဖွဲ့က သတ်မှတ်ထားသော လုပ်ပိုင်ခွင့် စည်းမျဉ်းများဖြင့် ထိန်းချုပ်ထားပါသည်။ ဒါရိုက်တာအဖွဲ့နှင့် သူ၏အဖွဲ့ဝင်များကို ဘဏ္ဍာရေး၊ စီးပွားရေး၊ အစိုးရ ဌာနနှင့် ပညာရေးအစရှိသည့် ကဏ္ဍအသီးသီးတွင်အတွေ့အကြုံရှိသူများနှင့် မတူကွဲပြားသော ပုဂ္ဂိုလ်များပါဝင်သည့် ဒါရိုက်တာအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရန် ရည်ရွယ်၍ ဒါရိုက်တာအဖွဲ့အတွက်သင့်တော်သော အရည်အချင်း၊ စွမ်းရည်နှင့် အတွေ့အကြုံရှိသောသူများကိုဆုံးဖြတ် ရွေးချယ်ပေးရသည်။ ဒါရိုက်တာတစ်ဦးချင်းအား ခန့်အပ်ခြင်းနှင့် နုတ်ထွက်ခြင်းတို့အတွက် ပွင့်လင်းမြင်သာပြီး တရားဝင်မှုရှိခြင်းကို ထိန်းသိမ်းရန်အတွက် ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ အတည်ပြုချက်ကို ရယူရန် လိုအပ်ပါသည်။

NC သည် ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်ဦးရေ၊ ဒါရိုက်တာအဖွဲ့ အရွယ်အစား (ကျွမ်းကျင်မှု၊ အသိပညာ၊ အတွေ့အကြုံနှင့်ကွဲပြားခြားနားမှု အပါအဝင်) ပေါင်းစပ်ဖွဲ့စည်းမှုတို့ကို ပုံမှန် သုံးသပ်ပြီး ဒါရိုက်တာများအား အပြောင်းအလဲ ပြုလုပ်နိုင်ရန်ထောက်ခံချက်များပေးပါသည်။ ဤကော်မတီသည် အနည်းဆုံး (၃)နှစ်ပြည့်တိုင်း ဒါရိုက်တာအဖွဲ့ဝင်များ အားလုံးရာထူးမှနုတ်ထွက်ခြင်း၊ ပြန်လည်အဆိုပြုခြင်းနှင့် ပြန်လည်ခန့်ခြင်းတို့အား ၎င်းတို့ကိုယ်တိုင် အမည်စာရင်း ပြန် လည်တင်သွင်းစေရန် ကြီးကြပ်ရပါသည်။ NC သည် ဈေးကွက်အတွင်း ကုမ္ပဏီအနေဖြင့် ထိရောက်သည့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ဆက်လက်ရှိနေစေရန် မျှော်မှန်းကာ ကုမ္ပဏီခေါင်းဆောင်မှု လိုအပ်ချက်များ နှင့်အညီ အလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်မဟုတ်သော ဒါရိုက်တာများအား ပြန်လည်သုံးသပ်မှုကို ဆောင်ရွက်ရပါသည်။

NC ၏ တာဝန်များအသေးစိတ်ကို CG လက်စွဲတွင် လေ့လာဖတ်ရှုနိုင်ပါသည်။

## ဒါရိုက်တာများ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်း

NC သည် ဒါရိုက်တာတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို နှစ်စဉ်ပြန်လည်သုံးသပ်သည်။ ပြန်လည်ရွေးကောက် တင်မြှောက်ခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်းအတွက် ဒါရိုက်တာအဖွဲ့အား ထိရောက်သော လည်ပတ်မှုဖြစ်စေရန် ပါဝင်မှုရှိမရှိ၊ ကြိုတင်ပြင်ဆင်မှု၊ ပူးပေါင်းပါဝင်မှု၊ အချိန်ပေးလုပ်ဆောင်မှုတို့ ရှိ၊မရှိတို့ကို ထည့်သွင်းစဉ်းစားရန် အကြံပေးပါသည်။ ကုမ္ပဏီ၏ကိစ္စရပ်များကို ဒါရိုက်တာများက ကောင်းမွန်စွာ အာရုံစူးစိုက်ခြင်း ရှိမရှိနှင့် အခြားအဖွဲ့အစည်းများ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် လုပ်ဆောင်နေခြင်း ရှိ၊ မရှိ အပေါ်တွင်လည်း သုံးသပ်သည်။ ထို့အပြင် NC သည် ဒါရိုက်တာများ၏ အကျင့်စာရိတ္တနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွတ်လပ်မှုရှိမရှိ၊ ဆုံးဖြတ်ချက်အပေါ် အကျိုးသက်ရောက်နိုင်သော ဆက်နွယ်မှု သို့မဟုတ် အခြေအနေများ ရှိ၊မရှိကို လည်း ဆုံးဖြတ်သည်။ NC သည် ဒါရိုက်တာများ ကို ပြန်လည်နေရာချ ထားခြင်းနှင့် ပြန်လည် ခန့်အပ်ခြင်းများအားလုံး အချိန်မီ နိုင်ရန်ကို လည်းစောင့် ကြပ်ကြည့်ရှုပါသည်။ ဒါရိုက်တာများသည် (အမှုဆောင် ဥက္ကဋ္ဌ အပါအဝင်) ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်း မျဉ်းနှင့်အညီ အနည်းဆုံး (၃) နှစ်လျှင် တစ်ကြိမ် ပြန်လည် ရွေးကောက်တင်မြှောက် ခံရနိုင်သည်။ ထို့ကြောင့် နှစ်စဉ်ကျင်းပသော AGM တိုင်းတွင် အနည်းဆုံး ဒါရိုက်တာ သုံးပုံတစ်ပုံသည် ဒါရိုက်တာ အဖြစ်မှ အနားယူရမည်။ ရွေးကောက် တင်မြှောက်ခြင်း သို့မဟုတ် ပြန်လည်ရွေးကောက် တင်မြှောက်ခြင်း ခံရမည့် ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အစုရှယ်ယာရှင်များအား အသိပေးရန် AGM အကြောင်းကြားစာတွင် ထည့်သွင်းပေးထားပါသည်။ ၃၄ ကြိမ်မြောက် AGM တွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ဦးထွန်းထွန်းတို့သည် အငြိမ်းစားယူကာ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံဥပဒေ၏ ၁၆.၁၄ စည်းမျဉ်းအတိုင်း ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရန် ရွေးကောက်ပွဲကို ပြန်လည် ပြုလုပ်ခဲ့သည်။

## ဒါရိုက်တာအသစ်များ ခန့်အပ်မှုအတွက် လုပ်ငန်းစဉ် နှင့် လိုအပ်သော စံနှုန်းများ

ကုမ္ပဏီအနေဖြင့် ဒါရိုက်တာအသစ်များ ရွေးချယ်ရာတွင် ဘက်စုံချဉ်းကပ်မှုပုံစံကို အသုံးပြုပါသည်။ NC သည် ဒါရိုက်တာများနှင့် ဒါရိုက်တာဘုတ် အဖွဲ့ကော်မတီဝင်များ၏ ခန့်အပ်ခြင်း၊ ပြန်လည်ခန့်အပ်ခြင်းနှင့် ရပ်စဲခြင်းအတွက် လျာထားခြင်း အားလုံးကို ပြန်လည်သုံးသပ်ရာတွင် သမာဓိ၊ ဂုဏ်သိက္ခာ၊ စွမ်းဆောင်နိုင်မှု၊ လွတ်လပ်မှု အခြေအနေ၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ နှင့် CG လက်စွဲအောက်တွင် သတ်မှတ် ထားသော အခြားစံသတ်မှတ်ချက်များနှင့် NC မှ သတ်မှတ်ထားသော နောက်ထပ်သက်ဆိုင်ရာ အချက်အလက်များနှင့်အညီ အားလုံးကို ကြည့်ရှု ဆောင်ရွက်ပါသည်။ ဒါရိုက်တာအသစ်ခန့်ရန် လိုအပ်သည့်အခါ အလားအလာရှိသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရန် NC သည် ပွင့်လင်းမြင်သာမှုရှိသောကြော်ငြာ သို့မဟုတ် ပြင်ပကွန်ရက်များမှ ဝန်ဆောင်မှုများကို အသုံးပြုသည်။ ရွေးချယ်ရေး လုပ်ငန်းစဉ်အတွင်း NC သည် အောက်ပါတို့ကို ဆောင်ရွက်ရပါသည်။

- ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ကော်မတီများ၏ လက်ရှိဖွဲ့စည်းပုံ၊ ဗဟုသုတ၊ ကျွမ်းကျင် မှုနှင့် စွမ်းရည်တို့ကို ပြန်လည်သုံးသပ်ခြင်း၊
- ကုမ္ပဏီ၏ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ပြီး အင်တာဗျူး မစတင်မီ ခန့်အပ်ရန် အ မည်စာရင်းတင်သွင်းသူများ၏ ကိုယ်ရေးရာဇ ဝင် များကို ပြန်လည်သုံးသပ်ခြင်း၊
- NC ဥက္ကဋ္ဌ၊ အမှုဆောင်ဥက္ကဋ္ဌနှင့် အခြား NC အဖွဲ့ဝင်များသည် ကိုယ်စားလှယ်လောင်းများ ကို တွေ့ဆုံမေးမြန်းပြီးနောက် ဒါရိုက်တာ အဖွဲ့၏မတူကွဲပြားခြင်းဆိုင်ရာ ကတိကဝတ် ကို ထိန်းသိမ်းရန် အောက်ပါတို့ကိုအလေးပေး စဉ်းစားပါသည် -

(က) ကိုယ်စားလှယ်လောင်း၏ သီးခြားလွတ်လပ်ခွင့်အပေါ် စဉ်းစားခြင်း၊

(ခ) မတူကွဲပြားခြားနားသော ဒါရိုက်တာအဖွဲ့ကို ဆက်လက်ထိန်းသိမ်းထားရန် ရည်ရွယ်၍ ကိုယ်စားလှယ်လောင်း၏ ကျားမ၊ အသက်၊ ယဉ်ကျေးမှုနောက်ခံ၊ ကျွမ်းကျင်မှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာ နှင့် စီးပွားရေး အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားခြင်း၊

(ဂ) ကိုယ်စားလှယ်လောင်း၏ လုပ်ငန်းကဏ္ဍအတွင်း ကျင့်ဝတ်သိက္ခာနှင့်ဂုဏ် သတင်းများကို ထည့်သွင်းစဉ်းစားခြင်း။

## ဒါရိုက်တာများ၏ အချိန်ပေးနိုင်မှု

အချို့သော ဒါရိုက်တာများသည် အခြားကုမ္ပဏီအများအပြား၏ ဒါရိုက်တာရာထူးများတွင် တာဝန်ထမ်းဆောင်လျက် ရှိသော်လည်း အဆိုပါဒါရိုက်တာများသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် လမ်းညွှန်မှုပေးသူများအဖြစ် တာဝန် ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်နိုင်ကြောင်းနှင့် စိတ်အားထက်သန်မှုရှိကြောင်း ပြသနိုင်ခြင်းရှိ၊မရှိကို ဒါရိုက်တာအဖွဲ့နှင့် NC တို့ က သေချာစွာ ဆန်းစစ်ပါသည်။ NC သည် ဒါရိုက်တာတစ်ဦးက အများပိုင်စာရင်းသွင်းထားသော ကုမ္ပဏီ ငါးခုတွင်သာ ဒါရိုက်တာအဖွဲ့တွင်အဖြစ် ထမ်းဆောင်ခွင့်ရှိကြောင်း စည်းကမ်းချက် ချမှတ်ထားသည်။ ဒါရိုက်တာ တစ်ဦးစီသည် သူ၏တာဝန်ကို ထမ်းဆောင်ရန် လုံလောက်သောအချိန် ပေးနိုင်ခြင်း ရှိ၊မရှိအား အစည်းအဝေးများအတွင်း ၎င်းတို့၏ ပါဝင်မှုရှိ၊မရှိ တို့ကိုကြည့်၍ ထည့်သွင်း စဉ်းစားပါသည်။ ၂၀၂၆ ဘဏ္ဍာရေးနှစ် အတွင်း ကျင်းပသော အစည်းအဝေးများသို့ ဒါရိုက်တာများအားလုံး ပုံမှန်တက်ရောက်ခြင်း အပေါ်အခြေခံ၍၊ အခြား စာရင်းသွင်းထားသော ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒါရိုက်တာများအပါအဝင် ဒါရိုက်တာအားလုံးသည် ကုမ္ပဏီ၏ အရေးကိစ္စများကို လုံလောက်သောအချိန် ပေးအပ်၍ ကုမ္ပဏီအပေါ် အာရုံစိုက်မှုရှိကြောင်း NC က ယုံကြည်ပါသည်။

## ဒါရိုက်တာများနှင့် အဓိက စီမံခန့်ခွဲမှုအဖွဲ့ဝင် များအတွက် ဆက်ခံသူ ရွေးချယ်ရေးအစီအစဉ်

မြန်မာနိုင်ငံတွင် YSX ၏ စာရင်းသွင်းခံရသည့် ပထမဆုံးသော ကုမ္ပဏီအနေဖြင့် အနာဂတ်ကြိုတင်ပြင်ဆင်မှုအတွက် ဆက်ခံသူရွေးချယ်ရေး အစီအစဉ်ရေးဆွဲခြင်း၏ အရေးပါမှုကို ကုမ္ပဏီကနားလည်အသိ အမှတ်ပြုပါသည်။ ကုမ္ပဏီ အနေဖြင့် ဆက်ခံသူရွေးချယ်ရေး အစီအစဉ်သည် အရည်အချင်းရှိသော ဝန်ထမ်းများကို ထိန်းသိမ်းရန် နည်းလမ်းတစ်ခုဖြစ်သည်ဟု ကုမ္ပဏီက အခိုင်အမာယုံကြည်ပြီး စီမံခန့်ခွဲရေး အဖွဲ့ဝင် များက အရည်အချင်းရှိသော အရည်အချင်းရှိသော ဝန်ထမ်းများအား ဖော်ထုတ်ရန်နှင့် ပြုစုပျိုးထောင်ရန် ပြန်လည် စစ်ဆေးမှုများကို ပုံမှန်ပြုလုပ်ကြပါသည်။

ဆက်ခံသူရွေးချယ်ရေးအတွက်စီမံကိန်းရေးဆွဲခြင်းကို တသမတ်ထဲ နည်းလမ်းဖြင့်လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်း သိရှိပါသည်။ထို့ကြောင့် ကုမ္ပဏီ၏စီးပွားရေး ဦးတည်ချက်များအပေါ် အခြေခံ၍ ၎င်း၏ဆက်ခံသူ ရွေးချယ်ရေးအစီအစဉ်ကို ကုမ္ပဏီမှတည်ဆောက် ထားပါသည်။ ထို့အတူ ကုမ္ပဏီအုပ်စု၏ ဆက်ခံသူရွေးချယ်ရေး အစီအစဉ်သည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုရာထူးများအတွက်သာမက အဖွဲ့အစည်း၏ အဆင့်တိုင်းတွင်ရှိသည့် ဝန်ထမ်းများအားလုံးအတွက်ပါ ထည့်သွင်း စဉ်းစားထားပါသည်။ ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ အဓိကရာထူးများမှာ “မှန်ကန်သော ကစားသမား” ကို ရှာဖွေခြင်းကဲ့သို့ပင် တူညီသော အရေးပါမှုရှိသည်ဟု မှတ်ယူပါသည်။

ပုံကို စာမျက်နှာ (၇၀) တွင် ကြည့်ရှုနိုင်ပါသည်။

အထက်ပါပုံတွင် ဒါရိုက်တာအဖွဲ့ သက်တမ်းတိုးခြင်းနှင့် ဆက်ခံသူရွေးချယ်ရေး အစီအစဉ်ရေးဆွဲခြင်းအတွက် လိုအပ်သော အကြောင်းရင်းများကို ခြုံငုံသုံးသပ်ထားပါသည်။ စီးပွားရေးဝန်းကျင်နှင့် စီးပွားရေးမဟာဗျူဟာများ ပြောင်းလဲလာ သည်နှင့်အမျှ ကုမ္ပဏီနှင့် ဒါရိုက် တာအဖွဲ့ကို အထောက်အကူပြုနိုင်ရန် အရည်အချင်း ပြည့်ဝသော ဒါရိုက်တာများကို လိုအပ်လာပါသည်။ ကုမ္ပဏီ၏ အဓိကစဉ်းစားရမည့် အချက်များမှာ -

(က) မဟာဗျူဟာမြောက် စီးပွားရေးစီမံချက်များ အပေါ်အခြေခံ၍ လိုအပ်သောအရည်အချင်းများကို သတ်မှတ်ခြင်း၊

(ခ) အရေးပါသော ရာထူးများ၏ လိုအပ်သော စွမ်းရည်များကို အတည်ပြုဆုံးဖြတ်ခြင်း၊

(ဂ) အရေးပါသော ရာထူးများနှင့် ရွေးချယ်ထားသော ဝန်ထမ်းများလိုက်ဖက်မှုအတွက် လိုအပ်ချက်များကို ကိုက်ညှိဆောင်ရွက်ပေးခြင်း၊

(ဃ) ရွေးချယ်ထားသော ဝန်ထမ်းများ ဖွံ့ဖြိုးတိုးတက်လာရန် အဆင့်မြင့်ဖွံ့ဖြိုးရေး အစီအစဉ်ကို ရေးဆွဲခြင်းနှင့်

(င) စွမ်းဆောင်ရည်ကို စစ်ဆေးအကဲဖြတ်၍ စောင့်ကြည့်လေ့လာခြင်း။

ဒါရိုက်တာအဖွဲ့ ဆက်ခံသူရွေးချယ်ရေး အစီအစဉ်နှင့် ပတ်သက်၍ အချိန်နှင့်အမျှ ဒါရိုက်တာအဖွဲ့အား အသစ်ပြန်လည် ဖွဲ့စည်းခြင်းကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး နှစ်ရှည်ကြာစွာ တာဝန်ထမ်းဆောင်လျက်ရှိသော ဒါရိုက်တာအဟောင်းများ၏ အတွေ့အကြုံများကို ရယူပြီး အသစ်ခန့်အပ်လိုက်သော ဒါရိုက်တာများ၏ ပြင်ပမှ ရှုထောင့်အမြင်သစ်များကိုပေါင်း စပ်ခြင်းဖြင့် ဒါရိုက်တာအဖွဲ့၏ ပြန်လည်သုံးသပ်မှု စွမ်းရည်ကို မြင့်တက်စေပါသည်။ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ရွေးချယ်ရေး အစီအစဉ်နှင့်ပတ်သက်၍ FMI သည် ဗဟိုချုပ်ကိုင်မှုမရှိသော (decentralised) ခေါင်းဆောင်မှုဖွဲ့စည်းပုံကို ကျင့်သုံးပြီး တစ်ဦးတည်းအပေါ်တွင် တာဝန်ပေးအပ်သောရွေးရိုးစွဲ Group CEO ပုံစံ (အမှုဆောင်အရာရှိချုပ်တစ်ဦးတည်းမှ လုပ်ငန်းအားလုံးအား စီမံခန့်ခွဲသောစနစ်) ကို ကျင့်သုံးခြင်းမရှိပါ။ ဒါရိုက်တာအဖွဲ့သည် စီးပွားရေးမဏ္ဍိုင်တစ်ခုချင်းစီ၏ အမှုဆောင်အရာရှိချုပ်များကို ဖြို့ငုံ၍ကြီးကြပ်ကွပ်ကဲပြီး ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် မဟာဗျူဟာမြောက် လှုပ်ရှားမှုများကို သုံးသပ်လမ်းညွှန်ချက်ပေးပါသည်။ ထို့ပြင် ဝန်ထမ်းများ၏ ရည်မှန်းချက်များကို ပြန်လည်ချိန်ညှိရန် သုံးလတစ်ကြိမ် ဆန်းစစ်မှုများပြုလုပ်ပြီး ထိုဆန်းစစ်ချက်များမှာ ကုမ္ပဏီအတွက်များစွာ အသုံးဝင်သည့် အပြင်ဝန်ထမ်းများ၏ လုပ်ငန်းခွင်ပုံစံများ၊ ရည်မှန်းချက်များ၊ အလားအလာများကို ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။

ရွေးချယ်ရေးအစီအစဉ်မှာ ဒါရိုက်တာအဖွဲ့၏ အရေးကြီးသော စီမံအုပ်ချုပ်မှု တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့နှင့်အတူ NC သည် အရည်အသွေး မြင့်မားသော ကိုယ်စားလှယ်လောင်းများကို စာရင်းပြုစုထားပြီး မမျှော်လင့်သော အခြေအနေတစ်ခု သို့မဟုတ် ကြိုတင်စီစဉ်ထားသောပြောင်းလဲမှုတစ်ခုအတွက် ရာထူးတာဝန်လက်ခံရယူနိုင်စေရန် စီမံထားပါသည်။ ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ကောင်းမွန်သော ခေါင်းဆောင်မှု ရှိရန်လိုအပ်ပြီး လုပ်ငန်းတာဝန် ဆက်ခံရေး အစီအစဉ်ရှိရန်မှာ အထူးအရေးကြီးကြောင်း ကုမ္ပဏီအုပ်စုမှ လက်ခံယုံကြည်ပါသည်။ ကုမ္ပဏီအုပ်စုသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများလုပ်ကိုင်လျက်ရှိ သည်မှာဆယ်စုနှစ် ၃ ခု ကျော်ခဲ့ပြီဖြစ်ပြီး ပထမ မျိုးဆက်ခေါင်းဆောင်မှုမှ လက်ရှိ ဒုတိယမျိုး ဆက်ခေါင်းဆောင်မှုထံသို့ ၁၀ နှစ်အတွင်း တဖြည်းဖြည်းချင်းအောင်မြင်စွာ ကူးပြောင်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် လုပ်ငန်းစွမ်းဆောင်ရည် အင်အားပြည့်ဝစေရန်နှင့် ခေါင်းဆောင်မှုစဉ် ဆက်မပြတ်ရေး အစီအစဉ်အရ စွမ်းဆောင်ရည် ရှိသူများကို လုပ်ငန်းခွင်၌သာမက လုပ်ငန်းခွင် ပြင်ပ၌ပါ အစဉ်ဖော် ထုတ်ရှာဖွေလျက် ရှိပါသည်။ ကုမ္ပဏီအုပ်စုတွင်လည်း ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြီးတန်းအရာရှိများနှင့် မန်နေဂျာများသည် ၎င်းတို့နေရာများ၌ ဆက်ခံမည့်သူများကို သတ်မှတ်ရွေးချယ် လေ့ကျင့်ပေးရန် "Work yourself out of a job" အစီအစဉ်ဖြင့် လက်ရှိ ခေါင်းဆောင်များက ပို၍ကြီးမားသော စီးပွားရေး ရည်မှန်းချက်များကို ရှာဖွေနိုင်ပြီး လူငယ်ခေါင်းဆောင်အသစ်များ အဆင့်မြင့်စီမံခန့်ခွဲမှု ရာထူးများတွင် လုပ်ကိုင်နိုင်ရန် နေရာ ပေးလျက်ရှိပါ သည်။ ကုမ္ပဏီအုပ်စု၏ လက်ရှိအောင်မြင်မှုမှာ ခေါင်းဆောင်များ၏ အရည်အချင်းနက်ရှိုင်းမှုနှင့်ကျယ်ပြန့်မှုတို့ကြောင့် ဖြစ်ကြောင်း ယုံကြည်ပါသည်။

ကုမ္ပဏီလုပ်ငန်းစုကို လာမည့်ကာလတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ၂၀၂၂ မတ်လ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီအုပ်စုအတွင်းရှိ အကြီးတန်းရာထူးနေရာများတွင် လုပ်ကိုင်နေသော ခေါင်းဆောင်ပေါင်း အယောက် ၄၀ ပါဝင်သည့် Yoma Emerging Leaders League ("YELL") အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုကာလအတွင်း အဖွဲ့ဝင်များသည် ဥက္ကဋ္ဌ၊ CEO အတွေ့အကြုံ လုပ်ငန်းအရာရှိများ နှင့် ပြင်ပရှိ အထူးဖိတ်ကြားထားသော ဧည့်သည်များနှင့် လစဉ်တွေ့ဆုံကာ ကုမ္ပဏီအုပ်စုအတွင်း လုပ်ငန်းခွဲများအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ နှင့် ကုမ္ပဏီအုပ်စု၏ စွမ်းဆောင်ရည် မြင့်တင်နိုင်ရေးတို့အတွက် အကြံဉာဏ်အသစ်များ ထုတ်ဖော်ခြင်းတို့ကို လုပ်ဆောင်ပါသည်။

## ၁.၅။ ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်

### ဒါရိုက်တာအဖွဲ့အား အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းစဉ်နှင့် စစ်ဆေးသည့် စံနှုန်းများ

ကုမ္ပဏီ၏လိုအပ်ချက်များနှင့် သင့်လျော်ညီညွတ်မှု ရှိစေရန်အတွက် ဒါရိုက်တာအဖွဲ့၏ အကဲဖြတ်မှု ရည်မှန်းချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ထိုရည်မှန်းချက်များကို ဆီလျော်အောင် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းများလုပ်ဆောင်ရန် NC တွင် အခွင့်အရေးရှိပါသည်။

ဒါရိုက်တာအဖွဲ့ ပြန်လည်သုံးသပ်ခြင်းတွင် ပါဝင်သော အကဲဖြတ်မှုစံနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

- ဒါရိုက်တာအဖွဲ့တွင် မတူကွဲပြားမှုများ ပါဝင်ဖွဲ့စည်းမှု (အရည်အသွေးမျိုးစုံ၊ အတွေ့အကြုံမျိုးစုံ၊ ဘဏ္ဍာရေးလုပ်ငန်းအတွေ့အကြုံရှိမှု၊ ဆုံးရှုံးနိုင်ချေနှင့် အခကြေးငွေဆိုင်ရာ စီမံ ခန့်ခွဲမှု၊ ပညာအရည်အချင်း၊ ဒါရိုက်တာများ ရှာဖွေခြင်းနှင့် ခန့်အပ်ခြင်း လုပ်ငန်းစဉ်များ တွင် မတူကွဲပြားမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း တို့ ပါဝင်သည်။)
- ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအပေါ်တွင် စိတ်အားထက်သန်စွာအချိန်ပေးမှု (အခြားတွင် ဒါရိုက်တာရာထူးများစွာ ရယူထားသည့် ဒါရိုက်တာများသည် ၎င်းတို့၏တာဝန်များကို ထမ်းဆောင်ရန် လုံလောက်သောအချိန်များ ပေးထားခြင်း ရှိ၊ မရှိကို စီစစ်ရန်လိုပါသည်။)
- ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ၏ ဖွဲ့စည်းပုံ (အစည်းအဝေးများကို သုံးလတစ်ကြိမ် ကျင်းပပါသည်။ စီးပွားရေးအရ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် လုံလောက်သော အကြိမ်အရေအတွက်၊ ပို့ဆောင်ထောက်ပံ့ရေး ကိစ္စရပ်များ၊ အ စည်းအဝေးအစီအစဉ်၊ ဒါရိုက်တာများအတွက် စာရွက်စာတမ်းများ၊ ဆွေးနွေးချက်တစ်ခုစီတိုင်းအတွက် လုံလောက်သော အချိန်ပေးမှု၊ လုံလောက်သော အကြံဉာဏ် များပေးအပ်နိုင်မှု၊ ဆွေးနွေးမှု များ၊ ငြင်းခုံ မှုများကို ကြောက်ရွံ့စရာမရှိဘဲ လွတ် လပ် စွာ ဆောင်ရွက်နိုင်သည့် အစည်းအဝေး ပတ် ဝန်းကျင်အခြေအနေ၊ သဘောမတူသော အမြင်များကိုလည်း ကြိုဆိုရန်၊ အစည်းအဝေး မှတ်တမ်း များကို စနစ်တကျ မှတ်တမ်းတင်ထားပြီး အတည်ပြုပေးရန်။)
- ဒါရိုက်တာအဖွဲ့၏ စီမံအုပ်ချုပ်မှု (သင့်လျော်သော ညှိနှိုင်းပြင်ဆင်မှုများ၊ ကုမ္ပဏီ၏ စာရင်းအင်းနှင့် ဘဏ္ဍာရေးအစီရင်ခံမှုနှင့် ဘဏ္ဍာရေးစနစ်များ မှန်ကန်ညီညွတ်မှုရှိစေရန်၊ အချိန်မီထုတ်ပြန်နိုင်မှု ဆုံးရှုံးနိုင်ချေရှိကိစ္စရပ်များ၊ ဆုံးရှုံးနိုင်ချေဆန်းစစ်ချက်အပါအဝင် အုပ်ချုပ်မှုနှင့် ဥပဒေလိုက်နာမှု ဆိုင်ရာကိစ္စရပ်များအား ဆန်းစစ်သုံးသပ်နိုင်ရန် ဒါရိုက်တာအဖွဲ့မှအချိန်လုံလောက်စွာ ပေးပါသည်။)
- အကျိုးစီးပွားသက်ဆိုင်သူများ၏ တန်ဖိုး (ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်များသည် အကျိုးစီးပွား ဆက်နွယ်သူများ၏ တန်ဖိုး ဖန်တီးနိုင်မှုနှင့် အမျိုးမျိုးသောအကျိုးစီးပွား ဆက်နွယ်သူများကို ဆက် သွယ်ထိတွေ့မှု နည်းလမ်းတို့ကို ဆန်းစစ်ရန်အတွက် လုံလောက်ပါသည်။ ဒါရိုက်တာအဖွဲ့သည် သတင်း အပြည့်အစုံရရှိမှု၊ စိတ်ကောင်းစေတနာရှိ မှု၊ တာဝန်ကျေပွန်မှု၊ ဂရုတစိုက် ရှိမှုတို့ဖြင့် ဆောင်ရွက်သောကြောင့် ရှယ်ယာရှင်များနှင့် အကျိုး စီးပွားသက်ဆိုင်သူများသည် မျှတသော ဆက်ဆံမှုကို ရရှိကြပါသည်။)
- စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့တို့၏ ဆက်ဆံရေး (စီမံခန့်ခွဲမှုအဖွဲ့ကို ဒါရိုက်တာအဖွဲ့က စောင့်ကြည့်လေ့လာပြီး အကဲဖြတ်ပါသည်။ စီမံခန့်ခွဲမှု အဖွဲ့၏ အခကြေးငွေခံစားခွင့်ကို ပြန်လည်သုံးသပ်ပါသည်။ ဒါရိုက်တာအဖွဲ့ နှင့် စီမံခန့်ခွဲမှုအဖွဲ့တို့သည် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရန်နှင့် တက်ကြွစွာ ဆက်သွယ်နိုင် သည့် အခွင့်အရေး ရှိပါသည်။)
- ဒါရိုက်တာအဖွဲ့ လေ့ကျင့်သင်တန်းပေးမှု (သီးခြားလွတ်လပ်သော ဒါရိုက်တာနှင့် အမှုဆောင်မဟုတ်သော ဒါရိုက်တာများအတွက် လုံလောက်သော လုပ်ငန်းခွင်သင်တန်း နှင့် စွမ်းဆောင်ရည် မြင့်တင်မှု သင်တန်းများကို ပြုလုပ်ပေးပြီး ဒါရိုက်တာအဖွဲ့သည် ကော်ပိုရိတ်ယဉ်ကျေးမှုနှင့် တန်ဖိုးများကိုချမှတ် ပေးသည်။)
- ဒါရိုက်တာအဖွဲ့အား အကဲဖြတ်သုံးသပ်ချက် (ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီများ၏ ထိရောက်မှုကို ဆန်းစစ်ရန် အတွက် စံနှုန်းများနှင့် လုပ်ငန်းစဉ်များကို ဖြည့်ဆည်း နိုင်သည့် စွမ်းအားတို့ကို ဆန်းစစ်နိုင်ရန် အကြံပြုပါသည်။)

NC ဥက္ကဋ္ဌသည် နှစ်စဉ် ဒါရိုက်တာအဖွဲ့တစ်ခု လုံး၏ စွမ်းဆောင်ရည်နှင့် ဒါရိုက်တာအဖွဲ့က ၎င်းတို့၏ တာဝန်များကို ထိရောက်စွာနှင့် သင့်တော်စွာ ထမ်းဆောင်နိုင်ရန် စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့တို့ ကြား သတင်းအချက်အလက် စီးဆင်း မှုနှင့်ဖြန့်ဝေမှုတို့၏ အရည်အသွေး၊ ပမာဏနှင့် အချိန်မှန်ဖြစ်

မှုတို့ကို ဆန်းစစ်တင်ပြပါသည်။ NC သည် ၎င်း၏ တာဝန်များကို ထမ်းဆောင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို တောင်းဆိုပိုင်ခွင့်ရှိပါသည်။ ထိုအချက်ထဲတွင် ဥပမာ အားဖြင့် ဒါရိုက်တာများ၏ နောက်ခံ သမိုင်းကြောင်း၊ ဒါရိုက်တာများက ၎င်းတို့ အမှီအခိုကင်းကြောင်း ကြေညာသည့်အခါတွင် ဖြည့်သွင်း ထားသည့် အချက်များလည်း ပါဝင်ပါသည်။

## အခန်း ၂။ လုပ်အားခနှင့် အကျိုးခံစားခွင့် ကိစ္စရပ်များ

### လုပ်အားခနှင့် အကျိုးခံစားခွင့် သတ်မှတ်ရေး ကော်မတီ ဖွဲ့စည်းပုံနှင့် တာဝန်

**ဦးတင်ထွန်းဦး**
(ဥက္ကဋ္ဌ)

**ဦးသန်းအောင်**
(အဖွဲ့ဝင်)

**ဦးကြည်အေး**
(အဖွဲ့ဝင်)

လုပ်အားခနှင့် အကျိုးခံစားခွင့် ငွေသတ်မှတ်ရေး ကော်မတီကို ဒါရိုက်တာအဖွဲ့ရှိ အဖွဲ့ဝင်ဒါရိုက်တာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အမှုဆောင်မဟုတ်သော ဒါရိုက်တာများသာ ပါဝင်ပါသည်။ RC ကော်မတီသည် ကုမ္ပဏီ၏ လုပ်အားခနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း မူဝါဒလုပ်ငန်းစဉ်များကို စဉ်းစားဆုံးဖြတ်ပြီး ဒါရိုက်တာအဖွဲ့ကို အကြံပေးမှုများ ပြုလုပ်ပေးရပါသည်။ RC ကော်မတီ သည် ကုမ္ပဏီ၏ မဟာဗျူဟာရည်မှန်းချက်များကို အထောက်အကူဖြစ်စေရန် အခကြေးငွေဆိုင်ရာ အစီအစဉ်များဖြင့် လုပ်ဆောင်ပေးခြင်းတို့အပြင် ဒါရိုက်တာများနှင့် အုပ်ချုပ်မှုဆိုင်ရာ အဓိက တာဝန်ရှိ ပုဂ္ဂိုလ်များ တာဝန်မှရပ်ဆိုင်း သည့်အခါတွင် ဝန်ဆောင်မှုသဘောတူညီချက် စာချုပ်ချုပ်ဆိုရာ၌ ထိုစာချုပ်ထဲတွင် မျှတပြီး ကြောင်း ဆီလျော်သော အချက်များ ပါဝင်စေရန် ဆောင်ရွက်ပေးရပါသည်။

RC ၏ တာဝန်များ အသေးစိတ်ကို CG လက်စွဲတွင် ဖတ်ရှုနိုင် ပါသည်။

### လုပ်အားခနှင့် အကျိုးခံစားခွင့်ဆိုင်ရာ မူဝါဒ

#### *၁။ လုပ်အားခနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ*

လုပ်အားခနှင့် ချီးမြှင့်ငွေသတ်မှတ်ရေးကော်မတီ (RC) သည် ဒါရိုက်တာများအတွက် အကျိုးခံစားခွင့်များ သတ်မှတ်ရာတွင် ပွင့်လင်းမြင်သာမှုရှိကာ စနစ်တကျရှိသည့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ပေးရ ပါသည်။ RC သည်တွင် ထမ်းဆောင် ရသည့် တာဝန်များနှင့် ကုမ္ပဏီအတွက် ကူညီပံ့ပိုးနိုင်မှုအပေါ် မူတည်၍ သင့်လျော်သော ခံစားခွင့်လစာများကို သတ်မှတ်ပြဋ္ဌာန်းပေးပါသည်။ လုပ်ငန်းအခြေအနေနှင့် အခြားကုမ္ပဏီများ၏ နှိုင်းယှဉ်နိုင်သောစံနှုန်းများ၊ ကုမ္ပဏီတွင်း လုပ်ငန်းစွမ်းဆောင်ရည်နှင့်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်စသည့် အချက်များကို ထည့်သွင်းစဉ်းစားပြီး သတ်မှတ်ခြင်းဖြစ်သည်။ RC ၏ အသေးစိတ်တာဝန်များကို ဖတ်ရှုပါ။ ညှိနှိုင်းဆွေးနွေး ပြီးနောက်တွင် RC သည် ၎င်း၏ အကြံပြု ချက်များကို ဘုတ်အဖွဲ့မှ ထောက်ခံချက်ပေးရန် တင်ပြရပါသည်။

RC အနေဖြင့် ဒါရိုက်တာများနှင့် အမှုဆောင်မဟုတ်သောဒါရိုက်တာများထံ ပေးအပ်ထားသော တာဝန်ဝတ္တရား၊ လုပ်ပိုင်ခွင့်နှင့် ကိုက်ညီမျှတသော၊ ကုမ္ပဏီအတွက် လုပ်ဆောင်ပေးနိုင်မှုနှင့် အချိုးကျထိုက်တန်သော အကျိုးခံစားခွင့်များကို ပေးအပ်နိုင်ရန်ကျွမ်းကျင်သူများထံမှ အကြံဉာဏ်ယူ လုပ်ဆောင်ပါသည်။ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိများအနေဖြင့် ရေရှည်တွင် ကုမ္ပဏီ၏ ကိစ္စရပ်များအပေါ် စိတ်ဝင်စားမှု အပြည့်ဖြင့် စိတ်ခွန်အားတက်ကြွစွာ စီမံခန့်ခွဲ လုပ်ဆောင်နိုင်စေရန် ၎င်းတို့အတွက် လုပ်အားခနှင့် အကျိုးခံစားခွင့်များ သတ်မှတ်ရာတွင် ဈေးကွက်တွင်း နှုန်းထားများနှင့် အညီ သတ်မှတ်လုပ် ဆောင်ပါသည်။ မည်သည့် ဒါရိုက်တာမှ မိမိ ကိုယ်တိုင်၏ လုပ်အားခနှင့် အကျိုးခံစားခွင့်များ အတွက် သတ်မှတ်ဆုံးဖြတ်ပိုင်ခွင့် မရှိပါ။

အမှုဆောင်ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိတစ်ဦးသည် ဘဏ္ဍာရေးရလဒ်များ မှားယွင်းစွာ ဖော်ပြခြင်း (သို့) သာမန်စီးပွားရေး အခြေအနေကြောင့် နစ်နာခြင်းမှလွဲ၍ အခြားလုပ်ဆောင်မှုလွဲမှားခြင်း (သို့) လိမ်လည်လှည့်ဖြားမှုအခြေအနေများတွင်ပါဝင်နေမှုကြောင့် ကုမ္ပဏီမှ ငွေကြေးဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ပါက နှစ်စဉ်ပေးအပ်သည့် အပိုဆုကြေးများကို RC မှ မပေးရန် ဆုံးဖြတ်ခွင့်ရှိသည်။ အမှုဆောင်ဒါရိုက်တာများနှင့် အမှုဆောင် အရာရှိများသည် တာဝန်ထမ်းဆောင်နေစဉ်ကာလတွင်သာ လုပ်အားခရရှိမှာဖြစ်ပြီး အလုပ်တာဝန်မှရပ်စဲခြင်းနှင့် ပင်စင်ခံစားခွင့်တို့ကို ရရှိမည်မဟုတ်ပါ။

#### *၂။ လုပ်အားခနှင့် အကျိုးခံစားခွင့် အမျိုးမျိုး သတ်မှတ်ခြင်း*

ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိများ၏ အခကြေးငွေ၊ အခြေခံ/ပုံသေလစာ၊ ပြောင်းလဲနိုင်သော (သို့) စွမ်းဆောင်ရည်ဆိုင်ရာ ဝင်ငွေ၊ ထောက်ပံ့ကြေးများ၊ အပိုဆုကြေးများ၊ ပေးအပ်ထားသော စတော့ရှယ်ယာများ၊ ရှယ်ယာအခြေခံသည့် အပိုဆုကြေးများနှင့် အခြားအကျိုးခံစားခွင့်များ အပါအဝင် အခြားအကျိုးခံစားခွင့်များ ဆိုင်ရာမူဘောင်ကို ဘုတ်အဖွဲ့မှ ပြန်လည်သုံးသပ် အကြံပေးရန် RC မှတင်ပြရသည်။ အမှုဆောင် အရာရှိများအတွက် လစာပေးရာတွင် (အခြေခံလစာပုံစံနှင့် လိုအပ်ပါက Yoma Group ၏ လူ့စွမ်းအားအရင်းအမြစ် မူဝါဒမှ သတ်မှတ်ထားသော ပုံသေထောက်ပံ့ကြေးများ) နှင့် ပြောင်းလဲနိုင်သော အကျိုးခံစားခွင့်များအဖြစ် ရေတိုအပိုဆုကြေးများဖြစ်သည့် နှစ်ကုန်တွင် ပေးအပ်သော ဘောနပ်စ်ဆုကြေးများ (နှင့်/သို့) ရေရှည်အပိုဆုကြေး အစီအစဉ်ဖြစ်သည့် ရှယ်ယာခွဲပေးခြင်းများနှင့် အခြားသော အကျိုးခံစားခွင့်တို့ ပါဝင်ပါသည်။

#### *၃။ လုပ်အားခနှင့် အကျိုးခံစားခွင့်ကိစ္စရပ်များကို ထုတ်ပြန်ခြင်း*

ယခုဖော်ပြထားသည့် လုပ်အားခနှင့် အကျိုးခံစားခွင့်ဆိုင်ရာ မူဝါဒကို ကုမ္ပဏီ၏ ဝဘ်ဆိုဒ်တွင် သာမက နှစ်ပတ်လည်/ဒါရိုက်တာများ၏ အစီရင်ခံစာတွင်လည်း ထုတ်ပြန်ထားပါသည်။ အမှုဆောင်အရာရှိ၏ မိသားစု ဝင်များဖြစ်သော ဝန်ထမ်းများသည် ၎င်းတို့ကိုယ်တိုင်မှာ အမှုဆောင်အရာရှိ မဟုတ်သော်လည်း အမှုဆောင်အရာရှိ၏ လစာ နှင့် ညီမျှသော (သို့) ပိုများသော လစာနှုန်းထား များကိုလည်း ထုတ်ပြန်ထားသည်။

ဇယားကိုစာမျက်နှာ (၇၂) တွင် ကြည့်ရှုနိုင်ပါသည်။

## အခန်း ၃။ တာဝန်ခံမှုနှင့် စာရင်းစစ်မှု

### စာရင်းစစ် နှင့် ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်များ အတွက် စီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းပုံနှင့် တာဝန်

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**
(ဥက္ကဋ္ဌ)

**ဦးကြည်အေး**
(အဖွဲ့ဝင်)

**ဦးသန်းအောင်**
(အဖွဲ့ဝင်)

ARMC ကို ဒါရိုက်တာအဖွဲ့ရှိ အဖွဲ့ဝင်ဒါရိုက်တာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အမှုဆောင်မဟုတ်သော ဒါရိုက်တာများနှင့် လွတ်လပ်သော ဒါရိုက်တာဖြင့်သာ ဖွဲ့စည်းထားပါသည်။ ကော်မတီသည် ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ်၊ ဥပဒေလိုက်နာမှု၊ ထိန်းချုပ်မှု၊ အုပ်ချုပ်မှုမူဘောင်တို့နှင့် ပတ်သက်သောကိစ္စရပ်များတွင် လွတ်လပ်စွာ အကြံပေးသည့်အပြင် ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ အပါအဝင် အခြားလိုအပ်သည့် တာဝန်ဝတ္တရားများကိုပါ လုပ်ဆောင်၍ ဒါရိုက်တာ အဖွဲ့ကို အကူအညီပေးရပါသည်။ ARMC သည် နှစ်ဝက်တိုင်းနှင့် နှစ်ပတ်လည် ဘဏ္ဍာရေးထုတ် ပြန်ချက်များကို ဘုတ်အဖွဲ့သို့ မတင်ပြမီ ပြန်လည် စစ်ဆေးခြင်း၊ အထူးသဖြင့် စတော့အိတ်ချိန်းနှင့် စည်းမျဉ်းပြဋ္ဌာန်းချက်များအရ ပြောင်းလဲထား သည့် စာရင်းကိုင်မူဝါဒနှင့် ဝါဒနှင့် အလေ့အထများ၊ ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်၊ ငွေစစ်စာရင်းနှင့် စာရင်းကိုင်စံချိန် စံညွှန်းများအပေါ် အာရုံစိုက်စစ်ဆေးသည်။

ARMC သည် စီမံအုပ်ချုပ်သူအဖွဲ့နှင့် အလုပ်တွဲလုပ်ခြင်း၊ ညွှန်ကြားချက်များပေးခြင်းဖြင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းတို့ကို ပြုလုပ်ကြပါသည်။ ဒါရိုက်တာအဖွဲ့၏ မဟာဗျူဟာရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် စနစ်တကျတည်ဆောက်ထားသော ဆောင်ရွက်ချက်များဖြင့် ဆုံးရှုံးနိုင်ချေရှိသော နေရာများအားဖြေရှင်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ရပါသည်။ ARMC သည် ကုမ္ပဏီ၏ အနာဂတ်ဆုံးရှုံးနိုင်ခြေ မဟာဗျူဟာများ လက်ရှိဆုံးရှုံးနိုင်ခြေများနှင့် ထိစပ်မှုအခြေအနေများကို လေ့လာသုံးသပ်ပြီး ဒါရိုက်တာအဖွဲ့ကို အကြံပေးပါသည်။ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ARMC သည် တည်ဆဲ ဥပဒေအရ၊ သို့မဟုတ် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် စည်းမျဉ်းအရ လိုအပ်သော တာဝန်များကို တာဝန်ယူလေ့ရှိပြီး ဒါရိုက်တာအဖွဲ့က အချိန်အားလျော်စွာ ချမှတ်ထားသော ARMC က တာဝန်ယူရန် လိုအပ်သော ပြင်ဆင်မှုများကိုလည်းပြုလုပ်ရန် လိုအပ်ပါသည်။

ARMC ၏ တာဝန်များ အသေးစိတ်ကို CG လက်စွဲတွင် ဖတ်ရှုနိုင်ပါသည်။

## ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်ခံမှု

ဒါရိုက်တာအဖွဲ့ နှင့် စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်ခံမှု ဒါရိုက်တာအဖွဲ့သည် အခြေခံအားဖြင့် ကုမ္ပဏီ၏ စီမံခန့်ခွဲမှု ကိစ္စများနှင့်ပတ်သက်၍ အစုရှယ်ယာရှင်များအား တာဝန်ခံရပါသည်။ ထို့ကြောင့် စီမံခန့်ခွဲရေးအဖွဲ့သည် တိကျမှန်ကန်သည့် သတင်းအချက်အလက်များနှင့် ပြောင်းလဲတိုးတက်မှုများအား အချိန်နှင့်တစ်ပြေးညီ ဒါရိုက်တာအဖွဲ့အား အသိပေးခြင်းမှာ အထူးအရေးကြီးသည်ကို သိရှိနားလည် ထားပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီကိုယ်စား အသိပေးထားသည့် ဆုံးဖြတ်ချက်များအား ချမှတ်နိုင်ရန်မှန်ကန်သည့် သတင်းအချက်အလက်များ ရှိရပါမည်။ ဒါရိုက်တာအဖွဲ့သည် ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး ရှယ်ယာရှင်များအားတိကျရှင်းလင်းသော ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အကဲဖြတ်အစီရင်ခံစာများကို ပေးအပ်နိုင်ရန်အတွက် ကုမ္ပဏီ၏ နှစ်ပတ်လည် ဘဏ္ဍာရေး အစီရင်ခံစာများအား မထုတ်ပြန်မီ ကြိုတင်ဖတ်ရှု အတည်ပြုချက် ပေးရပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ဝင်ငွေအပေါ် သက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်တိုင်းကို ဘုတ်အဖွဲ့မှ ပြန်လည်သုံးသပ်ပါသည်။ ထို့အပြင် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစု ခွဲဝေပေးခြင်းအတွက် အကြံပြုခြင်း၊ ဘဏ္ဍာရေး ရှင်းတမ်းများ ထုတ်ပြန်ချက်အတွက် အတည်ပြု ချက်ပေးခြင်း၊ ကုမ္ပဏီ၏ အဓိကပိုင်ဆိုင်မှုများကို ဝယ်ယူခြင်း (သို့) ရောင်းချခြင်းနှင့် ဒါရိုက်တာများခန့်အပ်ခြင်း ကိစ္စရပ်များအတွက် အကြံပြု အတည်ပြုရပါသည်။ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိစေသည့် ဘဏ္ဍာရေးနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ၊ နည်းဗျူဟာများနှင့် စီမံကိန်းနှင့် ပတ်သက်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် ဘုတ်အဖွဲ့မှ အကြံပေး ပါသည်။

## ကုမ္ပဏီတွင်း စာရင်းစစ်မှု

ဆုံးရှုံးနိုင်ခြေရှိမှုပေါ် အခြေပြုသော ကုမ္ပဏီတွင်း စာရင်းစစ်မှုသည် ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေရှိမှု စီမံခန့်ခွဲခြင်းအဖွဲ့မှ ဆောင်ရွက်နေသော အဓိက လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေရှိမှုစီမံခန့်ခွဲခြင်း၊ ထိန်းချုပ်မှုနှင့်စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များအားထိရောက် တိုးတက်မှုရှိစေရန် စနစ်ကျ၍ စည်းကမ်းကျသောနည်းလမ်းတစ်ရပ် ဖြစ်လာစေရေးနှင့် ရည်မှန်းချက်အတိုင်း ပြီးမြောက်စေရေးကို အထောက်အကူပြုနိုင်ရန် အောက်ပါအတိုင်း လုပ်ဆောင်လျက် ရှိပါသည်။

- လုပ်ငန်းစုအတွင်းရှိလာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် လုပ်ငန်းစုမှ ကော်ပိုရိတ် ရည်မှန်းချက်များ ပြည့်မီရန် လုပ်ဆောင်ရင်း ကြုံတွေ့နိုင်သည့် ပြင်ပအန္တရာယ်များ ကို ခွဲခြားသတ်မှတ်ခြင်း
- လုပ်ငန်းစုအနေဖြင့် ကြုံတွေ့နေရသည့် အန္တရာယ်များကို အတိုင်းအတာတစ်ခုအထိ ဆုံးဖြတ်နိုင်စေရန်အတွက် သတ်မှတ်ထားသော အန္တရာယ်အားလုံးကို မှန်ကန်သော နည်းလမ်းဖြင့် အကဲဖြတ် အဆင့်သတ်မှတ်ခြင်း
- သတ်မှတ်ထားသော ထိန်းချုပ်မှု (သို့) ဆိုင်းငံ့ထားသော ထိန်းချုပ်မှု လုပ်ငန်းစဉ်များဖြင့် ခွဲခြား သတ်မှတ်ထားသောဆုံးရှုံးနိုင်ခြေများကို ပြန်လည်ကောင်းမွန်လာအောင် ကုစားခြင်း
- ခွဲခြားသတ်မှတ်ထားသော ဆုံးရှုံးနိုင်ခြေများ၏ အခြေအနေ ပြောင်းလဲလာမှု နှင့် အသစ်ထပ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်မှုများကို ဂရုစိုက် စောင့်ကြည့်ခြင်း
- အရေးကြီးသည့် ဆုံးရှုံးနိုင်ခြေများနှင့် သတ်မှတ်ထားသော ထိန်းချုပ်မှု (သို့) ဆိုင်းငံ့ထားသော ထိန်းချုပ်မှု လုပ်ငန်းစဉ်များကို ARMC နှင့် ဘုတ်အဖွဲ့ထံ အချိန်မှန်တင်ပြခြင်း

## လွတ်လပ်သော (ကုမ္ပဏီပြင်ပ) စာရင်းစစ်အဖွဲ့

ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများ၏ ၂၀၂၆ ဘဏ္ဍာနှစ် စာရင်းများကို စစ်ဆေးရန်အတွက် စင်္ကာပူရှိ CLA Global TS Public Accounting Corporation တွဲဖက်ဖြစ်သည့် Excellent Choice Professional Limited ကို ပြင်ပစာရင်းစစ် အဖွဲ့အစည်းအဖြစ် ရွေးချယ်ထားပါသည်။ ထိုပြင်ပစာရင်းစစ်အဖွဲ့အစည်း၏ အစီရင်ခံစာကို ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာ၏ လွတ်လပ်သောစာရင်းစစ်အစီရင်ခံစာကဏ္ဍတွင် ဖော်ပြထားပါသည်။ ကုမ္ပဏီသည် စာရင်းကိုင်များအတွက် နိုင်ငံတကာကျင့်ဝတ်စံနှုန်းများ အဖွဲ့ (“IESBA”) မှ ချမှတ်ထားသော ပုဒ်မ ၂၉၀ - သီးခြားလွတ်လပ်မှုကို လိုက်နာပါသည်။ ထိုပုဒ်မ၏ဆိုလိုချက်မှာ ကုမ္ပဏီနှင့်ဆက်စပ်နေသာ အဖွဲ့အစည်းများအား စာရင်းစစ်က စာရင်းနှင့် မသက်ဆိုင်သော အကြံပြုချက်များကို ပေးအပ်ခြင်းမပြုရဟူ၍ ဖြစ်ပါသည်။

## နှစ်ပတ်လည်အစီရင်ခံစာများ ထုတ်ဝေခြင်း

ကုမ္ပဏီအနေဖြင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှ ရက်ပေါင်း ၉၀ အတွင်း ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့် နှစ်ပတ်လည် အစီရင်ခံစာများကို ထုတ်ဝေရမည်ဟူသော ငွေချေးသက်သေခံ လက်မှတ်များနှင့် ဖလှယ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို တိတိကျကျ လိုက်နာပါသည်။ ထိုရှင်းတမ်းများတွင် ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေပေါ်တွင် မှန်ကန်သော၊ မျှတသောအမြင်များကို ဖော်ပြသည့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ဖြစ်ကြောင်း ဒါရိုက်တာများ၏ ဝန်ခံကြေညာချက်လည်း ပါဝင်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများ၊ ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာများ၊ ဈေးနှုန်းအပေါ်သက်ရောက်မှုရှိနိုင်သော သတင်းအချက်အလက်များအား YSX အင်တာနက်စာမျက်နှာ၊ ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာ၊ သတင်းထုတ်ပြန်ချက်နှင့် သတင်းစာရှင်းလင်းပွဲများတွင် ကြေညာချက်များ ထုတ်ပြန်၍ ရှယ်ယာ ရှင်များထံ ဖြန့်ဝေပါသည်။

## အသိပေးတိုင်ကြားခြင်းမူဝါဒ

ကုမ္ပဏီအုပ်စုသည် ကုမ္ပဏီတွင်းဌာနများတွင် ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ခံမှုတို့ ရှိစေရန် စိတ်ပိုင်းဖြတ်ထားပါသည်။ ဤသို့စိတ်ပိုင်းဖြတ်ထားသည်နှင့်အညီ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မရိုးသားမှုများ၊ မဆီလျော်မှုများအား အသိပေးတိုင်ကြားသည့် လုပ်ထုံးလုပ်နည်း (“မူဝါဒ”) ကို ချမှတ်ထားပြီးဖြစ်ပါသည်။ ကုမ္ပဏီ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ စိုးရိမ်စရာများ တွေ့ရှိရပါက ထိုစိုးရိမ်ချက်များကို ထုတ်ဖော်ပြောကြားနိုင်ပြီး ကုမ္ပဏီအနေဖြင့် ဆက်လက်၍ လျင်မြန်စွာ အရေးယူမည်ဖြစ်ပါသည်။

ဤမူဝါဒသည် ကုမ္ပဏီနှင့် ၎င်း၏ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ အရာရှိများက တစ်စုံတစ်ရာ မရိုးသားမှုများ ပြုလုပ်သည်ကို ဖော်ထုတ်တိုင်ကြားခံရပါက မြန်ဆန်ထိရောက်သောနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း၊ စေ့စပ်သေချာစွာ စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို ကုစားမှု လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ကုမ္ပဏီ၏ အာမခံချက်ကို တိကျရှင်းလင်းပြတ်သားသော ထုတ်ပြန်ချက်တစ်ရပ်ဖြစ်ပါသည်။ ထိုမူဝါဒသည် ဝန်ထမ်းများအား ကုမ္ပဏီအတွင်း ဖြစ်နိုင်ချေရှိသော စိုးရိမ်စရာများကို ပြင်ပတွင် အခြားနည်းလမ်းများဖြင့် အဖြေမရှာပဲ ထုတ်ဖော်ပြောဆိုစေရန် အားပေးထားသော မူဝါဒဖြစ်ပါသည်။ ထိုကဲ့သို့ မသင့်တော် မရိုးသားသော ဖြစ်ရပ်များ အနာဂတ်တွင် ထိုကဲ့သို့ မဖြစ်ပေါ်စေရေး အတွက် ကြိုတင်တားဆီးကာကွယ်နိုင်မည့် မူဝါဒများ ချမှတ်ရန် အစွမ်းကုန် ကြိုးစားသွားမည် ဖြစ်ပါသည်။ အကယ်၍ တိုင်ကြားခံရသူက ဒါရိုက်တာတစ်ဦးဖြစ်ပါက သို့မဟုတ် အဆင့်မြင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်တစ်ဦး သို့မဟုတ် အမှုဆောင်မဟုတ်သော ဒါရိုက်တာဖြစ်ပါက ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ သိရှိစေရန် နှင့် ဆက်လက်အရေး ယူနိုင်ရန် တင်ပြမှုများကို ပြုလုပ်ရပါမည်။

သတင်းပေးတင်ပြသည့် လမ်းကြောင်းသည် ဝန်ထမ်းများအား တာဝန်ယူမှုရှိစွာ တုံ့ပြန်နိုင်ရန် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို ဘက်လိုက်မှုမရှိဘဲ ကာကွယ်ထိန်းသိမ်းနိုင်ရန်နှင့် အများပြည်သူ၏ ယုံကြည်စိတ်ချမှုကို ထိန်းသိမ်းနိုင်ရန် ဖြစ်ပါသည်။ အဖွဲ့အစည်းအတွင်း ပွင့်လင်းမြင်သာမှုရှိသော ယဉ်ကျေးမှုကို မွေးမြူပျိုးထောင်ခြင်းဖြင့် ဤဖြစ်စဉ်ကို အရှိန်မြှင့်တင်နိုင်ပြီး ကူညီရာရောက်ပါသည်။ ဤမူဝါဒ၏ နောက်ခံသမိုင်းကြောင်း နှင့် သတင်းပေးတင်ပြနိုင်သည့် လမ်းကြောင်းတို့ကို ကုမ္ပဏီအင်တာနက် စာမျက်နှာတွင် ရှင်းပြထားပါသည်။

### ဆက်နွယ်ပတ်သက်သည့်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများမူဝါဒ

ဆက်နွယ်ပတ်သက်သည့်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ မူဝါဒ (“RPT မူဝါဒ”) သည် PRTs နှင့် Material RPTs မူဝါဒများကို ချမှတ်ပေးရန်နှင့် ပြန်လည်စီစစ်သုံးသပ်ခြင်းများ၊ ခွင့်ပြုချက်ပေးခြင်းများ၊ ကုမ္ပဏီ ဘုတ်အဖွဲ့ဝင်များ နှင့် ရှယ်ယာရှင်တို့၏ ဆက်သွယ်ဆောင်ရွက်မှုများကို ထိန်းချုပ်ကြီးကြပ်နိုင်ရန်အတွက် လိုအပ်သည့် လမ်းညွှန်ချက်များကို ချမှတ်ပေးရန် ရည်ရွယ်ပါသည်။ RPTs နှင့် အခြားသက်ဆိုင်ရာ မူဝါဒများကို SECM နှင့် International Accounting Standard 24 (“IAS 24”) မှ သတ်မှတ်ထားသော ညွှန်ကြားချက် ၃/၂၀၂၀ ၏ လိုအပ်ချက်များနှင့် အညီ ထုတ်ပြန်ကြေညာပါသည်။

ထို RPT မူဝါဒသည် ကုမ္ပဏီအုပ်စု နှင့် အခြားဆက်စပ်အဖွဲ့အစည်းများ (“RPs”) အတွက် အကျုံးဝင်ပါသည်။ RPT မူဝါဒသည် ဆက်စပ်သက်ဆိုင်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အရောင်းအဝယ်များ ပြုလုပ်ရာတွင် မလိုလားအပ်သည့် ပြဿနာများ မဖြစ်စေရန်နှင့် သာမန်စီးပွားရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာစေခြင်းဖြင့် ကုမ္ပဏီနှင့် ၎င်း၏ လူနည်းစု အစုရှယ်ယာရှင်များကို ထိခိုက်မှု မရှိအောင် ကာကွယ်ပေးပါသည်။

ထိုမူဝါဒ၏ ရည်ရွယ်ချက်မှာ

၁။ RPTs နှင့် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဆိုင်ရာ ပြဿနာရပ်များကို ခွဲခြားသတ်မှတ်ပေးနိုင်ရန်။

၂။ ဆက်သွယ်ဆောင်ရွက်မှုများအတွက် ရုပ်ပစ္စည်းဝတ္ထုဆိုင်ရာ သတ်မှတ်ချက်များကို ချမှတ်ပေးနိုင်ရန်။

၃။ ရုပ်ပစ္စည်းဝတ္ထုဆိုင်ရာ မဟုတ်သည့် ဆက်သွယ်ဆောင်ရွက်မှုများအတွက် အတည်ပြုပေးနိုင်ရန်။

၄။ ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များ၏ အကျိုးအတွက် မည်သည့်ဆက်နွယ်ပတ်သက်သူများမဆို ပြုလုပ်သည့် ဆောင်ရွက်မှုများအတွက် ပုဒ်မ ၃/၂၀၂၀ နှင့် ကုမ္ပဏီ၏ ဥပဒေ နှင့်အညီ ခွင့်ပြုချက်ရယူခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊ သတင်းပေးပို့ခြင်းများကို စနစ်တကျ လုပ်ဆောင်နိုင်ရန်။

RPT မူဝါဒအသေးစိတ်ကို CG လက်စွဲတွင် ဖတ်ရှုနိုင်ပါသည်။

## အခန်း ၄။ ရှယ်ယာရှင်များ၏ အခွင့်အရေးများ နှင့် ထိတွေ့ဆက်ဆံမှု

### ၄.၁။ အကျိုးစီးပွား သက်ဆိုင်သူများ၏ အခွင့်အရေး များနှင့် အထွေထွေ အစည်းအဝေးများ ကျင်းပခြင်း

### ရှယ်ယာရှင်များ၏ အခွင့်အရေးများ

ကုမ္ပဏီသည် ရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ အသိုက်အဝန်းနှင့် သတင်းမီဒီယာတို့အား ဆက်သွယ်ရန်အတွက် ပွင့်လင်းမြင်သာမှုရှိသော ထုတ်ဖော်ကြေညာချက်များ ထုတ်ပြန်ရန် ကတိကဝတ်ပြု ထားပါသည်။ ကုမ္ပဏီသည် ဆက်သွယ်ရေး စနစ်တစ်ခုကို တည်ဆောက်ပြီး ရှယ်ယာရှင်များထံသို့ ဘဏ္ဍာရေးအချက်အလက်များ၊ ရှယ်ယာဈေးနှုန်းကို သက်ရောက်မှုရှိသော အချက်အလက်များ ပြည့်စုံစွာဖြင့် အချိန်မှန် ပေးပို့လျက် ရှိပါသည်။ တစ်နှစ် လျှင်နှစ်ကြိမ် ဘဏ္ဍာရေးရလဒ်များ ထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲ မှုအဖွဲ့၏ဆွေးနွေးမှုနှင့် ဆန်းစစ်လေ့လာမှုများ အပါအဝင် အခြားသော သတင်းအချက်အလက် များထုတ်ပြန်ခြင်းကို အပြောင်းအလဲများရှိသည့် အခါတိုင်း YSX နှင့် ကုမ္ပဏီ၏ အင်တာနက် စာမျက်နှာ https://fmi.com.mm/investors/announcements/ တို့တွင် အချိန်နှင့် တစ်ပြေးညီ ကြေညာပါသည်။ သတင်းထုတ်ပြန်ချက်များ၊ အကဲဖြတ်မှုများနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းတို့ကိုလည်း ကြီးမားသော ဖြစ်ပေါ် တိုးတက်မှုများ ရှိသည့်အခါတိုင်းတွင် ကုမ္ပဏီအမှုဆောင် အရာရှိများကိုယ်တိုင် ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီ၏ နောက်ဆုံး ဘဏ္ဍာရေး ရလဒ်များ၊ နှစ်ပတ်လည်အစီရင်ခံစာများ၊ သတင်းစာ ရှင်းလင်းပွဲတွင် တင်ပြခဲ့သည့် အကြောင်းအရာ များအား အင်တာနက်စာမျက်နှာတွင် အချိန် ကာလနှင့်တကွ ဖော်ပြထားပါသည်။ ရင်းနှီး မြှုပ်နှံသူများနှင့် ဆက်ဆံရေးဟူသော အင်တာ နက်စာမျက်နှာ တစ်ခုကိုလည်း ဖန်တီးထားပြီး ရှယ်ယာနှင့် ဘဏ္ဍာရေး အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားသော စုံစမ်းမေး မြန်းမှုများအတွက် ဆက်သွယ်ရမည့် လိပ်စာ အသေးစိတ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

**Corporate Office**
info-fmi@yoma.com.mm
+၉၅-၁-၃၆၈၇၇၆၆
https://fmi.com.mm
သည်ကမ်းပတ်စ်၊ ၁ ရုံးများရိပ်သာဝန်း၊
ကုက္ကိုရိပ်သာလမ်း၊ ပန်းလှိုင်အိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊
၁၁၄၀၁၊ မြန်မာ။

### အထွေထွေအစည်းအဝေးများ ကျင်းပခြင်း

ကုမ္ပဏီသည် အထွေထွေအစည်းအဝေးပွဲများတွင် ရှယ်ယာများ တက်ကြွစွာ ပါဝင်ဆင်နွှဲခြင်းကို အားပေးပါသည်။ AGM အစည်းအဝေး အကြောင်းကြားစာများနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို (၂၈)ရက် ကြိုတင်၍ ပေးပို့ပါသည်။ AGM တွင် လုပ်ဆောင်ရမည့် အသေးစိတ် အချက်အလက်များကို မှတ်စုများ လမ်းညွှန်ချက်များနှင့်တကွ အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ရှင်းပြထားပါသည်။ AGM အကြောင်းကြားစာများကို ပြည်တွင်း နေ့စဉ်သတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းခဲ့ပြီး ပုံမှန်အားဖြင့် အကြောင်းကြားစာ စာအုပ်များ နှင့် နှစ်ပတ်လည် အစီရင်ခံစာများကို စာတိုက် မှတဆင့်ပေးပို့ပါသည်။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများကို အများပြည်သူ သွားလာရလွယ်ကူသော မြို့လယ်ခေါင်များတွင် နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ အစည်းအဝေး မတက်ရောက်နိုင်သော ရှယ်ယာရှင်များသည်လည်း ၎င်းတို့ ကိုယ်စား တက်ရောက်မဲပေးမည့်သူကို စေလွှတ်နိုင်ပါသည်။ ကိုယ်စားလှယ်လွှဲစာများကို ကုမ္ပဏီ ရုံးချုပ်သို့ AGM မစတင်မီ (၄၈)နာရီ ထက် နောက်မကျဘဲ ပို့ပေးရမည် ဖြစ်ပါသည်။ လက်ထောင်၍ မဲခွဲသည့် စနစ်ဖြစ်သည့်အတွက် ရှယ်ယာရှင်တိုင်း တစ်မဲပေးပိုင်ခွင့်ရှိပြီး ရှယ်ယာရှင် တစ်ယောက် ပိုင်ဆိုင်သော ရှယ်ယာတစ်စု အတွက် တစ်မဲရမည် ဖြစ်သည်။ AGM တွင် အတည်ပြုလိုက်သော ဆုံးဖြတ်ချက် တစ်ခုစီတိုင်း ကိုလည်း YSX နှင့် ကုမ္ပဏီ၏ အင်တာနက် စာမျက်နှာ တို့တွင် ထုတ်ပြန်ကြေညာပါသည်။ ရှယ်ယာရှင်များသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ဆင်နွှဲခွင့်ရှိပြီး ရှယ်ယာခွဲဝေခြင်း၊ ရှယ်ယာထုတ်ဝေခြင်း၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း အစရှိသည့် ကိစ္စ ရပ် များတွင် ဝင်ရောက်ဆုံးဖြတ်ခွင့် ရခဲ့ပါသည်။ AGM ၏ အခမ်းအနားအစီ အစဉ်များတွင် အမှုဆောင်အရာရှိချုပ်က ရှယ်ယာရှင်များအား ကုမ္ပဏီ၏ ကုန်ခဲ့သော နှစ်အတွင်း ယေဘုယျ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြ ပါသည်။ အစုရှယ်ယာရှင်များသည် ၎င်းတို့၏ စိတ်ကူးများ၊ အယူအဆများကို တင်ပြခွင့်ရှိပြီး ကုမ္ပဏီနှင့်ကုမ္ပဏီအုပ်စု အကြောင်း မေးခွန်းများမေးရန် အခွင့်အရေး ရရှိပါသည်။ ဒါရိုက်တာများနှင့် အရေးကြီး အမှုဆောင်အရာရှိ

များလည်း အဆိုပါ အစည်းအဝေးသို့ တက်ရောက်ပြီး တင်ပြ သည့် ကိစ္စများနှင့် မေးခွန်းများကို ဖြေရှင်းပေးပါသည်။

### ၃၄ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေး

ကုမ္ပဏီ၏ ၃၄ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ အမျိုးသား ဇာတ်ရုံ၌ ကျင်းပခဲ့ပြီး https://agm.fmi.com.mm တွင်လည်းတိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါသည်။ ထိုအစည်းအဝေးပွဲသည် COVID-19 ကပ်ရောဂါ ဖြစ်ပွားပြီးနောက် ကုမ္ပဏီ၏ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပသည့် လူကိုယ်တိုင်တက်ရောက်နိုင်သော AGM လည်းဖြစ်ပြီး၊ ရှယ်ယာရှင်များအတွက် အဓိပ္ပာယ်ရှိသည်ဟု ကုမ္ပဏီက ယူဆသော လူကိုယ်တိုင် ထိတွေ့ဆက်သွယ်မှုသို့ ပြန်လည်ရောက်ရှိခြင်းလည်းဖြစ်ပါသည်။

ရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်မှုအတွက် စာရင်းပေးသွင်းရကာ ၃၄ ကြိမ်မြောက် အထွေထွေ အစည်းအဝေးတွင် တင်ပြမည့် ဆုံးဖြတ်ချက်များကို ကုမ္ပဏီမှ စီစဉ်ထားသော အီလက်ထရောနစ် မဲပေးစနစ်ကို အသုံးပြု၍ အစည်းအဝေးပွဲတွင်ဖြစ်စေ၊ မိမိနေအိမ်တွင်ဖြစ်စေ မဲပေးနိုင်ပါသည်။ ထို့အပြင် ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိသော ရှယ်ယာရှင်များသည် AGM မစတင်မီ အနည်းဆုံး ၄၈ နာရီအလိုတွင် ကိုယ်စားလှယ်လွှဲအပ်ခြင်းပုံစံ (proxy form) ကို တင်သွင်းခြင်းဖြင့် ကိုယ်စားလှယ်ခန့်ထားနိုင်ပါသည်။

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် ဆက်သွယ်မှုအပေါ် ကတိကဝတ်နှင့်အညီ၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့စွဲပါ AGM အကြောင်းကြားစာ (Notice of AGM) တွင် ဖော်ပြထားသည့် ညွှန်ကြားချက်များအတိုင်း ရှယ်ယာရှင်များအား AGM မကျင်းပမီကပင် ဆုံးဖြတ်ချက်များနှင့်ပတ်သက်သည့် မေးခွန်းများကို စာဖြင့်ကြိုတင်မေးမြန်းနိုင်ရန် ဖိတ်ကြားခဲ့ပါသည်။ လက်ခံရရှိခဲ့သော အဓိကကျပြီး သက်ဆိုင်သည့် မေးခွန်းအားလုံးကို AGM မတိုင်မီ ကုမ္ပဏီ၏တရားဝင်ဝက်ဘ်ဆိုဒ်ပေါ်တွင် အဖြေများဖော်ပြခြင်း (သို့) AGM အတွင်း၌ တိုက်ရိုက်ဖြေကြားပေးခဲ့ပါသည်။ ၃၄ ကြိမ်မြောက် AGM ၏ အစည်းအဝေးမှတ်တမ်းများကို ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်နှင့် YSX ဝက်ဘ်ဆိုဒ်တွင် အစည်းအဝေးပြီးဆုံးပြီးနောက် တစ်လအတွင်း ထုတ်ပြန်ပါသည်။

ထို့အပြင် ကုမ္ပဏီမှ ၎င်း၏ ကုမ္ပဏီစီမံခန့်ခွဲအုပ်ချုပ်မှုကို မြှင့်တင်လိုသည့်အနေဖြင့် အထွေအထွေ အစည်း အဝေးတွင် လက်ခံရရှိသည့် မဲများကို ရေတွက်ပြီး အတည်ပြုရန် ပြင်ပအဖွဲ့အစည်းတစ်ခုဖြစ်သည့် Laura Maven မှ တာဝန်ယူ လုပ်ဆောင်စေခဲ့ပါသည်။ ဆုံးဖြတ်ချက် တစ်ခုချင်းစီအတွက် ရရှိသည့် မဲစာရင်းရလဒ်များကို ထောက်ခံမဲနှင့် ဆန့်ကျင်မဲအလိုက် ရာခိုင်နှုန်းများဖြင့် အစည်းအဝေးကျင်းပရာနေရာ၊ YSX နှင့် ကုမ္ပဏီ၏ ဝဘ်ဆိုဒ်များတွင် ချက်ချင်း ထုတ်ပြန်ကြေညာပါသည်။

### အမြတ်ဝေစုမူဝါဒ

ကုမ္ပဏီသည် ဘဏ္ဍာရေးစွမ်းဆောင်ရည်၊ ရေတိုနှင့် ရေရှည်အရင်းအနှီး လိုအပ်ချက်များ၊ အနာဂတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့် အထွေထွေ စီးပွားရေး အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး တစ်နှစ်လျှင် တစ်ကြိမ် အစုရှယ် ယာရှင်များအား အမြတ်ဝေစု ထုတ်ပေးသည့် အမြတ်ဝေစု မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရှယ်ယာရှင်များ၏ မျှော်မှန်းချက်နှင့် ကုမ္ပဏီ၏ အရင်းအနှီးများအား အမျှော်အမြင်ရှိစွာ စီမံခန့်ခွဲမှုကြားတွင် မျှတစွာ စဉ်းစားလျက် ဒါရိုက်တာအဖွဲ့က လွတ်လပ်စွာဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့သည် ထိုအမြတ် ဝေစုမူဝါဒကို အချိန်အားလျော်စွာ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန်၊ အသစ်ရေးဆွဲရန် လုပ်ပိုင်ခွင့်အပြည့် အဝရှိပါသည်။ အမြတ်ဝေစုများ ပေးအပ်သည့်နေရာတွင် ရှယ်ယာရှင်များအားလုံးကို တန်းတူညီမျှစွာ ဆက်ဆံပြီး ဒါရိုက်တာအဖွဲ့၏ အကြံပြုချက်အတိုင်း AGM တွင် ရှယ်ယာရှင်များက အတည်ပြုပေးပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ မဟာဗျူဟာလိုအပ်ချက်များ၊ လုပ်ငန်းတိုးချဲ့ခြင်း အစီအစဉ်များကို သုံးသပ်၍ ၂၀၂၆ မတ်လ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုမပေးရန် အကြံပြုခဲ့ပါ သည်။

## ၄.၂။ အကျိုးစီးပွား သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံမှု

### ကော်ပိုရိတ် တန်ဖိုးထားမှုများနှင့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်ပုံနည်းလမ်းများ

ကုမ္ပဏီသည် ကုမ္ပဏီအုပ်စုအတွင်းရှိ ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများအားလုံးအတွက် လုပ်ငန်းဆိုင်ရာကျင့်ဝတ် (“COC”) ကိုရေးဆွဲချမှတ်ထားပါသည်။ COC သည် ဝန်ထမ်းအဆင့် တိုင်းအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းဖြစ်ပြီး ကုမ္ပဏီအုပ်စုက COC ၏ သဘောတရားများအတိုင်း လိုက်နာရမည် ဖြစ်သည်။ ကုမ္ပဏီ၏ အကျိုးစီးပွား သက်ဆိုင်သူများနှင့်ဆက်ဆံသည့်အခါတွင် အမြင့်မားဆုံး ဂုဏ်သိက္ခာဖြင့် တာဝန်နှင့်ဝတ္တရားများကို ဖြည့်ဆည်းရန်လိုအပ်ပါသည်။ COC ကိုလိုက်နာမှုရှိစေရန် နည်းလမ်းများကို ချမှတ်ထားပြီး COC ကို ဖောက်ဖျက်ပါက စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များဖြင့် ရင်ဆိုင်ရမည် ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့က ကုမ္ပဏီ၏ အမှတ် လက္ခဏာနှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုအတွက် အချက်အချာကျသည့် မြင့်မားသော ကိုယ်ကျင့် သိက္ခာစံနှုန်းကို ထိန်းသိမ်းရန် စိတ်ပိုင်းဖြတ် ထားသည့်အလျောက် ကုမ္ပဏီသည် အောက်ပါ ကော်ပိုရိတ်မူဝါဒများကို လက်ခံကျင့်သုံးလျက်ရှိပါသည်။

- လာဘ်ပေးလာဘ်ယူ ဆန့်ကျင်ရေးမူဝါဒ
- အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေးမူဝါဒ
- လုပ်ငန်းဆိုင်ရာကျင့်ဝတ်
- အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်းဆိုင်ရာမူဝါဒ
- ကော်ပိုရိတ် လူမှုတာဝန်ချဉ်းကပ်မှု
- မတူကွဲပြားခြင်းအတွက်မူဝါဒ
- ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှုမူဝါဒ
- ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးမူဝါဒ
- လူ့အခွင့်အရေးမူဝါဒ
- မြေသိမ်းဆည်းခြင်းမူဝါဒ
- ရေတိုဘဏ္ဍာရေး အကျိုးအမြတ်ကို ကျော်လွန်၍ ကုမ္ပဏီ၏ စွမ်းဆောင်ရည်အတွက် ဆုချီးမြှင့်သည့် အလေ့အထ
- ပရော်ဖက်ရှင်နယ်ဖွံ့ဖြိုးရေးမူဝါဒ (Professional Development Policy)
- သက်ဆိုင်သူများ အရောင်းအဝယ် မူဝါဒ (Related Party Transaction Policy)
- လုပ်အားခနှင့် အကျိုးခံစားခွင့်ဆိုင်ရာ မူဝါဒ
- အကျိုးစီးပွားဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံခြင်း
- အသိပေးတိုင်ကြားခြင်းမူဝါဒ

အဆိုပါ မူဝါဒများကို ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာ https://fmi.com.mm/governance/corporate policies/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ လုပ်ငန်းခွင်အတွင်း မှားယွင်းသော လုပ်ဆောင်ချက်များကို ကျူးလွန်မိနိုင်ခြင်းများကို ကုစားရန် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကုမ္ပဏီက ပြဋ္ဌာန်းထားပါသည်။ ကုမ္ပဏီအုပ်စုကို ကိုယ်စားပြုသည့် ပြင်ပအဖွဲ့အစည်းများဖြစ်သော ကိုယ်စားလှယ်များ၊ ကြားခံများ၊ အတိုင်ပင်ခံများ၊ စီးပွားရေးမိတ်ဖက်များ၊ ပစ္စည်း ထောက်ပံ့ပေးသူများအပါအဝင် ကုမ္ပဏီ၏ ဝန်ထမ်းတိုင်းက ထိုမူဝါဒများကို နားလည်ပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

### အကျိုးစီးပွား သက်ဆိုင်သူများနှင့် ဆက်ဆံရေးအား စီမံခန့်ခွဲခြင်း

အခြားသော ဈေးကွက်အတွင်းမှ ကုမ္ပဏီများကဲ့သို့ပင် ကုမ္ပဏီသည်လည်း ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝန်းကို တိုးချဲ့ရန်ကြိုးစားလျက်ရှိပါသည်။ ရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ လေ့လာဆန်းစစ်သူများအားပြပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံသင်တန်းများကို ပြည်တွင်း နှင့်ပြည်ပ နှစ်ခုစလုံးတွင် ပါဝင်ခြင်းဖြင့် ထိတွေ့ဆက်ဆံလျက်ရှိပါသည်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှတဆင့် ရင်းနှီးမြှုပ်နှံသူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံလျက်ရှိပြီး ကုမ္ပဏီ၏ တန်ဖိုးအခြေအနေကိုဖော်ပြ၍ ပိုမိုတိုးတက် ကောင်းမွန်ရန် ရင်းနှီးမြှုပ်နှံသူများထံမှ တုံ့ပြန်မှတ်ချက်များ ကိုလည်း လက်ခံနားထောင်လျက်ရှိပါသည်။ ကုမ္ပဏီသည် ၎င်းနှင့် အကျိုးစီးပွား သက်ဆိုင်သူများကို တန်ဖိုးထားလေးစားပြီး ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီ ချက်၏ အခြေခံစည်းမျဉ်း (၁၀) ခုအား လက်ခံကျင့်သုံးရန် ကတိပြုခဲ့ပါသည်။ ကော်ပိုရိတ် လူမှုတာဝန်မူဝါဒတွင် ပြသထားသည့်အတိုင်း ကုမ္ပဏီသည် ရပ်ရွာလူထု၏ တန်ဖိုးကိုဖန်တီးရန် ရည်ရွယ် သည့် လူထုစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိ ပါသည်။

## ဝန်ထမ်းပါဝင်မှု

ကုမ္ပဏီတွင် ၎င်း၏ဝန်ထမ်းများ ပါဝင်မှုနှင့် လုပ်ငန်းခွင် အတွင်းပါဝင်မှု အားကောင်းလာစေရန် မူဝါဒများနှင့် အစီအစဉ်များထားရှိပါသည်။ ဤထိတွေ့ဆက်ဆံမှု အစီအစဉ်များနှင့် ပတ်သက်သည့် နောက်ထပ် သတင်း အချက်အလက်များအား သိရှိနိုင်ရန်အတွက် ကုမ္ပဏီ၏ ဝဘ်ဆိုဒ်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## အစုရှယ်ယာရောင်းဝယ်ရေး

မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၅၅ (က) အရ "မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။" ဟု ဖော်ပြထားသည်နှင့် အညီ ၂၀၁၆ ခုနှစ်တွင် YSX တွင် ကုမ္ပဏီစာရင်း သွင်းပြီး နောက်ပိုင်း ကုမ္ပဏီသည် အကြောင်းအမျိုးမျိုးကြောင့် အထူးစာရင်းမှ ငွေချေးသက်သေခံ လက်မှတ်စာရင်းသို့ ပြောင်းလဲခြင်း မရှိသေးသည့် ၎င်း၏ရှယ်ယာရှင်များအား ချောမွေ့စွာပြောင်းလဲနိုင်ရန် တက်ကြွစွာ ထိတွေ့ဆက်ဆံခြင်းနှင့် အားပေးခြင်းများ ပြုလုပ်ခဲ့သည်။ သို့မှသာမြန်မာနိုင်ငံ စတော့အိတ်ဈေးကွက်တစ်ခုလုံးတွင် နိုင်ငံတကာစံချိန် စံညွှန်းနှင့်အညီ book-entry transfer system ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ထိုရှယ်ယာရှင်များသည် ရှယ်ယာအရောင်းအဝယ် ပြုလုပ်သည့် အီလက်ထရွန်းနစ် ပလက်ဖောင်းကို အသုံးချနိုင်မည် ဖြစ်ပါသည်။ ကုမ္ပဏီသည် အတွင်းလူများ အစုရှယ်ယာ ရောင်းဝယ်ခြင်းဖြစ်နိုင်ခြေကို ကာကွယ် တားဆီးနိုင်ရန် အတွက် YSX ထံသို့ လျှို့ဝှက်အချက်အလက်များကို သိရှိထားသော ကုမ္ပဏီ အတွင်းလူစာရင်းကို နှစ်စဉ် တင်ပြလျက်ရှိပါသည်။ အစုရှယ်ယာများ ရောင်းဝယ်သည့်အခါတွင် တာဝန်ထမ်းဆောင်ဆဲဖြစ်သော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များက လိုက်နာရမည့်ကျင့်ဝတ် စည်းမျဉ်းများကို ချမှတ်ထားပါသည်။ ထိုအချက်များ မှာ (က) SECM က ချမှတ် ထားသော အတွင်းလူများ ရောင်းဝယ်မှု လမ်းညွှန်ချက်များကို လေ့လာပြီး လိုက်နာခြင်းနှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများက ကုမ္ပဏီ၏ အစုရှယ်ယာများကို ရောင်းဝယ်သည့် အခါတိုင်း တွင် အတွင်းလူရောင်းဝယ်ခြင်း ဖြစ်မဖြစ် စစ်ဆေးရပါမည်။ (ခ) ကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်း မရှိသေးသော အရေးကြီးသော အချက်အလက်များကို သိရှိထားပါက ထိုအချိန်တွင် ရှယ်ယာရောင်းဝယ်မှုအား မပြုလုပ်ဘဲ စောင့်ထိန်းရပါမည်။ (ဂ) ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေစဉ် ကုမ္ပဏီတွင် ပိုင်ဆိုင်ထားသော ရှယ်ယာများကို ရောင်းချခြင်းကို ရှောင်ရှားရပါမည်။ ဒါရိုက်တာများနှင့် ဝန်ထမ်းများအားလုံးသည် ၎င်းတို့၏ ရှယ်ယာအရောင်းအဝယ် ကိစ္စများကို ရုံးဖွင့်ရက် (၃) ရက်အတွင်း သတင်းပို့ရပါမည်။

## ဒါရိုက်တာများ၏ ရှယ်ယာပိုင်ဆိုင်မှုများ (သို့) ကြွေးမြီစာချုပ်

၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီ၏ ဘုတ်ဒါရိုက်တာများ၏ ရှယ်ယာရင်းနှီးမြှုပ်နှံမှု ရှိ၊မရှိကြောင်း ဖော်ပြသည့် ဒါရိုက်တာများ၏ ရှယ်ယာရှင်မှတ်ပုံတင်စာရင်းကို စာမျက်နှာ (၁၀၅) တွင် ကြည့်ရှုနိုင်ပါသည်။

## ရှယ်ယာအများစု ပိုင်ဆိုင်သူများစာရင်း

ကုမ္ပဏီ၏ ရှယ်ယာပိုင်ဆိုင်မှုအများဆုံး ရှယ်ယာရှင်ဆယ်ယောက်နာမည်ပါရှိသည့် ဇယားကို စာမျက်နှာ (၁၇၂) တွင် ကြည့်ရှုနိုင်ပါသည်။

## ရှယ်ယာ ၅% အထက် ပိုင်ဆိုင်သူများစာရင်း

မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်များအနက် ကုမ္ပဏီ၏ရှယ်ယာ ၅% အထက် ပိုင်ဆိုင်သော ရှယ်ယာရှင်များ အမည်ပါရှိသည့် ဇယားကို စာမျက်နှာ (၁၇၂) တွင် ကြည့်ရှုနိုင်ပါသည်။

## အတွင်းလူများ အစုရှယ်ယာရောင်းဝယ်မှုအား တားမြစ်ခြင်း

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှ ထုတ်ပြန်ထားသော ဥပဒေများ (အတွင်းလူများ အစုရှယ်ယာဝယ်သူမှုအား တားမြစ်ခြင်း ညွှန်ကြားချက် အမှတ် (၄/၂၀၁၆) နှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက်နေ့ တွင် ထုတ်ပြန်သည့် အတွင်းလူများ အစုရှယ်ယာဝယ်သူမှုအား တားမြစ်ခြင်း ကြီးကြပ်ရေးလမ်းညွှန်ချက်တို့ အပါအဝင်) နှင့်အညီ ဒါရိုက်တာအဖွဲ့ဝင်များ နှင့် အရေးကြီး သတင်းအချက်အလက်များကို သိရှိထားသော ဝန်ထမ်းများအပါအဝင် အတွင်းလူများအနေဖြင့် ထုတ်ပြန်ကြေညာခြင်း မပြုရသေးသော အရေးကြီးသည့် သတင်းအချက်အလက်များကို အခြေခံ၍ ကိုယ်ပိုင် (သို့) တခြားသူအတွက် အစုရှယ်ယာများ ဝယ်ယူရောင်းချခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါသည်။ အခြားပြင်ပမှ သူများအား အစုရှယ်ယာများ ဝယ်ယူရောင်းချရန် အကြံပေးခြင်းနှင့် အရေးကြီးသော သတင်း အချက် အလက်များအား ဖော်ထုတ်ခြင်းတို့ကို တင်းကျပ်စွာတားမြစ်ထားပါသည်။

ဒါရိုက်တာအဖွဲ့သည် အတွင်းလူများ အစုရှယ်ယာရောင်းဝယ်မှုကို ကာကွယ်တားဆီးရန်အတွက် ကုမ္ပဏီတွင်း စည်းမျဉ်းစည်းကမ်းများကိုချမှတ်ပြီး ပြန်လည် သုံးသပ်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းတို့ကို အချိန်အားလျော်စွာ ပြုလုပ်ရပါမည်။ ဝန်ထမ်းများကိုလည်း အတွင်းသတင်းများ အများပြည်သူထံသို့ မတော်တဆ မပေါက်ကြားစေရန် လေ့ကျင့်သင်ကြားပေးခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

# RISK MANAGEMENT
# SUMMARY

## Overview

The Group operates in a dynamic and evolving environment in Myanmar. Effective risk management is essential to ensuring resilience, safeguarding stakeholder interests, and supporting sustainable long-term growth.

The Group maintains a robust Enterprise Risk Management ("ERM") framework that systematically identifies, assesses, and manages risks across all its business segments. This framework is embedded within the Group's strategic planning and decision-making processes, enabling the Group to balance risk and return, optimise opportunities within defined risk appetite levels, and respond proactively to an increasingly complex and uncertain operating environment.

## Risk Governance

The Group's ERM framework operates within a robust governance structure that ensures clear accountability, effective oversight, and independent assurance.

- Board of Directors: Provides overall oversight, approves risk appetite, and ensures alignment with strategic objectives.
- Audit & Risk Management Committee (ARMC): Reviews key risk exposures, monitors adherence to risk appetite, and oversees ERM effectiveness.
- Senior Management: Executes strategy, maintains risk management and internal control systems, and embeds risk ownership within business units.
- Risk Management and Assurance Department (RMAD): Provides independent oversight, reports significant risk matters to ARMC, and supports risk awareness across the Group.
- Supporting this governance framework are internal controls, policies, and procedures, including the Code of Conduct and Whistleblowing Policy.

## The Three Lines of Defence



## Risk Culture

The Group promotes a strong risk-aware culture through accountability, ethical conduct, compliance, workplace safety, cybersecurity awareness, and proactive risk management practices. Training programs, whistleblowing channels, incident reporting, leadership engagement, and continuous communication initiatives support transparency, timely escalation, and continuous improvement of internal controls across all business segments.

## Risk Appetite

The Board establishes the Group's risk appetite to support the achievement of its strategic objectives while maintaining appropriate safeguards over people, assets, reputation, and stakeholder interests. Risk appetite is integrated into business planning, investment decisions, operational activities, and risk management processes across the Group.

The Group adopts a balanced approach to risk-taking and is prepared to accept measured levels of risk in pursuit of growth opportunities, business expansion, digital transformation, and operational improvements, provided that such risks are appropriately assessed, managed, and monitored.

The Group maintains a low tolerance for risks that may result in significant harm to employee or customer safety, breaches of laws and regulations, fraud and unethical conduct, cybersecurity incidents, material financial losses, or damage to the Group's reputation and brand. Risk appetite is supported through established governance processes and policies, internal controls, delegated authorities, and ongoing monitoring by Management, the ARMC, and the Board. Key risk exposures and emerging risks are regularly reviewed to ensure that risk levels remain within acceptable limits and aligned with the Group's strategic objectives.

## Key Risk Categories

| Key Risks | Key Mitigation Actions |
|---|---|
| **Strategic Risks** | |
| **Macro**<br>Ongoing uncertainties in the economic, business and regulatory environment in Myanmar, along with the global geopolitical situation may disrupt operations, supply chains, project delivery, workforce availability, and customer demand, resulting in financial and operational impacts. | We manage this risk by:<br>• Strengthen enterprise-wide business continuity and crisis management frameworks across all business segments.<br>• Enhance macro risk monitoring with defined escalation triggers.<br>• Diversify supply chains, logistics routes, and sourcing strategies to improve resilience.<br>• Maintain active engagement with government ministries, regulators, and industry associations.<br>• Develop segment-specific contingency plans covering workforce safety, operational continuity, liquidity, and customer service.<br>• Conduct periodic scenario planning and stress testing for operational disruptions. |
| **Operational Risks** | |
| **Employee Safety**<br>Natural disasters, workplace incidents, fire hazards, equipment failures, and certain operating conditions may result in injury or loss of life, asset damage, operational disruption, regulatory non-compliance, financial losses, and reputational harm. | We manage this risk by:<br>• Incident reporting, investigation, corrective action, safety training, awareness programs, and emergency preparedness exercises are maintained to strengthen safety culture, enhance workforce readiness, and support continuous improvement in operational resilience and risk management effectiveness across all business segments.<br>• Regulatory compliance reviews, scheduled safety inspections, and ongoing risk monitoring activities are performed to ensure adherence to applicable standards and requirements.<br>• Preventive maintenance programs, monitoring systems, emergency rescue procedures and infrastructure inspections are implemented to enhance operational reliability and safeguard critical facilities and assets, particularly within Yoma Land. |

| Key Risks | Key Mitigation Actions |
|---|---|
| **Operational Risks** | |
| **Recruitment, Selection and Retention**<br>Labour shortages, employee turnover, talent migration, and workforce disruptions may affect the Group's ability to attract and retain skilled employees, resulting in reduced productivity, project delays, increased costs, and operational challenges. | We manage this risk by:<br>• Workforce planning, succession management, talent development, and multi-skilling initiatives are implemented to mitigate labour disruptions and enhance workforce resilience across all business segments.<br>• Cross-training, career development programs, employee engagement initiatives, and retention measures are maintained to improve workforce stability and reduce employee turnover.<br>• Diverse recruitment channels, strategic talent sourcing, and proactive hiring initiatives are utilised to attract qualified candidates and address critical skill gaps across all business segments. |
| **Compliance Risks** | |
| **Corrupt Practices and Fraud**<br>Fraud, unethical conduct, misappropriation of assets, weak financial controls, or falsification of records may result in financial losses, regulatory breaches, legal liabilities, and reputational damage. | We manage this risk by:<br>• Segregation of duties, approval controls, and management oversight processes are maintained to strengthen accountability and reduce fraud risks.<br>• Regular training and communication on the Group's Code of Conduct and Conflict of Interest Policy and Whistleblowing Policy.<br>• Digital payment solutions, transaction monitoring mechanisms, and cash management controls are implemented to enhance transparency and minimise cash handling risks.<br>• Dual authorisation requirements, invoice verification, reconciliation procedures, supporting documentation reviews, and contract verification controls are enforced to prevent misappropriation of funds and unauthorised claims.<br>• Regular internal audits focusing on areas with greater inherent risks combined with adequate internal controls commensurate with each business segment's operations. |
| **Financial Risks** | |
| **Market Exposures**<br>Fluctuations in foreign exchange rates, inflation, interest rates, and broader economic conditions may increase operating costs, reduce profitability, impact funding and investment activities, and affect the Group's financial performance. | We manage this risk by:<br>• Economic conditions, inflation trends, interest rates, and foreign exchange exposures are closely monitored to support timely business decisions and effective risk management.<br>• Pricing and cost management strategies, including periodic pricing reviews, product mix optimisation, supplier negotiations and foreign exchange monitoring, are implemented to mitigate the impact of inflationary pressures and currency exposure on operations and profitability.<br>• Treasury oversight, natural hedging strategies, funding optimisation, and payment planning are maintained to manage market risks, preserve financial stability, and support business continuity. |

| Key Risks | Key Mitigation Actions |
|---|---|
| **IT Risks** | |
| **System Reliability & Continuity**<br>Dependence on critical technology platforms, network infrastructure, and third-party systems may result in service disruptions, transaction failures, operational delays, data loss, cybersecurity incidents, and reduced customer confidence if systems become unavailable or fail to perform as expected. | We manage this risk by:<br>• System performance, transaction thresholds, and operational capacity are continuously monitored to maintain service stability and support critical platform operations.<br>• Data backups and transaction recovery procedures are maintained to safeguard transactional integrity.<br>• Application controls, system enhancements, cybersecurity measures, network resilience, and business continuity arrangements are maintained to ensure accurate transaction processing, protect critical systems and data, and support operational availability.<br>• Backup connectivity solutions, system monitoring processes, technology diversification and alternative platform arrangements, and third-party dependency management practices are implemented to minimise operational disruptions and risks across the Group. |
| **Cyber Security**<br>Emerging technologies and behaviours may expose the Group to system disruptions, cybersecurity threats, data breaches, regulatory non-compliance, and operational downtime, potentially affecting business performance and customer confidence. | We manage this risk by:<br>• Cybersecurity controls, security awareness programs, technology maintenance practices, and incident response processes are implemented to strengthen resilience against evolving cyber threats and safeguard critical systems and data across all the Group.<br>• Access management controls, segregation of duties, user activity monitoring, security governance frameworks, cloud protection measures, and emerging technology risk management practices are maintained to address cybersecurity, data protection, and AI-related risks across the Group. |

## How We Evaluate Emerging Risks

The Group continuously monitors emerging trends and external developments that may affect its long-term strategy, operations, and resilience. Emerging risks are assessed through environmental scanning, management discussions, stakeholder engagement, and periodic risk reviews. Risks identified as having the potential to significantly impact the Group's objectives are monitored and incorporated into strategic planning and risk management processes.

The emerging risks identified are:

| | |
|---|---|
| **AI Risk**<br>The rapid adoption of AI may create risks relating to data privacy, cybersecurity, intellectual property, misinformation, regulatory compliance, and inappropriate use of sensitive information. Failure to establish adequate governance may result in operational, financial, and reputational impacts. | **We manage this risk by**<br>• AI usage policies, governance frameworks, and guidelines are established to support the responsible and ethical use of AI technologies across the Group.<br>• Technical controls, including Data Loss Prevention, web filtering, Cloud Access Security Broker solutions, and monitoring mechanisms, are implemented to manage AI-related technology risks and safeguard sensitive information.<br>• Employee awareness initiatives, training programs, and communication activities are conducted to promote the appropriate use of AI and strengthen understanding of associated risks and acceptable practices.<br>• Regulatory developments, cybersecurity threats, emerging technologies, and evolving AI-related risks are monitored to support timely risk assessment and response.<br>• AI-related risks are incorporated into cybersecurity, information security, and enterprise risk management processes to ensure ongoing oversight and governance across the Group. |
| **Climate Change & Extreme Weather Risk**<br>Climate change and the increasing frequency of extreme weather events may disrupt operations, damage assets, impact employee safety, interrupt supply chains, and increase operating costs. | **We manage this risk by**<br>• Climate-related risks, regulatory developments, and environmental trends are monitored to assess potential impacts on the Group's operations and business activities.<br>• Business continuity arrangements, emergency preparedness measures, and crisis response processes are maintained to support operational resilience during disruptive events.<br>• Asset resilience initiatives, infrastructure protection measures, and preventive maintenance programs are implemented to reduce vulnerability to climate-related impacts.<br>• Insurance coverage, recovery strategies, and contingency arrangements are regularly reviewed to support financial and operational recovery following adverse events.<br>• Climate-related considerations are incorporated into business planning, investment decisions, and risk management processes to support long-term resilience and sustainability objectives. |

## Monitoring & Reporting

The Group maintains continuous risk monitoring and reporting processes across all its business segments. Key risks, mitigating actions, control effectiveness, and emerging issues are regularly reviewed and reported to Management and the Board. Internal audits, operational reviews, incident escalation procedures, and governance reporting frameworks support timely decision-making, accountability, and proactive risk management.

# ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ် စီမံခန့်ခွဲခြင်း အနှစ်ချုပ်

## အနှစ်ချုပ်

ကုမ္ပဏီအုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် အမြဲတက်ကြွပြောင်းလဲနေသည့် လုပ်ငန်းပတ်ဝန်းကျင်အတွင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ် စီမံခန့်ခွဲခြင်းသည် ခံနိုင်ရည်စွမ်းအားကို မြှင့်တင်ထိန်းသိမ်းရန်၊ သက်ဆိုင်သူများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေရှည်တည်တံ့သော တိုးတက်မှုကို အားပေးပံ့ပိုးရန် မရှိမဖြစ် အရေးကြီးပါသည်။

ကုမ္ပဏီအုပ်စုသည် ၎င်း၏ စီးပွားရေးကဏ္ဍအားလုံးတွင် အန္တရာယ်များကို စနစ်တကျ ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်သည့် ခိုင်မာသော လုပ်ငန်းဆိုင်ရာဆုံးရှုံးနိုင်ချေအန္တရာယ်စီမံခန့်ခွဲမှု (ERM) မူဘောင်တစ်ရပ်ကို ထိန်းသိမ်းထားပါသည်။ ဤမူဘောင်သည် ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ခိုင်မာစွာထည့်သွင်းဖွဲ့စည်းထားပြီး၊ ကုမ္ပဏီအုပ်စုအား စွန့်စားမှုအန္တရာယ်နှင့် အကျိုးအမြတ်ကို ဟန်ချက်ညီစေရန်၊ သတ်မှတ်ထားသော အန္တရာယ်လက်ခံနိုင်စွမ်း (Risk Appetite) အတွင်း အခွင့်အလမ်းများကို အကောင်းဆုံး အသုံးချနိုင်ရန်နှင့် ပိုမိုရှုပ်ထွေး၍ မသေချာမှုများပြားလာသော လုပ်ငန်းပတ်ဝန်းကျင်အပေါ် ကြိုတင်ပြင်ဆင်ပြီး တုံ့ပြန်ဆောင်ရွက်နိုင်ရန် အထောက်အကူ ပြုလျက်ရှိပါသည်။

## ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ် စီမံအုပ်ချုပ်မှု

ကုမ္ပဏီအုပ်စု၏ ERM မူဘောင်သည် ရှင်းလင်းသော တာဝန်ခံမှု၊ ထိရောက်သော ကြီးကြပ်မှုနှင့် လွတ်လပ်သော အာမခံချက်တို့ဖြင့် ခိုင်မာသည့် အုပ်ချုပ်မှုဖွဲ့စည်းပုံတစ်ခုအောက်တွင် လည်ပတ်ဆောင်ရွက်ပါသည်။

- ဒါရိုက်တာဘုတ်အဖွဲ့ – အလုံးစုံသော ကြီးကြပ်မှုကို ဆောင်ရွက်ခြင်း၊ အန္တရာယ်ခံနိုင်ရည်ပမာဏကို အတည်ပြုခြင်းနှင့် မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် သေချာစေခြင်းတို့ကို ဆောင်ရွက်သည်။
- စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်များအတွက် စီမံခန့်ခွဲမှုကော်မတီ (ARMC) - အရေးကြီးသော အန္တရာယ်ထိတွေ့မှုများ (Key Risk Exposures) ကို ပြန်လည်သုံးသပ်ခြင်း ၊ သတ်မှတ်ထားသော အန္တရာယ်လက်ခံနိုင်စွမ်း (Risk Appetite) ကို လိုက်နာဆောင်ရွက်မှုရှိ/မရှိ စောင့်ကြည့်စစ်ဆေးခြင်း နှင့် ERM ၏ ထိရောက်မှုကို ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်သည်။
- အကြီးတန်းစီမံခန့်ခွဲမှုအဖွဲ့ - မဟာဗျူဟာများကို အကောင်အထည်ဖော်ခြင်း ၊ အန္တရာယ်စီမံခန့်ခွဲမှုများနှင့် အတွင်းပိုင်းထိန်းချုပ်မှုစနစ်များကို ထိန်းသိမ်းထားခြင်းနှင့် စီးပွားရေးလုပ်ငန်းအသီးသီးတွင် အန္တရာယ်ဆိုင်ရာ တာဝန်ယူမှု (Risk Ownership) ကို ထည့်သွင်းဖွဲ့စည်းပေးခြင်း စသည်တို့ကို ဆောင်ရွက်သည်။
- ဆုံးရှုံးနိုင်ချေရှိမှုအန္တရာယ်စီမံခန့်ခွဲမှု နှင့် အာမခံအဖွဲ့ (RMAD) - လွတ်လပ်သော ကြီးကြပ်မှုနှင့်သုံးသပ်မှုများ ဆောင်ရွက်ခြင်း၊ အရေးပါသော အန္တရာယ်ဆိုင်ရာကိစ္စရပ်များကို ARMC သို့ အစီရင်ခံတင်ပြခြင်းနှင့် ကုမ္ပဏီအုပ်စုတစ်ခုလုံးတွင် စွန့်စားမှုအန္တရာယ်သိရှိမှု (Risk Awareness) တိုးမြှင့်လာစေခြင်းတို့အား ပံ့ပိုးဆောင်ရွက်ပါသည်။

ဤစီမံအုပ်ချုပ်မှုမူဘောင်ကို အထောက်အကူပြုရန် အတွင်းပိုင်းထိန်းချုပ်မှုစနစ်များ၊ မူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ကျင့်သုံးထားပြီး၊ ၎င်းတို့တွင် ကျင့်ဝတ်စည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များ (Code of Conduct) နှင့် အသိပေးတိုင်ကြားမှုဆိုင်ရာ မူဝါဒ (Whistleblowing Policy) တို့လည်း ပါဝင်ပါသည်။

### The Three Lines of Defence



## ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်ဆိုင်ရာ ဓလေ့ထုံးတမ်းများ

ကုမ္ပဏီအုပ်စုသည် တာဝန်ခံမှု၊ ကျင့်ဝတ်နှင့်ညီညွတ်သော လုပ်ဆောင်မှု ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှု၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိအမြင် နှင့် အန္တရာယ်များကို ကြိုတင်ဖော်ထုတ်၍ စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်များကို အားပေးမြှင့်တင်ခြင်းအားဖြင့် စွန့်စားမှုအန္တရာယ်အပေါ် သတိပြုနားလည်မှုရှိသော အဖွဲ့အစည်းယဉ်ကျေးမှု (Risk-Aware Culture) ကို တည်ဆောက်ဖော်ဆောင်လျက်ရှိပါသည်။ ထို့အပြင် သင်တန်းအစီအစဉ်များ၊ အသိပေးတိုင်ကြားနိုင်သည့် လမ်းကြောင်းများ၊ ဖြစ်စဉ်/ မတော်တဆမှု အစီရင်ခံတင်ပြမှုစနစ်များ၊ ခေါင်းဆောင်မှုအဆင့်၏ ပါဝင်ပတ်သက် ဆောင်ရွက်မှု နှင့် စဉ်ဆက်မပြတ် ဆက်သွယ်အသိပေးမှု အစီအစဉ်များ မှတစ်ဆင့် လုပ်ငန်းကဏ္ဍ အားလုံးတွင် ပွင့်လင်းမြင်သာမှု ၊ အရေးကြီးကိစ္စရပ်များကို အချိန်မီ တင်ပြဆောင်ရွက်နိုင်မှု နှင့် အတွင်းပိုင်းထိန်းချုပ်မှုစနစ်များကို စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှု တို့ကို ပံ့ပိုးအားဖြည့်ပေးလျက်ရှိပါသည်။

## ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ် လက်ခံနိုင်စွမ်း

ဘုတ်အဖွဲ့သည် လူပုဂ္ဂိုလ်များ၊ ပိုင်ဆိုင်မှုများ၊ ဂုဏ်သတင်းနှင့် သက်ဆိုင်သူများ၏ အကျိုးစီးပွားများအပေါ် သင့်လျော်သော အကာအကွယ်များ ထိန်းသိမ်းထားရှိလျက်နှင့်ပင် မိမိတို့၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များ အောင်မြင်စေရေးကို ပံ့ပိုးကူညီရန်အတွက် ကုမ္ပဏီအုပ်စု၏ အန္တရာယ်လက်ခံနိုင်စွမ်း (risk appetite) ကို သတ်မှတ်ဆောင်ရွက်ပါသည်။ ထိုသို့ အန္တရာယ်လက်ခံနိုင်စွမ်းကို ကုမ္ပဏီအုပ်စုတစ်ခုလုံးရှိ စီးပွားရေးစီမံချက်ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာများနှင့် စွန့်စားမှုအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် အသုံးပြုလျက်ရှိပါသည်။

ကုမ္ပဏီအုပ်စုအနေဖြင့် အန္တရာယ်လက်ခံဆောင်ရွက်မှုအပေါ် မျှတသော ချဉ်းကပ်မှုကို ကျင့်သုံးလျက်ရှိပြီး တိုးတက်မှုအခွင့်အလမ်းများ၊ လုပ်ငန်းတိုးချဲ့မှုများ၊ ဒီဂျစ်တယ်အသွင် ကူးပြောင်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်မှုများကို ရရှိစေရန် ရည်ရွယ်၍ စွန့်စားမှုအန္တရာယ်အချို့ကို သင့်လျော်စွာ လက်ခံဆောင်ရွက်ရန်တွက်ချက်ပြင်ဆင် ထားရှိပါသည်။ အဆိုပါ အန္တရာယ်များကို စနစ်တကျ အကဲဖြတ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်ထိန်းချုပ်ခြင်းများ  ပြုလုပ်ပါသည်။

ကုမ္ပဏီအုပ်စုသည် ဝန်ထမ်းများနှင့် အသုံးပြုသူများ၏ ဘေးကင်းလုံခြုံရေးကို အကြီးအကျယ် ထိခိုက်စေနိုင်သည့် အန္တရာယ်များ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုများ၊ လိမ်လည်မှုများနှင့် ကျင့်ဝတ်မညီညွတ်သော လုပ်ရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဖြစ်စဉ်များ၊ သိသာထင်ရှားသော ဘဏ္ဍာရေးဆုံးရှုံးမှုများ သို့မဟုတ် ကုမ္ပဏီအုပ်စု၏ ဂုဏ်သိက္ခာနှင့် အမှတ်တံဆိပ်ကို ထိခိုက်ပျက်စီးစေနိုင်သည့် စွန့်စားမှုအန္တရာယ်များအပေါ် အနည်းငယ်သာ လက်ခံနိုင်သည့် သဘောထားကို ထားရှိပါသည်။

ကုမ္ပဏီအုပ်စု၏ စွန့်စားမှုအန္တရာယ်လက်ခံနိုင်စွမ်းကို သတ်မှတ်ထားသော စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များနှင့် မူဝါဒများ၊ အတွင်းပိုင်းထိန်းချုပ်မှုစနစ်များ၊ ထပ်ဆင့်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများနှင့် စီမံခန့်ခွဲမှုအဖွဲ့၊ ARMC နှင့် ဘုတ်အဖွဲ့တို့မှ အထောက်အပံ့ပြုထားပါသည်။ အဓိက အန္တရာယ်ထိတွေ့မှုများနှင့် ပေါ်ပေါက်လာသောအန္တရာယ်များကို ပုံမှန်ပြန်လည်သုံးသပ် စစ်ဆေးလျက်ရှိပြီး၊ အန္တရာယ်အဆင့်များသည် လက်ခံနိုင်သော ကန့်သတ်ဘောင်များအတွင်း ရှိနေစေရန်နှင့် အဖွဲ့အစည်း၏ မဟာဗျူဟာဆိုင်ရာ ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် သေချာစွာ စီမံဆောင်ရွက်လျက်ရှိပါသည်။

## အဓိကဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ

| အဓိကဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | အန္တရာယ်လျော့ပါးစေမည့်လုပ်ဆောင်ချက်များ |
|---|---|
| **မဟာဗျူဟာ အန္တရာယ်** | |
| **မက်ခရို (Macro)**<br><br>မြန်မာနိုင်ငံတွင် စီးပွားရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့် ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် မတည်ငြိမ်မှုများ ဆက်လက်တည်ရှိနေခြင်းနှင့် ကမ္ဘာ့ပထဝီနိုင်ငံရေး အခြေအနေတို့သည် စီးပွားရေးလုပ်ငန်းလည်ပတ်မှုများ၊ ဖြန့်ဖြူးမှုကွင်းဆက်များ၊ စီမံချက် အကောင်အထည်ဖော်မှု၊ လုပ်သားအရင်းအမြစ်ရရှိမှုနှင့် ဖောက်သည်ဝယ်လိုအား တို့အပေါ် အနှောင့်အယှက်ဖြစ်စေနိုင်ပြီး ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်ရေးတို့တွင် သက်ရောက်မှုများ ဖြစ်ပေါ်စေ နိုင်သည်။ | ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။<br>• စီးပွားရေးလုပ်ငန်းအားလုံးတွင် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးနှင့် အကျပ်အတည်း စီမံခန့်ခွဲရေးဆိုင်ရာ မူဘောင်များကို ခိုင်မာအားကောင်းစေခြင်း။<br>• ပိုမိုဆိုးဝါးပြင်းထန်စေနိုင်သည့် အချက်များကို သတိပြုလျက် မက်ခရို (Macro) အဆင့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စောင့်ကြည့်ခြင်းကို ပိုမိုကောင်းမွန်အောင်လုပ် ဆောင်ခြင်း။<br>• ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန်အတွက် ဖြန့်ဖြူးမှုကွင်းဆက်များ၊ ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းများနှင့် ကုန်ကြမ်းရယူသည့် မဟာဗျူဟာများကို စုံလင်အောင်ဆောင်ရွက်ခြင်း။<br>• အစိုးရဝန်ကြီးဌာနများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း။<br>• လုပ်ငန်းကဏ္ဍအလိုက် အရေးပေါ်အစီအစဉ်များကို ဝန်ထမ်းများ၏ လုံခြုံမှု၊ လုပ်ငန်းဆက်လက်လည်ပတ်နိုင်မှု၊ ငွေဖြစ်လွယ်မှုနှင့် ဖောက်သည်များကို ဝန်ဆောင်မှု ပေးနိုင်မှုများ ပါဝင်အောင် ရေးဆွဲထားခြင်း။<br>• လုပ်ငန်းလည်ပတ်မှုတွင် အနှောင့်အယှက်ဖြစ်နိုင်သော အခြေအနေများအတွက် အချိန်အခါအလိုက် အခြေအနေအမျိုးမျိုးကို ကြိုတင်တွက်ချက်စီမံခြင်းနှင့် အခက်အခဲကာလ ရင်ဆိုင်မှု စမ်းသပ်ခြင်းများ ပြုလုပ်ခြင်း။ |

| အဓိကဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | အန္တရာယ်လျော့ပါးစေမည့်လုပ်ဆောင်ချက်များ |
|---|---|
| **လုပ်ငန်းလည်ပတ်မှု အန္တရာယ်များ** | |
| **ဝန်ထမ်းများ၏ လုံခြုံမှု**<br>သဘာဝဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်အတွင်း မတော်တဆ ဖြစ်ရပ်များ၊ မီးဘေးအန္တရာယ်များ၊ စက်ပစ္စည်းချို့ယွင်းမှုများနှင့် အချို့သော လုပ်ငန်းဆောင်ရွက်မှု အခြေအနေများသည် ဒဏ်ရာရရှိခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခြင်း၊ လုပ်ငန်းလည်ပတ်မှု အနှောင့်အယှက် ဖြစ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိခြင်း၊ ငွေကြေးဆုံးရှုံးမှုများနှင့် ဂုဏ်သတင်းပျက်စီးခြင်းတို့ကို ဖြစ်ပေါ် စေနိုင်ပါသည်။ | ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။<br>• ဖြစ်ရပ်မှန်များ အစီရင်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ ဘေးကင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း၊ အသိပညာပေး အစီအစဉ်များနှင့် အရေးပေါ် အခြေအနေများအတွက် အသင့်ပြင်ဆင်မှုဆိုင်ရာ လေ့ကျင့်ခန်းများကို ဆောင်ရွက်ထားရှိပြီး ယင်းတို့သည် ဘေးကင်းလုံခြုံရေးယဉ်ကျေးမှုကို အားကောင်းစေခြင်း၊ လုပ်ငန်းခွင် ဝန်ထမ်းများ၏ အသင့်အနေအထားကို မြှင့်တင်ပေးခြင်းနှင့် လုပ်ငန်းကဏ္ဍ အားလုံးတွင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်ကို ထိရောက်စွာ စီမံခန့်ခွဲမှုတို့ကို စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် အထောက်အကူပြုခြင်း။<br>• သက်ဆိုင်ရာ စံနှုန်းများနှင့် လိုအပ်ချက်များကို ကိုက်ညီမှုရှိစေရန်အတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုက်နာမှု ဆန်းစစ်ခြင်းများ၊ သတ်မှတ်ချိန်ဇယားအတိုင်း ဘေးကင်းလုံခြုံရေး စစ်ဆေးခြင်းများနှင့် စဉ်ဆက်မပြတ် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များကို စောင့်ကြည့်ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။<br>• လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စိတ်ချယုံကြည်ရမှုကို မြှင့်တင်ရန်နှင့် အထူးသဖြင့် Yoma Land တွင် အဓိကကျသော စက်ရုံ/အဆောက်အအုံများနှင့် ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက် ရန်အတွက် ကြိုတင်ကာကွယ်ထိန်းသိမ်းမှု အစီအစဉ်များ၊ စောင့်ကြည့်စစ်ဆေးမှုစနစ်များ၊ အရေးပေါ်ကယ်ဆယ်ရေး လုပ်ထုံးလုပ်နည်းများနှင့် အခြေခံအဆောက်အအုံများ စစ်ဆေးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း။ |
| **ဝန်ထမ်းခေါ်ယူခြင်း၊ ရွေးချယ်ခြင်းနှင့် ဆက်လက်ထိန်းသိမ်း ထားရှိခြင်း**<br>လုပ်သားရှားပါးမှုများ၊ ဝန်ထမ်းများ အလုပ်မှထွက်ခွာမှု၊ အရည်အချင်းရှိသောသူများ အခြားနေရာသို့ ပြောင်းရွှေ့သွားမှုနှင့် လုပ်ငန်းခွင်အင်အားဆိုင်ရာ အနှောင့်အယှက်များသည် ကုမ္ပဏီအုပ်စု၏ ကျွမ်းကျင်ဝန်ထမ်းများကို ဆွဲဆောင်နိုင်ခြင်းနှင့် ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းတို့ကို သက်ရောက်မှုရှိနိုင်ပြီး ယင်းကြောင့် ကုန်ထုတ်စွမ်းအား ကျဆင်းခြင်း၊ စီမံကိန်းများ နှောင့်နှေးခြင်း၊ ကုန်ကျစရိတ်များ တိုးမြင့်လာခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများကို ဖြစ်ပေါ်စေနိုင်ပါသည်။ | ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။<br>• လုပ်သားအင်အားဆိုင်ရာ လျော့နည်းပြတ်တောက်မှု အနှောင့်အယှက်များကို လျှော့ချရန်နှင့် လုပ်ငန်းကဏ္ဍအားလုံးတွင် လုပ်ငန်းခွင်အင်အား၏ ခံနိုင်ရည်အားကို မြှင့်တင်ရန်အတွက် လုပ်သားအင်အား စီမံကိန်းရေးဆွဲခြင်း၊ ဆက်ခံမည့်သူများကို စီမံခန့်ခွဲခြင်း၊ စွမ်းရည်မြှင့်တင်မှုနှင့် ဘက်စုံကျွမ်းကျင်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိခြင်း။<br>• လုပ်ငန်းခွင်အင်အား၏ တည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် ဝန်ထမ်းများအလုပ်မှထွက်ခွာမှုကို လျှော့ချရန်အတွက် ဘက်စုံကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း၊ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၊ ဝန်ထမ်းများ ပါဝင်ဆောင်ရွက်မှုကိုအားပေးသည့် လုပ်ဆောင်ချက်များနှင့် ဝန်ထမ်းများအား ဆက်လက်ထိန်းသိမ်းထားရှိနိုင်မှုဆိုင်ရာ အစီအမံများကို ဆောင်ရွက်ထားရှိခြင်း။<br>• လုပ်ငန်းကဏ္ဍအားလုံးတွင် အရည်အချင်းပြည့်မီသော လျှောက်ထားသူများကို ဆွဲဆောင်ရန်နှင့် အရေးကြီးသော ကျွမ်းကျင်မှုကွာဟချက်များကို ဖြည့်ဆည်းရန်အတွက် မျိုးစုံသော ဝန်ထမ်းခေါ်ယူရေးလမ်းကြောင်းများ၊ ဗျူဟာမြောက် လူ့စွမ်းအားအရင်းအမြစ် ရှာဖွေခြင်းနှင့် ကြိုတင်ပြင်ဆင်ထားသော ခေါ်ယူမှုဆိုင်ရာ ဆောင်ရွက်ချက်များကို အသုံးပြုဆောင်ရွက် လျက်ရှိခြင်း။ |

<table>
<tr><th>အဓိကဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ</th><th>အန္တရာယ်လျော့ပါးစေမည့်လုပ်ဆောင်ချက်များ</th></tr>
<tr><td colspan="2">စည်းကမ်းလိုက်နာမှုဆိုင်ရာ အန္တရာယ်များ</td></tr>
<tr><td>အကျင့်ပျက်ခြစားမှုများနှင့် လိမ်လည်မှုများ<br>လိမ်လည်မှု၊ ကျင့်ဝတ်နှင့်မညီသော အပြုအမူ၊ ပစ္စည်းဥစ္စာများ အလွဲသုံးစားလုပ်မှု၊ အားနည်းသော ငွေကြေးဆိုင်ရာ ထိန်းချုပ်မှုများ သို့မဟုတ် မှတ်တမ်းများ အတုအပပြုလုပ်မှု တို့သည် ငွေကြေးဆုံးရှုံးမှုများ၊ စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုများ၊ တရားဥပဒေဆိုင်ရာ တာဝန်ခံမှုများနှင့် ဂုဏ်သတင်းပျက်စီးမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။</td><td>ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။<ul><li>တာဝန်ခံမှုကို အားကောင်းစေရန်နှင့် လိမ်လည်မှုဆိုင်ရာ ဘေးအန္တရာယ်များကို လျှော့ချရန်အတွက် တာဝန်များကို ခွဲခြားသတ်မှတ်ခြင်း၊ ခွင့်ပြုချက်ဆိုင်ရာ ထိန်းချုပ်မှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ထားရှိခြင်း။</li><li>ကုမ္ပဏီအုပ်စု၏ အကျင့်သိက္ခာဆိုင်ရာ စည်းမျဉ်းစည်းကမ်း (Code of Conduct)၊ အကျိုးစီးပွား ပဋိပက္ခဆိုင်ရာ မူဝါဒ (Conflict of Interest Policy) နှင့် အသိပေးတိုင်ကြားခြင်းမူဝါဒ (Whistleblowing Policy) တို့နှင့် ပတ်သက်၍ ပုံမှန်လေ့ကျင့်သင်ကြားခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းတို့ကို ဆောင်ရွက်ခြင်း။</li><li>ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်နှင့် ငွေသားကိုင်တွယ်မှုဆိုင်ရာ အန္တရာယ်များကို အနည်းဆုံးဖြစ်စေရန်အတွက် ဒီဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ ဖြေရှင်းနည်းများ၊ ငွေပေးငွေယူများကို စောင့်ကြည့်စစ်ဆေးသည့် စနစ်များနှင့် ငွေသားစီမံခန့်ခွဲမှုဆိုင်ရာ ထိန်းချုပ်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း။</li><li>ငွေကြေးအလွဲသုံးစားလုပ်မှုနှင့် ခွင့်ပြုချက်မရှိဘဲ တောင်းခံမှုများကို ကာကွယ်တားဆီးရန်အတွက် ခွင့်ပြုချက်နှစ်ခါယူရန် လိုအပ်ခြင်းများ၊ ပြေစာများ အတည်ပြုစစ်ဆေးခြင်း၊ ပြန်လည်ညှိနှိုင်းကိုက်ညီမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အထောက်အကူပြု စာရွက်စာတမ်းများ ပြန်လည်သုံးသပ်ခြင်းနှင့် စာချုပ်များ အတည်ပြု စစ်ဆေးခြင်းဆိုင်ရာ ထိန်းချုပ်မှုများကို အတည်ဖြစ်စေပြီး ဆောင်ရွက်လျက်ရှိခြင်း။</li><li>လုပ်ငန်းကဏ္ဍတစ်ခုစီ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများနှင့် ကိုက်ညီသည့် သင့်လျော်သော အတွင်းပိုင်းထိန်းချုပ်မှုများနှင့်အတူ ပင်ကို အန္တရာယ်များ ပိုမိုမြင့်မားသော နယ်ပယ်များကို အဓိကထားအာရုံစိုက်သည့် ပုံမှန်ကုမ္ပဏီအတွင်းစာရင်းစစ်ခြင်းများကို ဆောင်ရွက်ခြင်း။</li></ul></td></tr>
<tr><td colspan="2">ဘဏ္ဍာရေး အန္တရာယ်များ</td></tr>
<tr><td>ဈေးကွက်ဆိုင်ရာ ထိခိုက်နိုင်ခြေများ<br>နိုင်ငံခြားငွေလဲနှုန်းများ အတက်အကျဖြစ်မှုများ၊ ငွေကြေးဖောင်းပွမှု၊ အတိုးနှုန်းများနှင့် ကျယ်ပြန့်သော စီးပွားရေးအခြေအနေများသည် လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များကို တိုးမြင့်စေနိုင်ပြီး၊ အမြတ်အစွန်းကို လျော့ကျစေနိုင်ကာ၊ ရန်ပုံငွေရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကို သက်ရောက်မှုရှိနိုင်ပြီး ကုမ္ပဏီအုပ်စု၏ ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်ကိုလည်း ထိခိုက်စေနိုင်ပါသည်။</td><td>ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။<ul><li>စီးပွားရေးအခြေအနေများ၊ ငွေကြေးဖောင်းပွမှုအခြေအနေများ၊ အတိုးနှုန်းများနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ထိခိုက်နိုင်ခြေများကို သေချာစွာ စောင့်ကြည့်လေ့လာထားပြီး၊ သင့်လျော်သော စီးပွားရေးဆုံးဖြတ်ချက်များ အချိန်မှီချမှတ်နိုင်ရန်နှင့် ထိရောက်သော အန္တရာယ်စီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိခြင်း။</li><li>လုပ်ငန်းဆောင်ရွက်မှုများနှင့် အမြတ်အစွန်းအပေါ် ငွေကြေးဖောင်းပွမှုဖိအားများနှင့် ငွေလဲလှယ်နှုန်းဆိုင်ရာ ထိခိုက်မှုများ၏ သက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက် အချိန်အခါအလိုက် ဈေးနှုန်းပြန်လည်သုံးသပ်ခြင်း၊ ထုတ်ကုန်အရောအနှော ပိုမိုကောင်းမွန် အောင်ပြုလုပ်ခြင်း၊ ပေးသွင်းသူများနှင့် ညှိနှိုင်းခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း စောင့်ကြည့်ခြင်းတို့ အပါအဝင် ဈေးနှုန်းသတ်မှတ်ခြင်းနှင့် ကုန်ကျစရိတ်စီမံခန့်ခွဲမှု နည်းဗျူဟာများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း။</li><li>ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှု၊ သဘာဝအတိုင်း အန္တရာယ်ကာကွယ်ခြင်းနည်းဗျူဟာများ၊ ရန်ပုံငွေရှာဖွေမှု အကောင်းဆုံးဖြစ်အောင်ပြုလုပ်ခြင်းနှင့် ငွေပေးချေမှုအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိပြီး ဈေးကွက်ဆိုင်ရာ အန္တရာယ်များကို စီမံခန့်ခွဲရန်၊ ဘဏ္ဍာရေးတည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးကို အထောက်အကူပြုလျက်ရှိခြင်း။</li></ul></td></tr>
</table>

| အဓိကဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | အန္တရာယ်လျော့ပါးစေမည့်လုပ်ဆောင်ချက်များ |
|---|---|
| **သတင်းအချက်အလက်နည်းပညာ အန္တရာယ်များ** | |
| **စနစ်ယုံကြည်စိတ်ချရမှုနှင့် ဆက်လက်လည်ပတ်နိုင်မှု**<br>အဓိကကျသော နည်းပညာပလက်ဖောင်းများ၊ ကွန်ရက်အခြေခံ အဆောက်အအုံနှင့် ပြင်ပစနစ်များအပေါ် မှီခိုနေရခြင်းသည် စနစ်များ အသုံးပြု၍မရသော အခြေအနေ သို့မဟုတ် မျှော်မှန်းထားသည့်အတိုင်း လုပ်ဆောင်နိုင်ခြင်း မရှိသည့်အခါတွင် ဝန်ဆောင်မှုပြတ်တောက်ခြင်း၊ ငွေပေးချေမှု ဆိုင်ရာများ မအောင်မြင်ခြင်း၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နှောင့်နှေးမှုများ၊ အချက်အလက် ဆုံးရှုံးခြင်း၊ ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ ဖြစ်ရပ်များနှင့် ဖောက်သည်များ၏ ယုံကြည်မှု ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ | ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။<br>• စနစ်၏ စွမ်းဆောင်ရည်၊ ငွေပေးချေမှုဆိုင်ရာ အရောင်းအဝယ်ကန့်သတ်ချက်များနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စွမ်းဆောင်နိုင်မှုတို့ကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာပြီး ဝန်ဆောင်မှုတည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် အဓိကပလက်ဖောင်းများ၏ လည်ပတ် ဆောင်ရွက်မှုကို အထောက်အကူပြုရန် ဆောင်ရွက်လျက်ရှိခြင်း။<br>• အချက်အလက် အရန်သိမ်းဆည်းခြင်းနှင့် အရောင်းအဝယ်ဆိုင်ရာ ပြန်လည်ထိန်းသိမ်းရယူခြင်း လုပ်ထုံးလုပ်နည်းများကို အရောင်းအဝယ်ဆိုင်ရာ ခိုင်မာမှုကို ကာကွယ်ရန် ဆောင်ရွက် ထားရှိခြင်း။<br>• အပလီကေးရှင်းဆိုင်ရာ ထိန်းချုပ်မှုများ၊ စနစ်မြှင့်တင်မှုများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကာအကွယ်များ၊ ကွန်ရက်ခံနိုင်ရည်ရှိမှုနှင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးဆိုင်ရာ အစီအစဉ်များကို တိကျမှန်ကန်သော အရောင်းအဝယ်ဆောင်ရွက်မှုများ ရှိစေရန်၊ အရေးကြီးသော စနစ်များနှင့် ဒေတာများကို ကာကွယ်ရန်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရရှိနိုင်မှုကို ပံ့ပိုးရန်အတွက် ဆောင်ရွက်ထားရှိခြင်း။<br>• အရန်ချိတ်ဆက်မှုဆိုင်ရာ ဖြေရှင်းနည်းများ၊ စနစ်စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ နည်းပညာမျိုးစုံအသုံးပြုခြင်းနှင့် အခြားရွေးချယ်စရာ ပလက်ဖောင်းအစီအစဉ်များ၊ နှင့် ပြင်ပကုမ္ပဏီများအပေါ် မှီခိုမှုဆိုင်ရာ စီမံခန့်ခွဲမှု ကျင့်သုံးနည်းလမ်းများကို ကုမ္ပဏီအုပ်စုအတွင်း လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အနှောင့်အယှက်များနှင့် အန္တရာယ်များကို အနည်းဆုံးဖြစ်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း။ |
| **ဆိုက်ဘာလုံခြုံရေး**<br>ပေါ်ပေါက်လာသော နည်းပညာများနှင့် အပြုအမူပုံစံအသစ် များသည် ကုမ္ပဏီအုပ်စုအား စနစ်ချို့ယွင်းမှုများ၊ ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ အချက်အလက် ဖောက်ဖျက်ခံရမှုများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီ မှုများနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရပ်ဆိုင်းချိန်များကို ဖြစ်ပေါ်စေနိုင်ပြီး၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ဖောက်သည် ယုံကြည်မှုကိုပါ ထိခိုက်နိုင်ပါသည်။ | ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။<br>• ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ထိန်းချုပ်မှုများ၊ လုံခြုံရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များ၊ နည်းပညာထိန်းသိမ်းဆောင်ရွက်မှုဆိုင်ရာ ကျင့်သုံးနည်းများနှင့် ဖြစ်ရပ်များအား တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ပြောင်းလဲတိုးတက်လာသော ဆိုက်ဘာခြိမ်းခြောက်မှုများကို ခံနိုင်ရည်ရှိစေရန်နှင့် ကုမ္ပဏီအုပ်စုတစ်ခုလုံးရှိ အရေးကြီးသော စနစ်များနှင့် အချက်အလက်များကို ကာကွယ်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း။<br>• ဝင်ရောက်အသုံးပြုမှု စီမံခန့်ခွဲခြင်းဆိုင်ရာ ထိန်းချုပ်မှုများ၊ တာဝန်များခွဲခြားသတ်မှတ်ခြင်း၊ အသုံးပြုသူ၏ လုပ်ဆောင်မှုများကို စောင့်ကြည့်လေ့လာခြင်း၊ လုံခြုံရေးဆိုင်ရာ အုပ်ချုပ်မှုဘောင်များ၊ cloud အကာအကွယ်အစီအစဉ်များနှင့် ပေါ်ပေါက်လာသော နည်းပညာဆိုင်ရာ အန္တရာယ်စီမံခန့်ခွဲရေး ကျင့်သုံးနည်းများကို ကုမ္ပဏီအုပ်စုတစ်ခုလုံးအတွင်း ဆိုက်ဘာလုံခြုံရေး၊ ဒေတာကာကွယ်ရေးနှင့် AI နှင့်ပတ်သက်သော အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဆောင်ရွက်ထားရှိခြင်း။ |

## ပေါ်ပေါက်လာသော စွန့်စားမှုအန္တရာယ်များအား အကဲဖြတ်ပုံ

ကုမ္ပဏီအုပ်စုသည် ၎င်း၏ ရေရှည်မဟာဗျူဟာ၊ လုပ်ငန်းဆောင်ရွက်မှုများ နှင့် ခံနိုင်ရည်စွမ်းအား အပေါ် သက်ရောက်မှုရှိနိုင်သည့် ပေါ်ပေါက်လာသော လမ်းကြောင်းအလားအလာများနှင့် ပြင်ပပြောင်းလဲတိုးတက်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိပါသည်။ ပေါ်ပေါက်လာသော အန္တရာယ်များကို ပတ်ဝန်းကျင်အခြေအနေများကို လေ့လာသုံးသပ်ခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့၏ ဆွေးနွေးသုံးသပ်မှုများ၊ အကျိုးစီးပွားသက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံဆွေးနွေးမှုများနှင့် အချိန်ကာလအလိုက် ပြုလုပ်သည့် အန္တရာယ်သုံးသပ်စစ်ဆေးမှုများ မှတစ်ဆင့် အကဲဖြတ်သုံးသပ်ပါသည်။ ကုမ္ပဏီအုပ်စု၏ ရည်မှန်းချက်များအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်များဟု သတ်မှတ်ဖော်ထုတ်ထားသော အန္တရာယ်များကို စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းသိမ်းလျက်ရှိပြီး၊ ၎င်းတို့အား မဟာဗျူဟာရေးဆွဲခြင်းနှင့် အန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ အတွင်း ထည့်သွင်းစဉ်းစား၍ စီမံဆောင်ရွက်လျက်ရှိပါသည်။

ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များတွင် အောက်ဖော်ပြပါ အန္တရာယ်များ ပါဝင်ပါသည်။

**AI ဆိုင်ရာအန္တရာယ်**

ဉာဏ်ရည်တုနည်းပညာ(AI) ကို လျင်မြန်စွာ လက်ခံကျင့်သုံးလာမှုသည် အချက်အလက်လုံခြုံရေး၊ ဆိုက်ဘာ လုံခြုံရေး၊ ပစ္စည်းမူပိုင်ခွင့်၊ သတင်းမှားပျံ့နှံ့မှု၊ စည်းမျဉ်းစည်းကမ်း လိုက်နာမှုနှင့် အရေးကြီး သော အချက်အလက်များကို မသင့်လျော်စွာ အသုံးပြုခြင်းတို့နှင့် သက်ဆိုင်သော အန္တရာယ် များ ပေါ်ပေါက်လာနိုင်ပါသည်။ စီမံအုပ်ချုပ်မှုနှင့် ထိန်းချုပ်မှုစနစ်များကို မတည်ဆောက်နိုင်ပါက လုပ်ငန်းဆောင်ရွက်မှုများ၊ ဘဏ္ဍာရေး အခြေ အနေနှင့် ဂုဏ်သိက္ခာအပေါ် ထိခိုက်ရောက် မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။

- ကုမ္ပဏီအုပ်စုတစ်ခုလုံးတွင် AI နည်းပညာများကို တာဝန်ယူမှုရှိရှိနှင့် ကျင့်ဝတ်အရ အသုံးပြုနိုင်ရန် အထောက်အကူဖြစ်စေသည့် AI အသုံးပြုမှုဆိုင်ရာ မူဝါဒများ၊ အုပ်ချုပ်မှုမူဘောင်များနှင့်လမ်းညွှန်ချက်များကို ပြဋ္ဌာန်းဆောင်ရွက်ထားရှိခြင်း။
- ဒေတာဆုံးရှုံးမှုကာကွယ်ရေး၊ web စစ်ထုတ်ခြင်း၊ Cloud Access Security Broker (CASB) ဖြေရှင်းချက်များနှင့် စောင့်ကြည့်ကြပ်မတ်ရေးများ အပါအဝင် နည်းပညာဆိုင်ရာ ထိန်းချုပ်မှုများကို AI နှင့်ဆက်စပ်သော နည်းပညာ ဆိုင်ရာ အန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် အထိခိုက်မခံသော အရေးကြီး အချက်အလက်များကို ကာကွယ်ရန်အတွက် အကောင်အထည် ဖော်ဆောင်ရွက်ထားရှိခြင်း။
- ဝန်ထမ်းများအကြား AI ကို သင့်လျော်စွာ အသုံးပြုနိုင်ရေးနှင့် AI ဆိုင်ရာ အန္တရာယ်များနှင့် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအပေါ် နားလည် သဘောပေါက်မှုတိုးမြှင့်စေရန် အသိပညာပေး အစီအစဉ်များ၊ လေ့ကျင့် သင်ကြားရေးအစီအစဉ်များနှင့် ဆက်သွယ်အသိပေးရေး လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိခြင်း။
- စည်းမျဉ်းစည်းကမ်းဆိုင်ရာ တိုးတက်မှုများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ပေါ်ပေါက် လာသော နည်းပညာအသစ်များနှင့် AI နှင့် ဆက်စပ်၍ ပြောင်းလဲလာသော အန္တရာယ်များကို အချိန်နှင့်တပြေးညီ အန္တရာယ် အကဲဖြတ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုကို အထောက် အကူဖြစ်စေရန်အတွက် စောင့်ကြည့်ဆောင်ရွက်ခြင်း။
- AI ဆိုင်ရာ အန္တရာယ်များကို ဆိုက်ဘာလုံခြုံရေး ၊သတင်းအချက်အလက် လုံခြုံရေးနှင့် လုပ်ငန်းအဆင့် အန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအတွင်း ထည့်သွင်း ပေါင်းစပ်ထားပြီး၊ ကုမ္ပဏီအုပ်စုတစ်ဝန်းတွင် စဉ်ဆက်မပြတ် ကြီးကြပ်မှုနှင့် စီမံအုပ်ချုပ်မှု ရှိစေရန် ဆောင်ရွက်လျက်ရှိခြင်း။

**ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်ဆိုင်ရာ အန္တရာယ်**

ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များ မကြာခဏ ဖြစ်ပေါ် လာမှုသည် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု များကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ပိုင်ဆိုင်မှုများကို ပျက်စီးစေခြင်း၊ ဝန်ထမ်းများ၏ ဘေးကင်း လုံခြုံရေးကို သက်ရောက်မှုရှိစေခြင်း၊ ဖြန့်ဖြူးမှုကွင်းဆက်များကို ပြတ်တောက်စေ ခြင်းနှင့် လုပ်ငန်းလည်ပတ်စရိတ်များ တိုးမြင့် လာစေခြင်း တို့ကို ဖြစ်ပေါ်စေ နိုင်ပါသည်။

ကျွန်ုပ်တို့သည် အဆိုပါ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်။

- ရာသီဥတုနှင့်ဆက်စပ်သော အန္တရာယ်များ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုများ နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လမ်းကြောင်းပြောင်းလဲမှုများကို ကုမ္ပဏီအုပ်စု၏ လည်ပတ်ဆောင်ရွက်မှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများကို အကဲဖြတ် သုံးသပ်လျက်ရှိခြင်း။
- အနှောင့်အယှက်ဖြစ်စေသော အဖြစ်အပျက်များအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ ခံနိုင်ရည်ရှိမှုကို အထောက်အကူပြုရန်အတွက် စီးပွားရေးစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှု အစီအစဉ်များ၊ အရေးပေါ် အသင့်ပြင်ဆင်မှု အစီအမံများနှင့် အကျပ်အတည်းတုံ့ပြန် ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်း။
- ပိုင်ဆိုင်မှုများ၏ ခံနိုင်ရည်စွမ်းအားမြှင့်တင်ရေး အစီအစဉ်များ၊ အခြေခံအဆောက်အအုံများကို ကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များ နှင့် ကြိုတင်ထိန်းသိမ်း ပြုပြင်ရေး အစီအစဉ်များ ကို အကောင်အထည်ဖော်၍ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအပေါ် ထိခိုက်မှုများကိုလျှော့ချလျက်ရှိခြင်း။
- ဆိုးရွားသော အဖြစ်အပျက်များအပြီးတွင် ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ ပြန်လည်ထူထောင်နိုင်မှု ကို အထောက်အကူပြုရန်အတွက် အာမခံအကာအကွယ် ခံယူမှု ၊ ပြန်လည်ထူထောင်ရေးမဟာဗျူဟာများနှင့် အရေးပေါ် ကြိုတင်ပြင်ဆင်မှုအစီအစဉ်များကို ပုံမှန် ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်း။
- ရေရှည်ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ ရည်မှန်းချက်များကို အထောက်အကူပြုရန်အတွက် ရာသီဥတုနှင့် သက်ဆိုင်သော စဉ်းစားသုံးသပ်ချက်များ ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် အန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ထည့်သွင်း ဖွဲ့စည်းဆောင်ရွက်ခြင်း။

## စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း

ကုမ္ပဏီအုပ်စုသည် ၎င်း၏ စီးပွားရေးကဏ္ဍအားလုံးတွင် စဉ်ဆက်မပြတ် စွန့်စားမှုအန္တရာယ်စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းလုပ်ငန်းစဉ်များကို ထိန်းသိမ်းဆောင်ရွက်ပါသည်။အဓိကအန္တရာယ်များ၊ အန္တရာယ်လျှော့ချရေး ဆောင်ရွက်ချက်များ၊ ထိန်းချုပ်မှုစနစ်များ၏ ထိရောက်မှုနှင့် ပေါ်ပေါက်လာသော ကိစ္စရပ်များကို ပုံမှန်ပြန်လည်သုံးသပ်လျက်ရှိပြီး၊ စီမံခန့်ခွဲမှုအဖွဲ့ နှင့် ဘုတ်အဖွဲ့ထံ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြလျက်ရှိပါသည်။ အတွင်းပိုင်းစာရင်းစစ်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ ပြန်လည် သုံးသပ်ခြင်း၊ ဖြစ်ရပ်မှန်အဆင့်မြှင့်တင်တင်ပြခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ အစီရင်ခံတင်ပြခြင်းမူဘောင်များသည် အချိန်နှင့်တပြေးညီ ဆုံးဖြတ်ချက်ချနိုင်မှု၊ တာဝန်ခံမှုနှင့် ကြိုတင်ကာကွယ်သည့် အန္တရာယ်စီမံခန့်ခွဲမှုတို့ကို အထောက်အကူပြုဆောင်ရွက်ပေးပါသည်။

# OUR SUSTAINABILITY SUMMARY

## Our Commitment

At First Myanmar Investment Public Company Limited (FMI), sustainability is the strategic engine driving our mission to Build a Better Myanmar for its People. We recognize that our long-term resilience is inseparably linked to the health of the society we serve and the integrity of the environment we operate in.

Our Sustainability and Responsibility (S&R) strategy is integral to our business model. We deliver innovative solutions that empower our customers, partners, and employees to navigate an evolving global landscape. By embedding Environmental, Social, and Governance (ESG) excellence into our core operations, we do more than mitigate risk, we unlock sustainable competitive advantages and create enduring value for all stakeholders. Our mandate is clear: we are moving beyond "responsibility" toward Resilience.

## Our Focus

We execute our ESG strategy through three core pillars, specifically tailored to the operational impact of our flagship entities:

### 1. People: Elevating Social Infrastructure

We invest in the human capital of Myanmar by providing essential services that empower lives and build community stability.

- **Financial Inclusion (Yoma Bank):** We act as an engine for inclusive economic growth. By supporting SMEs and expanding digital banking access to the unbanked, we foster financial stability for thousands of families across the nation.
- **Healthcare Access (Pun Hlaing Hospitals and clinics):** We prioritize patient safety and clinical excellence. By expanding our reach through digital health platforms and community care, we treat quality healthcare as a fundamental right, not a luxury.
- **Workforce Development:** We maintain a safe, inclusive, and high-performance environment. We ensure our employees are equipped with the technical skills and ethical grounding to lead Myanmar's future industries.

### 2. Planet: Resource Efficiency & Climate Resilience

Applying rigorous environmental engineering principles, we aim to minimize our operational footprint and safeguard Myanmar's natural assets.

- **Sustainable Operations:** We are implementing resource-efficient systems across our businesses, hospitals, and offices. Our focus is on the sophisticated management of medical waste, achieving decarbonization through the integration of renewable energy, and the systemic reduction of energy intensity across all facilities.
- **Green Finance:** Through Yoma Bank, we are developing pathways to support environmentally conscious businesses and promote "green" lending practices that incentivize low-carbon growth.
